KBZ Pay

# ကြံမြောစတိုင်း

မှန်ကန်ပြည့်စုံသော ကိုယ်စားပြုအဖြစ် ထုတ်ဝေသည်။

သတင်းဂျာနယ်

VOLUME.5, ISSUE.34

THURSDAY, AUGUST 29, 2019

KBZI



## နမ့်စန်မြို့နယ်၊ နားပွဲဌာနေ ပြည်သူ့စစ်နယ်မြေအတွင်းမှ

## မူးယစ်ဆေးချက်စခန်း ၁၅ ခုနှင့် လက်နက်ခဲယမ်းများ ပိုင်ရှင်မဲ့ ဖမ်းမိ

အဆိုပါ အသွင်ပြောင်း ဌာနေ ပြည်သူ့စစ် (နားပွဲ)အဖွဲ့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် အင်အား ၃၀၀ ဦးခန့်ဖြင့် တရားဝင် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပြီး၊ ယင်းအဖွဲ့သည် ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့မှ ခွဲထွက်၍ လက်နက်နှင့် ငြိမ်းချမ်းရေး ရယူကာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမျက်နှာ (၅) သို့ ➢ ➢ ➢

## ငြိမ်းချမ်းရေး တေးသံ ပျံ့လွင့်စေချင်

အမျက်နှာ (၂၆) သို့ ➢ ➢ ➢

## ကျိုင်းတုံမြို့ ယန်းခမ်းအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ ဆက်သွယ်ရေး ဖုန်းတိုင်ကြောင့် လျှပ်စစ်အန္တရာယ် စိုးရိမ်နေရ

အမျက်နှာ (၇) သို့ ➢ ➢ ➢

## ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်ဘေးရှောင် ၂၅၀၀ နီးပါး ရှိနေ

အမျက်နှာ (၃၀) သို့ ➢ ➢ ➢



❑ လေးလောင်းပြိုင် လူသတ်မှုကြောင့် သေဆုံးခဲ့ရသူများ၏ ရုပ်အလောင်းများအား ဧပြီလ ၃၀ ရက်၊ နေ့လယ်က တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်စဉ်

## မြင်းဖြူနှစ်ကောင်ဆေးတိုက်မှ လေးလောင်းပြိုင် လူသတ်မှုနှင့် ပတ်သက်၍

# တရားခံ မျက်ကွယ်တွင် စစ်ဆေးနေ

အမျက်နှာ (၃) သို့ ➢ ➢ ➢



VOLUME.5, ISSUE. 34 THURSDAY, AUGUST 29, 2019
ကမ္ဘောဇတိုင်း

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ အခမဲ့ ခွဲစိတ်ကုသပေးနေ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် Smile Asia Medical Alliance တို့ ပူးပေါင်း၍ ၇ ကြိမ်မြောက်အဖြစ် မြန်မာနိုင်ငံအတွင်းမှ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ် ၁၄၃ ဦးကို ဩဂုတ်လ ၂၄ ရက်မှ စတင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာနှင့် မေးရိုးဌာနတွင် အခမဲ့ ခွဲစိတ် ကုသပေးနေကြောင်း သိရသည်။



ကမ္ဘောဇအုပ်စုနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ မွေးရာပါ နှုတ်ခမ်းကွဲအာခေါင်ကွဲ ကလေးငယ် အယောက် ၅၀၀ ကျော်ကို ရန်ကုန်နှင့် တောင်ကြီးမြို့တို့တွင် အောင်မြင်စွာ အခမဲ့ ခွဲစိတ် ကုသပေးခဲ့သည်မှာ ၆ ကြိမ်ထိ ရှိခဲ့ပြီး ယခု ၇ ကြိမ်မြောက် ဆောင်ရွက်နေသည့် ခွဲစိတ်ကုသမှုကို ဩဂုတ်လ ၃၁ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကာ လူနာများ ခွဲစိတ်ကုသမှု ခံယူနေစဉ် လူနာများ၏ စာရင်းများ ကောက်ယူခြင်း၊ လူနာနှင့် မိသားစုအတွက် အသွားအပြန် ခရီးစရိတ်များ ပံ့ပိုးခြင်း၊ လူနာများနှင့် မိသားစုဝင်များအတွက် နေထိုင်စားသောက်ရေးအား အခမဲ့ စီစဉ်ပေးခြင်းတို့ကို အစ၊ အဆုံး ကူညီပေးနေခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ကမ္ဘောဇဘဏ်နှင့် Smile Asia Medical Alliance တို့၏ Smile Mission ဖွင့်ပွဲကို ဩဂုတ်လ ၂၃ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ် Ms Vanessa Chan ၊ ဆေးရုံအုပ်ကြီး ပါမောက္ခချုပ် ဒေါက်တာဒေါ်ရီရီမြင့်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသား သွေးလှူဘဏ်မှ ဆရာဝန်များ၊ သူနာပြုများ၊ volunteer များ၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

''နှလုံးထဲက မေတ္တာတရားနဲ့ ဒီ Mission ကို အထမြောက်အောင် နှစ်စဉ်နှစ်တိုင်း အချိန်ရော အင်အားပါ အသုံးပြုပြီး ကလေးများအတွက် တောက်ပတဲ့ အနာဂတ်တွေကို ပံ့ပိုးဖော်နေကြသူအားလုံးအတွက် ကျွန်မ ကျေးဇူးတင်ဂုဏ်ယူပါတယ်။ စမ်းသပ်စစ်ဆေးမှုများ ခံယူကြတဲ့ ကလေးငယ် ၁၄၃ ဦး အပြုံးပန်းများနဲ့ အိမ်ပြန်ချိန် လှကြပါစေလို့ဆုတောင်းလိုက်ပါတယ်''ဟု ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက ပြောသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် စတင်တည်ထောင်ချိန်မှ ယနေ့ထိ ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ကျပ်ငွေ ၁၅၆ ဘီလီယံကျော် လှူဒါန်းခဲ့ပြီး ဖြစ်သည်။

❐



# ပြည်ထောင်စုမြေ ဖြစ်ပေသည် ညီနောင်ထုတွေ ချစ်စေရည်

❐ တစ်နေ့တစ်မျိုး သတင်းဆိုးသည်
တစ်တိုင်းပြည်လုံး အပူပုံးနေ
ဘေးဆိုတွေခ စုပြုံကျလျက်
လုယက်သတ်ဖြတ် အရိုင်းဇာတ်ကွက်
ရပ်တန့်ခက်ခဲ ဘာကြောင့်လဲ။

❐ ဥပဒေမှောက် တရားပျောက်ကြ
ငွေရဖို့ဆို ဘာမဆိုလုပ်
လူယုတ်လူမိုက် ပေါများလိုက်တာ
မေတ္တာတွေကင်း သစ္စာယွင်းလျက်
ခေတ်ပျက်ကာလ ကြုံနေရ။

❐ စားဝတ်နေရေး ကိုယ်စီတွေးကာ
သမာဇီဝ ရှာစားကြသူ
မလွယ်ကူပေ ခက်ခဲနေပြီး
မကောင်းစီးပွား လုပ်စားသူတွေ
အဆင်ပြေပြီး ဩဇာကြီး။

❐ သနားလှသည် တို့တိုင်းပြည်ကြီး
အနာသည်းစွာ ဒဏ်ရာတွေခ
ငိုညည်းရသည့် ပူလောင်သည့်အိမ်
မလိမ်မညာ အပြေရှာစမ်း
မငြိမ်းချမ်းခြင်း အကြောင်းရင်း။

❐ သွေးချင်းတွေကြား စိတ်ကွဲပြားအောင်
ကြံဆောင်နယ်ချဲ့ရေးခဲ့ဇာတ်ညွှန်း
သွေးတွေစွန်းစွာ ကခုန်လာတော့
ပင်ပန်းပေါ့လေ ရပ်သင့်လေပြီ
တို့ညီနောင်တွေ စဉ်းစားစေ။

❐ အိမ်ကြက်တွေချင်း စွန်းထင်းအိုးမဲ
စိတ်ဝမ်းကွဲစွာ ခွပ်နေပါက
ဆုံးရှုံးကြတာ တို့တွေသာမို့
ချစ်ခြင်းတို့ဖြင့် ကျေအေးသင့်လျက်
ချိုးဖြူငှက်တွေ ပျော်ပါစေ။

❐ ငါတို့တွေသာ နာပြီးနာမြဲ
ဆင်းရဲခြင်းဒဏ် နစ်ရှည်ခံရင်း
သူတင်းငါတင်း စစ်တွေခင်းကာ
နွားကွဲပါသော် ကျားတွေပျော်၏
နောင်းသည့်နောင်တ နာကျင်ရ။

❐ ပုံရိပ်ကျဆင်း ကောင်းသတင်းမဲ့
ကိုယ်နေတဲ့မြေ ပျက်ဆီးနေတာ
ကိုယ်ပါနေလား ပြန်စဉ်းစားလင့်
ပြုပြင်သင့်လျှင် ရဲရဲပြင်ပြီး
ရှေ့ခရီးမှာ လက်တွဲပါ။

❐ မုန်စွာချစ်ခင် အတူယှဉ်တွဲ
နောင်မခွဲထ စည်းလုံးကြပြီး
သတိကြီးစွာ ဆောင်ရွက်ပါမှ
တော်ရုံကျပေ ငါတို့မြေသည်
“ပြည်ထောင်စုမြေဖြစ်ပေသည်”
“ညီနောင်ထုတွေ ချစ်စေရည်”

❖ မောင်အေးချမ်း (တောင်ကြီး)

# Kanbawza Tai

NEWS JOURNAL (Represents for Shan State, Myanmar)



“ ငွေလဝန်း ” ပင်ရင်းထီဆိုင်
(လက်လီ/လက်ကား)
သံလွင်လမ်း၊ ကံဇော့ရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း ၀၉ ၄၂၅၁၃၀၃၁၁၃



VOLUME.5, ISSUE.34 THURSDAY, AUGUST 29, 2019


# တောင်ကြီးမြို့ မြင်းဖြူနှစ်ကောင်ဆေးတိုက်မှ လေးလောင်းပြိုင် လူသတ်မှုနှင့် ပတ်သက်၍ တရားခံ မျက်ကွယ်တွင် စစ်ဆေးနေ



စိုင်းရာဇာ

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ မင်္ဂလာလမ်းရှိ မြင်းဖြူနှစ်ကောင် ဆေးတိုက်မှ လေးလောင်းပြိုင် လူသတ်မှု ကျူးလွန်သူဟု စွပ်စွဲခံရသူ ပူးတွဲတရားခံ ထွက်ပြေးတိမ်းရှောင် နေသဖြင့် တရားရုံးမှ ဖမ်းဝရမ်းထုတ် ထားပြီး တရားခံအား မျက်ကွယ် အမှု စစ်ဆေးနေကြောင်း သိရသည်။

အဆိုပါ လေးလောင်းပြိုင် အမှုတွင် ကျူးလွန်သူဟု စွပ်စွဲခံရသူ ဦးတင်အုန်းသည် အချုပ်ခန်းအတွင်း သေဆုံးခဲ့ပြီး ကျောက်မဲမြို့နယ်၊ တောင်ဆေးလိတ်ရွာနေ ပူးတွဲတရားခံ အိုက်စု(ခ)ဘစိန် (ခ)စုဘစိန်(ခ)လုံးစုမှာ ဖမ်းဆီးရမိခြင်း မရှိဘဲ ထွက်ပြေးတိမ်းရှောင်နေကာ ရဲတပ်ဖွဲ့မှ တရားခံ အိုက်စုနှင့် ပတ်သက်၍ ရာဇဝတ် အထွေထွေမှုဖြင့် တရားစွဲဆိုတင်ပို့ခြင်း ဖြစ်ကြောင်းသိရသည်။

ရာဇဝတ်အထွေထွေမှု (တရားခံပြေးမှု)သည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၄/ကျင့် ၅၁၂ တရားခံအဖြစ် တရားစွဲဆို တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း ရာဇဝတ်အထွေထွေမှုအား ဇွန်လ ၂၇ ရက်တွင် တရားစွဲဆိုခဲ့ပြီး ရာဇဝတ် အထွေထွေမှုအမှတ် (၂၅/၂၀၁၉)ဖြင့် လက်ခံစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံပြေးဖြစ်သည့် အတွက် ရုံးတော်ကို လာရောက်ထုချေနိုင်ရန် ဖမ်းဝရမ်း ထုတ်ဆင့်ခဲ့ပြီး ကျောက်မဲမြို့နယ်၊ တောင်ဆေးလိတ် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောက်မဲမြို့နယ်၊ နောင်ပိန်ရဲစခန်းမှ နယ်ထိန်းကို စစ်ဆေးခဲ့ရာတွင် ပူးတွဲတရားခံသည် တောင်ဆေးလိတ်ကျေးရွာတွင် နေထိုင်ခြင်း မရှိကြောင်း ပေါ်ပေါက်ခဲ့သည့်အတွက် အမှုဖြင့်တိမ်းရှောင်နေသည်ဟု တရားရုံးမှ သတ်မှတ်ခဲ့ကြောင်း သိရသည်။

''အဲဒီအမှုမှာ အဓိက တရားခံဖြစ်တဲ့ ဦးတင်အုန်းဟာ အချုပ်ခန်းထဲမှာ သေဆုံးခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေတဲ့ တရားခံ အိုက်စုကို တရားစွဲဆို တင်ပို့ထားခြင်း ဖြစ်ပါတယ်။ ထွက်ပြေး တိမ်းရှောင်နေတဲ့ တရားခံဖြစ်တဲ့ အိုက်စုကို တရားရုံးက ဖမ်းဝရမ်း ထုတ်ဆင့်ထားပြီး ဥပဒေဘောင် အတွင်းကနေ လာရောက် ထုချေဖို့အတွက် ခေါ်ယူခြင်း ဖြစ်ပါတယ်။ တရားခံ လာရောက်ခြင်း မရှိတဲ့အတွက် သူ့မျက်ကွယ်မှာ အမှုဖြစ် အကြောင်းအရာကို သိတဲ့ တရားလိုပြ သက်သေတွေကို ဆက်လက်စစ်ဆေးနေခြင်း ဖြစ်ပါတယ်။ တရားခံမျက်ကွယ်မှာ စစ်ဆေးနေရတဲ့ အဓိပ္ပာယ်ကတော့ အကယ်၍တရားခံကို ပြန်လည်ဖမ်းဆီးရမိတဲ့ အခါ သက်သေတွေ မရှိတော့ရင်၊ ကွယ်လွန်သွားရင်၊ ပြောင်းရွှေ့သွားရင်၊ ရှာမတွေ့တော့ရင် သက်သေတွေရဲ့ ထွက်ချက်ကို ပြန်အသုံးပြုနိုင်ဖို့ တရားခံရဲ့ မျက်ကွယ်မှာ သက်သေတွေကို စစ်ဆေးထားခြင်းပဲ ဖြစ်ပါတယ်။ ဆက်လက်ပြီး ထူးခြားဖြစ်စဉ်များကို ပြည်သူကို ထုတ်ပြန်သွားပါမယ်'' ဟု တောင်ကြီးခရိုင် တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဒေါ်အိအိထွန်းက ပြောသည်။

အမှုတွင် တရားလိုပြသက်သေများဖြစ်သော ၂၇ ဦးတို့ကို ရဲတပ်ဖွဲ့မှ တင်ပြထားပြီး ဩဂုတ်လ၂၁ ရက်အထိ ၇ ဦးအား စစ်ဆေးနိုင်ခဲ့ပြီး ကျန်သက်သေများကို စစ်ဆေးနိုင်ရန် စက်တင်ဘာလ ၂ ရက်၌ ထပ်မံချိန်းဆိုထားကြောင်း သိရသည်။

''ကံသာရပ်ကွက်မှာ ဖြစ်တဲ့ လေးလောင်းပြိုင် လူသတ်မှုကတော့ ရှင်းလင်းပြီးသားပါ။ အဓိကတရားခံကတော့ အချုပ်ခန်းထဲမှာ သေသွားတယ်။ တရားခံ ဖော်ထုတ်ဖမ်းဆီးရမိတယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် ဆက်စပ်တဲ့ တရားခံကတော့ ပြည်ပကို ပြေးတယ်လို့ အကြမ်းသိရတယ်။ နိုင်ငံအချင်းချင်း ပေါင်းစပ်ပြီးတော့မှ ဖမ်းဆီးရမိရေးကို ဆောင်ရွက်နေတယ်။ ဆက်စပ် တရားခံကတော့ ဖမ်းဆီးရမိခြင်း မရှိသေးပါဘူး''ဟု ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ခင်အောင်က ကမ္ဘောဇတိုင်းသို့ ပြောကြားထားသည်။

အဆိုပါ ပူးတွဲတရားခံ အိုက်စုကို ပြန်လည်ဖမ်းဆီးရမိချိန်တွင် ရာဇဝတ်ကြီးမှုဖြင့် ပြောင်းလဲဖွင့်လှစ်ပြီး စစ်ဆေးထားသော တရားလိုပြ သက်သေများကို အစမှ ပြန်လည်စစ်ဆေးသွားရမည်ဖြစ်ကာ အကယ်၍ ထိုအချိန်တွင် သက်သေများ ခေါ်မရလျှင်သော်လည်းကောင်း၊ ပြောင်းရွှေ့သွားလျှင်သော်လည်းကောင်း၊ ဆက်သွယ်၍ မရခဲ့လျှင် သော်လည်းကောင်း၊ သက်သေများကို ခေါ်ယူ၍ မရတော့ကြောင်း ပေါ်ပေါက်လျှင် တရားခံ မျက်ကွယ်တွင် စစ်ဆေးထားသော သက်သေထွက်ချက်များကို တရားခံပြန်လည် ဖမ်းဆီးရမိပြီး အမှုရင်ဆိုင်ရာတွင် ပြန်လည်အသုံးပြု၍ အမှုကို စစ်ဆေးစီရင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းဖြူနှစ်ကောင် တိုင်းရင်းဆေးတိုက်သို့ အလုပ် လုပ်ရန်လာရောက်သူ မနန်းပြည့်ပြည့်သည် ဇွေလ ၂၈ ရက်၊ နံနက်ပိုင်းက အလုပ်ဝင်ရန် ရောက်ရှိလာစဉ် နေအိမ်အောက်ထပ်၌ အမျိုးသားတစ်ဦး သွေးများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များမှ သက်သေများနှင့်အတူ နံနက် ၈ နာရီခွဲ အချိန်ခန့်တွင် အခင်းဖြစ် နေရာသို့ သွားရောက် စစ်ဆေးခဲ့ရာ စိုင်းသေမွန်း (၂၇)နှစ်၊ နန်းခမ်းလှိုင် (၂၃)နှစ်၊ မောင်ဖဖ (၇)လ၊ မအေးမိုး (၁၇)နှစ် တို့ သေဆုံးနေခြင်းအား တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ တင်အုန်း(ခ)အိုက်အုန်း (၆၀) နှစ်ကို ဇူလိုင်လ၂၉ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ အထက်မြင်းကွင်းကျေးရွာရှိ ၎င်း၏ နေအိမ်တွင် ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တောင်ကြီးမြို့ မရဲစခန်းတွင် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေစဉ် မေလ ၄ ရက်၊ နံနက်ပိုင်းတွင် ရုတ်တရက် အသက်ရှူကြပ်ကာ အကြောတက် သတိလစ်မေ့မြော သေဆုံးသွားခဲ့ကာ ကျန်တရားခံတစ်ဦးကို ဆက်လက်ဖမ်းဆီးရမိနိုင်ရေး အတွက် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် တစ်နှစ်တာကာလ အတွင်း တောင်ကြီးမြို့၌ ၄ လောင်းပြိုင် လူသတ်မှု ၂ ကြိမ်၊ ၂ လောင်းပြိုင် လူသတ်မှု တစ်ကြိမ် ဖြစ်ပွားခဲ့ပြီး တပ်ဝင်းအတွင်း ဖြစ်ပွားခဲ့သော ၄ လောင်းပြိုင် လူသတ်မှုနှင့် ပတ်သက်၍ တပ်မတော်တပ်ထိန်းမှ စုံစမ်းဖော်ထုတ်ခဲ့ကာ တရားခံမှာ ကိုယ်တိုင် သတ်သေခဲ့ခြင်း ဖြစ်ကြောင်း ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ခင်အောင်က ကမ္ဘောဇတိုင်းသို့ ပြောဆိုထားသည်။ ထို့အတူ သစ်တောရပ် တောင်ခြေတွင် ဖြစ်ပွားခဲ့သောရဟန်း ၂ ပါးအား သတ်မှုနှင့် ပတ်သက်၍လည်း ကျူးလွန်သူကို ဖမ်းဆီးရမိခဲ့ပြီး တောင်ကြီးခရိုင် တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ်နှစ် ၄၀ ချမှတ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။



“ ၄ လောင်း ပြိုင် လူသတ်မှု ၂ ကြိမ်၊ ၂ လောင်း ပြိုင် လူသတ်မှု တစ်ကြိမ် ဖြစ်ပွားခဲ့ ပြီး တပ်ဝင်းအတွင်း ဖြစ်ပွားခဲ့သော ၄ လောင်းပြိုင် လူသတ်မှုနှင့် ပတ် သက်၍ တပ်မတော်တပ်ထိန်းမှ စုံ စမ်းဖော်ထုတ်ခဲ့ကာ တရားခံမှာ ကိုယ်တိုင် သတ်သေသွားခဲ့ . . . ”

# ဩဂုတ်လကုန် အပြီး ပိတ်သိမ်းရန် အကြောင်းကြားထားသည့် တပ်ပိုင်မြေရှိ ဆိုင်ခန်းများအား ဆက်လက် ဖွင့်ထားနိုင်ဟု ဆို

စိုင်းရာဇာ၊ ကောင်းမွန်



တောင်ကြီးမြို့ပေါ်ရှိ တပ်ပိုင်မြေပေါ်တွင် ငှားရမ်း ဖွင့်လှစ်ထားသော မောချယ်ရီ ယာဉ်ရပ်နားစခန်းမှ ဆိုင်ခန်းများအား ဩဂုတ်လကုန် အပြီး ပိတ်သိမ်းရေးနှင့် ပတ်သက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ အသနားခံစာ တင်ပြထားသည့်အတွက် ကက(ကြည်း)၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းမည်ဖြစ်၍ ဆက်လက် ဖွင့်ထားနိုင်သည်ဟု သိရသည်။

''ဒီလကုန် ပိတ်ခိုင်းထားတာကို အစည်းအဝေးမှာ ဆက်လက် ဖွင့်ထားနိုင်တယ်လို့ ပြောပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အသနားခံစာ တင်ပြထားတဲ့အတွက် ကက(ကြည်း)ရဲ့ ဆုံးဖြတ်ချက်၊ ပြန်ကြားချက်ကို စောင့်ဖို့ စခန်းမှူးက ပြောတယ်။ ရပခ တိုင်းမှူးကလည်း လူတွေဒုက္ခရောက်အောင် မလုပ်ချင်ဘူးတဲ့။ ကိုယ့်ကိုယ်ကိုတောင် မပိုင်တာ၊ တစ်နေ့မှာ စွန့်ခွာရမှာပါ။ လုံလောက်တဲ့အချိန်ကာလကို ကြိုတင်အသိပေးထားမှ အဆင်ပြေမှာပါ'' ဟု အဆိုပါ မောချယ်ရီကားဝင်းအနီး ဆိုင်ခန်း ဖွင့်လှစ်ထားသူ တစ်ဦးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ထို့အတူ ဆိုင်ခန်းပိုင်ရှင် တစ်ဦးမှလည်း ''ဆိုင်ခန်း ကော်မတီအဖွဲ့ခေါင်းဆောင်တွေနဲ့ ရပခက တာဝန်ရှိသူတွေ တွေ့တယ်။ ဒါနဲ့ ပတ်သက်ပြီး ဆိုင်ခန်းဖျက်ပေးမှု၊ မဖျက်ပေးမှုကို တပ်ချုပ်ရဲ့ အမိန့်၊ ပြန်ကြားမှုပေါ်မူတည်ပြီး စောင့်မယ်လို့ သိရတယ်'' ဟု ပြောသည်။

တပ်ရင်း/တပ်ဖွဲ့များ၏ တပ်ပိုင်မြေတွင် ငှားရမ်း၍ ဖွင့်လှစ်ရောင်းချနေသော ဈေးဆိုင်ခန်းများ အားလုံး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် နောက်ဆုံးထား ပိတ်သိမ်းပေးရန် အထက်ဌာနမှ ညွှန်ကြားလာချက်အရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တပ်ပိုင်မြေ မောချယ်ရီယာဉ်ရပ်နားစခန်းမှ ဆိုင်ခန်းများအား ပိတ်သိမ်းရန် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်၊ စခန်းရုံးမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် ဆိုင်ခန်းပိုင်ရှင်များအား အကြောင်းကြားထားခြင်း ဖြစ်ကြောင်း သိရသည်

ယင်း ဆိုင်ခန်းများတွင် ငှားရမ်းနေထိုင်သူများသည် အဆောက်အဦမဆောက်လုပ်မီကပင် ကြိုတင်ငွေပေးသွင်း၍ မြေငှားရမ်းခကိုလည်း တပ်မှ သတ်မှတ်သည့် နှုန်းထားအတိုင်း လစဉ်ပေးသွင်း နေထိုင်ခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာတပ်မှ ချမှတ်သော စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာနေထိုင်ခဲ့ရသည်ဟု သိရသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်၊ စခန်းရုံး၊ စခန်းမှူးအား ကမ္ဘောဇတိုင်းမှ သွားရောက်တွေ့ဆုံ မေးမြန်းရာ ''ဒါနဲ့ပတ်သက်ပြီးတော့ ထူးခြားမှု မရှိသေးဘူး''ဟု ပြန်လည်ဖြေကြားခဲ့သည်။

မောချယ်ရီ ယာဉ်ရပ်နားစခန်းရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ပိုင် တပ်မြေပေါ်တွင် ဈေးဆိုင်ခန်းစုစုပေါင်း ၂၄၃ ခန်း ဖွင့်လှစ်ထားပြီး မိသားစုဝင် လူဦးရေ ၈၀၀ ခန့် မှီတင်းနေထိုင်လျက်ရှိကာ ဆိုင်ခန်းများ ပိတ်သိမ်းခြင်း မပြုဘဲ ဆက်လက်နေထိုင်ခွင့်ပြုရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ အသနားခံစာတင်ပြထားသည်ဟု သိရသည်။

အဆိုပါ တင်ပြစာတွင် ဆိုင်ခန်းများကို ပိတ်သိမ်းမည်ဆိုပါက ၎င်းတို့အနေဖြင့် အိုးမဲ့အိမ်မဲ့ဘဝနှင့် ငွေကြေး အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ တပ်မတော်သည် ပြည်သူတို့၏ ဘေးဒုက္ခများကို ကူညီစောင့်ရှောက်ပေးလျက် ရှိသည်ကို နေ့စဉ်မြင်တွေ့ ကြားသိလျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာပြည်အနှံ့ တိုင်းသူပြည်သားများအပေါ် ကူညီစောင့်ရှောက်ပေးပါရန် အသနားခံ တင်ပြပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

မောချယ်ရီ ယာဉ်ရပ်နားစခန်းမှ ဆိုင်ခန်းများကို တစ်ခန်းလျှင် ၁၂၀၀၀ ကျပ်မှ စ၍ နှုန်းထား အမျိုးမျိုးဖြင့် လစာကောက်ခံလျက်ရှိကြောင်း သိရသည်။

ထို့အတူ တောင်ကြီးမြို့၊ အမှတ် (၂၁၂) ဆက်သွယ်ရေးတပ်ရင်း မြေအတွင်းရှိ ဆိုင်ခန်းများကိုလည်း ဩဂုတ်လကုန်အပြီး ဖျက်သိမ်းရန် ညွှန်ကြားထားကြောင်း သိရသည်။

''အဲဒီလို ချက်ချင်းကြီးပိတ်ပစ်ဖို့ကတော့ မလွယ်ဘူးလေ။ အမြဲတမ်းဝယ်နေတဲ့ ဖောက်သည်တွေကရှိသေးတယ်။ ချက်ချင်းကြီးဆိုင် ခန်းပြောင်းဖို့က အဆင်မပြေဘူးလေ''ဟု ၂၁၂ ဆက်သွယ်ရေးတပ်ရင်း ဆိုင်ခန်းတွင် ဈေးဆိုင် ဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

အဆိုပါ ၂၁၂ ဆိုင်ခန်းများတွင် အိမ်ထောင်စု ၅၀ မှီတင်းနေထိုင်လျက်ရှိပြီး ထိုသို့ ဖယ်ပေးရပါက ၎င်းတို့အတွက် နေစရာမဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် ဈေးရောင်းချနေသူများ ချုပ်ဆိုထားသည့် စာချုပ်တွင် ကားကွင်း တည်ရှိနေသရွေ့ ဈေးရောင်းချခွင့်ရှိကာ နှစ်အကန့်သတ် မပါဝင်ကြောင်း သိရှိရပြီး ယင်းဆိုင်တန်း တည်ဆောက်ရာတွင် ဈေးသည်များမှာ မိမိဆိုင်ခန်းကုန်ကျစရိတ်အား တာဝန်ယူတည်ဆောက်ခဲ့ကြောင်းနှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ငှားရမ်းခသာ ပေးသွင်းရကြောင်း သိရှိရသည်။

# တောင်ကြီး၌ ရဟန်း ၂ ပါးအား သတ်ခဲ့သူကို ထောင်ဒဏ် နှစ် ၄၀ ချမှတ်

စိုင်းရာဇာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရွှေမုဋ္ဌောဘုရားစောင်းတန်းတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၅ ရက်၊ နံနက်ပိုင်းက ရဟန်း ၂ ပါးအား သတ်ခဲ့သောတရားခံ ဉီးအဂ္ဂရ (ခ) အောင်မျိုးဆွေအား ဩဂုတ်လ ၁၄ ရက်တွင် တောင်ကြီးခရိုင် တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ် နှစ် ၄၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

လူသတ်မှု ကျူးလွန်သူ ဉီးအဂ္ဂရ (ခ) အောင်မျိုးဆွေသည် အသတ်ခံရသူ ဦးသုဇာတနှင့်အတူ ရွှေမုဋ္ဌော စောင်းတန်းပေါ်ရှိ တောင်ပေါ်တွင် ဖေဖော်ဝါရီလ ၂၄ ရက်၊ ညနေပိုင်းမှ စတင်၍ အရက်အတူသောက်ခဲ့ပြီးနောက် အရက် အမူးလွန်ကာ အိပ်ပျော်သွားသည့် အချိန်တွင် ဦးသုဇာတမှ တရားခံ ဉီးအဂ္ဂရ (ခ) အောင်မျိုးဆွေ၏ ဖုန်းနှင့် ပိုက်ဆံအိတ်အား ယူဆောင်သွားကြောင်း၊ အိပ်ပျော်ရာမှ နိုးလာပြီးနောက် ရွှေမုဋ္ဌော စောင်းတန်း၌ ယာယီရွက်ဖျင်တဲဖြင့် အိပ်နေသည့် ဦးကဝိန္ဒအား နှိုးကာ ဦးသုဇာတအား ဖုန်းဆက်ခေါ်ခိုင်းရာ ဖုန်းကိုင်ခြင်း မရှိသဖြင့် တောင်ကြီးမြို့တွင်း၌ လိုက်လံရှာဖွေခဲ့သော်လည်း တွေ့ရှိခဲ့ခြင်း မရှိ၍ ဖေဖော်ဝါရီလ ၂၅ ရက်၊ နံနက် ၁ နာရီခန့်တွင် စဝ်စံထွန်းဆေးရုံရှေ့မှ အငှား မော်တော်ယာဉ်ဖြင့် ရွှေမုဋ္ဌော စောင်းတန်းသို့ ပြန်လာခဲ့ကြောင်း၊ ယင်းနောက် အရက်သောက်သည့်နေရာ အနီးရှိ အရှည် ၃ ပေခန့်ရှိ သစ်သားတုတ်အား ကိုင်ဆောင်၍ အိပ်နေသည့် ဦးသုဇာတအား နှိုးကာ ဖုန်းနှင့် ပိုက်ဆံအိတ်တို့အား တောင်းယူခဲ့ရာ မပေးနိုင်ကြောင်း ပြန်လည် ပြောဆိုခဲ့သဖြင့် ဦးသုဇာတ၏ ဦးခေါင်းအား တုတ်ဖြင့် ရိုက်နှက်ခဲ့သည့် အချိန်တွင် အနီး ရှိ ဦးကဝိန္ဒမှ ဉီးအဂ္ဂရ (ခ) အောင်မျိုးဆွေအား တွန်းထိုးခဲ့သဖြင့် ဦးကိန္ဒ၏ ဦးခေါင်းအား ထပ်မံ ရိုက်နှက်ခဲ့ရာ ဦးကဝိန္ဒနှင့် ဦးသုဇာတတို့မှာ လဲကျ သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့နောက် တရားခံ ဉီးအဂ္ဂရ (ခ) အောင်မျိုးဆွေအား ရဲတပ်ဖွဲ့မှ တောင်ကြီးမြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ နာယကထံတွင် သိက္ခာချ၊ လူဝတ်လဲစေပြီးနောက် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် တောင်ကြီးခရိုင် တရားရုံးသို့ မတ် လ ၂၆ ရက်တွင် တရားစွဲတင်ပို့ခဲ့ပြီးနောက် တောင်ကြီးခရိုင် တရားရုံးမှ ဉီးအဂ္ဂရ (ခ) အောင်မျိုးဆွေအား ဦးကဝိန္ဒအပေါ် လူသတ်မှု ကျူးလွန်သည့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်၊ ဦးသုဇာတအပေါ် လူသတ်မှု ကျူးလွန်သည့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်၊ စုစုပေါင်းအလုပ်နှင့် ထောင်ဒဏ် ၄၀ နှစ်အား သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကြော်ငြာ ဖြစ်ပါသည်။

## " သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း "

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (စ/၆)နေ ဦးမောင်မောင်အေး + ဒေါ်ခင်ဌေးလွင်တို့၏ သားကြီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၃/တကန(နိုင်)၂၈၆၈၀၈ ကိုင်ဆောင်သူ မောင်အေးချမ်းကို (ခ) ဟာဘစ်သည် မိဘ ပြောဆို ဆုံးမခြင်းကို လက်မခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

စုံစမ်း မေးမြန်းခြင်း သည်းခံပါ။

ဒေါ်ခင်ဌေးလွင်

# နမ့်စန်မြို့နယ်၊ နားပွဲ ဌာနေ ပြည်သူ့စစ် နယ်မြေအတွင်းမှ မူးယစ်ဆေးချက်စခန်း ၁၅ ခုနှင့် လက်နက်ခဲယမ်းများ ပိုင်ရှင်မဲ့ ဖမ်းမိ

စိုင်းရာဇာ

အသွင်ပြောင်း ဌာနေပြည်သူ့စစ် (နားပွဲ)အဖွဲ့ အခြေစိုက်ရာ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ နားပွဲကျေးရွာအနီးတွင် ဩဂုတ်လ ၂၂ ရက်၊ ညနေပိုင်းက မူးယစ်ဆေးဝါး ချက်လုပ်သည့် စခန်း (မိုး ကာတဲ) ၁၅ ခု၊ မူးယစ်ဆေး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများကို တပ်မတော် လုံခြုံရေး တပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



နမ့်စန်မြို့နယ်၊ နားပွဲကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၀၀၀ ခန့် အကွာတွင် မူးယစ်ဆေးဝါး ချက်လုပ်ရာ၌ အသုံးပြုသည့် မိုးကာတဲ ၁၀ လုံး၊ ရေခဲသေတ္တာ ၁၄ လုံး၊ စတီးပေါင်းအိုး ၁၃ လုံး၊ အိုက်စ်ထည့်သည့်ပန်း ၇ ပန်း၊ ဂက်စ်အိုး ၇၅၇ လုံး၊ အက်ဆစ်ပုံး ၇၀၈ လုံး၊ ကြိတ်စက် ၁ လုံး၊ ဆီတိုင်ကီ ၅ လုံး၊ မီးစက်ကြီး ၁ လုံး၊ ဒီဂျစ်တယ် ကတ္တား ၃ လုံး၊ ဆေးချက် ပေါင်းအိုး ၁၄ လုံး၊ ကော်ဇလုံ ၁၀၇ လုံး၊ ဟိုက်ဒရိုကလိုရစ် အက်ဆစ်များထည့်ထားသည့် သံပေပါ ၅၈ လုံး၊ ပေပါအခွံ ၁၁၀ လုံး၊ အိုက်စ် ၁၅၀ လီတာဆံ့ ၁ ပုံးနှင့် မော်တော်ယာဉ် ၁ စီးတို့အား လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက ပိုင်ရှင်မဲ့ တွေ့ရှိ သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်ထား သည်။

ထို့အတူ အဆိုပါ နေရာတောင်ဘက် မီတာ ၇၀၀ ခန့်အကွာ၌ ဘိန်းဖြူမှုန့်/ခဲ ၄ ဒသမ ၅ ကီလိုဂရမ်၊ WY စိတ်ကြွ ရူးသွပ်ဆေးပြားအမှုန့် ၁၈ ဒသမ ၁၄ ကီလို ဂရမ်၊ WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၀၀၀ ပြား၊ ဘိန်းမဲအရည် ၂၀ ဂါလန်၊ ဂက်စ်အိုး ၂ လုံး၊ ဆေးပြားရိုက်စက် ၂ လုံး၊ ဆေးမွှေစက် ၂ လုံး၊ အက်ဆစ်အရည် ထည့်ထားသည့် ပေပါ ၃ လုံး၊ ဆေးချက်ကန် ၆ ကန်၊ မိုးကာတဲ ၅ လုံး၊ အရက်ပြန် ၁၀ လီတာ၊ အနံ့ဆေးဘူး (အကြီး/အသေး) ၁၈ ဘူး၊ ဆေးဘူးမျိုးစုံ ၅၉ ဘူးနှင့် CCL တံဆိပ်ပါ အဖြူရောင် အတုံး ၂၀ တုံးတို့အား ပိုင်ရှင်မဲ့ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်းကိုလည်း တပ်မတော်မှ သတင်း ထုတ်ပြန်ထားသည်။

အဆိုပါ သိမ်းဆည်းရမိမှုများနှင့် ပတ်သက်၍ မူးယစ်ဆေးဝါးချက်လုပ်ရေးစခန်းမှ တိမ်းရှောင်လာသူများဟု သံသယရှိသူ ၃၉ ဦးအား တွေ့ရှိရသဖြင့် ထိန်းသိမ်း၍ စစ်ဆေးနေလျက်ရှိပြီး ဘိန်းချက်စခန်းများ တည်ရှိရာဒေသ၌ အခြေစိုက်သည့် အသွင်ပြောင်း ဌာနေ ပြည်သူ့စစ် (နားပွဲ)အဖွဲ့ ခေါင်းဆောင် ဦးစိုင်းတနှင့် တာဝန်ရှိသူများကို တပ်မတော်က ထိန်းသိမ်းထားကြောင်း အတည်မပြုနိုင်သော သတင်းရင်းမြစ်များမှ သိရသည်။

အဆိုပါ အသွင်ပြောင်း ဌာနေ ပြည်သူ့စစ် (နားပွဲ)အဖွဲ့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် အင်အား ၃၀၀ ဦးခန့်ဖြင့် တရားဝင်ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ပြီး ယင်းအဖွဲ့သည် ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) အဖွဲ့မှ ခွဲထွက်၍ လက်နက်နှင့် ငြိမ်းချမ်းရေးရယူကာ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်နက်/ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား နမ့်စန်မြို့ရှိ မူးယစ်တပ်ဖွဲ့စုသို့ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဩဂုတ်လ ၂၃ ရက်၊ နံနက်ပိုင်းတွင် နမ့်စန်မြို့နယ်၊ နောင်ပိန်းကျေးရွာတစ်ဝိုက် အသေးစိတ် ထပ်မံရှင်းလင်းရှာဖွေခဲ့ရာ သွပ်မိုးတဲ ၅ လုံး၊ WY စိတ်ကြွဆေးပြားများ ထည့်ထားသည့် ဆာလာအိတ်၂၇ အိတ် (ဆေးပြား အရေအတွက် စိစစ်ဆဲ)၊ မူးယစ်ဆေးဝါး ရိုက်စက် ၄ လုံး၊ ဆေးစပ် စတီးပန်း ၁၀ ပန်း၊ ဂက်စ်အိုး ၆၀၀ လုံး၊ ပွိုင့် ၂၂ သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ကြိုးဆွဲ လက်ပစ်ဗုံး ၄၆ လုံး၊ ၇ ဒသမ ၆၂ ကျည် ၃၆၀ တောင့်၊ မော်တော်ယာဉ် ၄ စီးနှင့် ဆက်စပ်ပစ္စည်းများအား တပ်မတော်မှ ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ❒

# 'ဝ'ဒေသအတွင်း၌ တရားမဝင် လက်နက်ရောင်းချသူကို သေဒဏ် ချမှတ်

မင်းဇော်မင်း

ရှမ်းပြည်နယ်၊ ''ဝ'' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း၌ တရားမဝင် လက်နက်ခဲယမ်း ရောင်းချသူ တစ်ဦးကို သေဒဏ်ချမှတ်ခဲ့ပြီး လူမှုကွန်ရက်အား အသုံးပြုကာလိမ်လည်သူ တရုတ်နိုင်ငံသား ၆၉ ဦးအား ယူနန်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

UWSA တပ်ဖွဲ့ဝင် တစ်ဦးကို ''ဝ'' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ အမြင့်ဆုံး တရားရုံးမှ ဩဂုတ်လ ၂၂ ရက်က တရားမဝင် လက်နက်ခဲယမ်းများ ရောင်းဝယ်မှုဖြင့် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး လူမှုကွန်ရက်ကို အသုံးပြုကာ လိမ်လည်မှု ကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသား ၆၉ ဦးအား ယူနန်ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု ''ဝ''ပြင်ပ ဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်းက ပြောသည်။

''တရားမဝင် လက်နက်ရောင်းဝယ်မှုကို ဦးဆောင်ကျူးလွန်သူကတော့ ''ဝ'' ပြည်အတွင်းမှာ သေဒဏ် ထိုက်သင့်တဲ့အမှု ဖြစ်ပါတယ်။ သေဒဏ်ကတော့ လူအများ မမြင်ကွယ်ရာမှာ စီရင်ပါတယ်။ သေနတ်နဲ့ ပစ်သတ်တာ များပါတယ်၊ ''ဝ'' ပြည်မှာ အများထင်သလို လက်နက်တွေ ပရမ်းပတာ ဖြစ်နေတာ မဟုတ်ဘဲ တရားဥပဒေ စိုးမိုးနေပါတယ်။ သေဒဏ်ကျခံရသူ မောင်အိုက်ကားရဲ့ အပေါင်းပါတွေကတော့ နှစ်ရှည် ထောင်ဒဏ်တွေ ၁၀ နှစ် ကနေ နှစ် ၂၀ အထိ ချမှတ်ခံရလို့ သိရပါတယ်''ဟု ဦးညီရမ်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။



တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ရာတွင်လည်း အများပြည်သူ ရှေ့မှောက်တွင် သက်သေ အထောက်အထားများနှင့် စစ်ဆေးခြင်းဖြစ်ပြီး သက်သေခိုင်လုံမှုကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အထူးဒေသ(၂)၊ ပန်ဆန်းတွင် ဩဂုတ်လ ၂၀ ရက်က တရားမဝင် လက်နက်ခဲယမ်း ရောင်းဝယ်မှုဖြင့် မောင်အိုက်ကားအား သေဒဏ်ပြစ်ဒဏ် ချမှတ်သည့် ဗွီဒီယိုဖိုင်ကို ဦးညီရန်းက ဩဂုတ်လ ၂၃ ရက်တွင် လူမှုကွန်ရက်တွင် တင်ခဲ့ပြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အစိုးရနှင့် နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေ ပိုမိုကောင်းမွန်ရေး၊ ပုံမှန်တွေ့ဆုံမှု၊ နားလည်မှု စာချွန်လွှာပါ စည်းကမ်းချက်များအရ ''ဝ''ဒေသအတွင်း၌ လူမှုကွန်ရက် ဆက်သွယ်ရေးမှ ငွေကြေးလိမ်လည်မှု ကျူးလွန်သူ တရုတ်နိုင်ငံသား ၆၉ ဦးအား တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရဲတပ်ဖွဲ့သို့ ဩဂုတ်လ ၂၂ ရက်က လွှဲပြောင်း ပေးအပ်ခဲ့သည်ဟု ရေးသားထားသည်။

# တောင်ကြီးမြို့တွင် ဖြစ်ပွားခဲ့သော လူသတ်မှုမှ ကျူးလွန်သူအား ထောင်ဒဏ် ၇ နှစ် ချမှတ်



စိုင်းရာဇာ

ရှမ်းပြည်နယ်တောင်ပိုင်း၊တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုမှ ကျူးလွန်သူအား တောင်ကြီးခရိုင် တရားရုံးမှ ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ (၉)၊ ရတနာလမ်းသွယ်(၃)နေ ဒေါ်မြမေ (၄၉) နှစ်အား ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်၊ ညနေ ၃ နာရီခန့်က ခွန်ပြည့်ဖြိုးအောင်မှ ဓါးဖြင့် ထိုးခဲ့ခြင်းဖြစ်ပြီး ယင်းကဲ့သို့ ဓါးဖြင့် ထိုးခဲ့မှုကြောင့် ဒေါ်မြမေတွင် ဝဲနားထင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲဘက်နားအောက် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်မေးရိုးအထက် ထိုးသွင်းဒဏ်ရာ ၂ ချက်တို့ ရရှိခဲ့ပြီး သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ လူသတ်မှုကျူးလွန်သူ တရားခံ ခွန်ပြည့်ဖြိုးအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် တောင်ကြီးခရိုင် တရားရုံးသို့ ဧပြီလ ၂ ရက်တွင် တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇသတ်ကြီးမှုအမှတ် ၉၆/၂၀၁၉ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ဩဂုတ်လ ၁၄ ရက်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019

# NRPC နှင့် NCA လက်မှတ် ရေးထိုးထားသည့် အဖွဲ့များ ချင်းမိုင်တွင် တွေ့ဆုံ

မင်းဇော်မင်း

အမျိုးသားသင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် အဖွဲ့များ ဩဂုတ်လ ၁၉ ရက်နှင့် ၂၀ ရက်များက ထိုင်းနိုင်ငံ မြောက်ပိုင်း၊ ချင်းမိုင်မြို့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့သည်ဟု သိရသည်။



ချင်းမိုင်မြို့၊ Khun Mon Lana Resort တွင် ဩဂုတ်လ ၂၀ ရက်က NCA လက်မှတ် ရေးထိုးထားသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် NRPC တို့ တွေ့ဆုံရာတွင် RCSS ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရွက်ဆစ်ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း NRPC အဖွဲ့ဝင် ဦးလှမောင်ရွှေထံက သိရသည်။

"အပြုသဘောဆောင်တဲ့ ဆွေးနွေးပွဲဖြစ်လို့ ပိုအားတက်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ရှမ်းမြောက်မှာ မိဘပြည်သူတွေ ခရီးလမ်းကြောင်း အတွက် RCSS က ကူညီမယ်ဆိုတဲ့ ကြေညာချက်အပေါ်မှာ ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်''ဟု ဦးလှမောင်ရွှေက ပြောသည်။

လက်ရှိ ပြုလုပ်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST အစည်းအဝေးတွင် RCSS ဥက္ကဋ္ဌက ခေါင်းဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

ယင်း တွေ့ဆုံပွဲနှင့် ပတ်သက်၍ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက " ကျွန်တော်တို့ အလွတ် သဘော တွေ့ဆုံတာပါ။ EAOs ဘက်က ကြုံတွေ့နေတဲ့ အခက်အခဲတွေ NCA အကောင်အထည် ဖော်တဲ့ အပိုင်းမှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေကို အဆိုတင်သွင်း ကြတယ်။ အဓိက အစိုးရ အဆိုပြုတဲ့ အပေါ်မှာ မရှင်းလင်းတာတွေ ရှင်းလင်းအောင် ပြောတာပါ''ဟု ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် NCA အဓိပ္ပါယ် ဖွင့်ဆိုချက်ကွဲလွဲမှု၊ ၂၀၂၀ ပြည့်နှစ် မတိုင်မီနှင့် ၂၀၂၀ အလွန်ကာလ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေး ညီလာခံ ဖက်ဒရယ် အခြေခံမူနှင့် NCA ငြိမ်းချမ်းရေး အသီးအပွင့်များ တစ်ပြိုင်တည်းသွားနိုင်ရန် စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်ဟု ဦးဇော်ဌေးက ပြောသည်။

"၂၀၂၀ မတိုင်ခင် ဘာတွေ လုပ်မလဲ။ ငြိမ်းချမ်းရေးညီလာခံမှာ ဘာတွေ ရအောင်လုပ်မလဲ။ ၂၀၂၀ ကျော်သွားရင် ဘာတွေ ဆက်လုပ်မလဲ။ ၂၀၂၀ အလွန် တက်လာတဲ့ အစိုးရကလည်း ဒီလမ်းကြောင်းကိုဆက်ပြီး အကောင်အထည် ဖော်သွားလို့ရတယ်။ နောက်တစ်ချက်က ညီလာခံ တစ်ခုကျင်းပဖို့ လိုတယ်''ဟု ၎င်းက ပြောကြားခဲ့သည်။

ယင်း တွေ့ဆုံပွဲတွင် NRPC ဘက်မှ ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေတို့ ပါဝင်တက်ရောက်ခဲ့ပြီး RCSS ဘက်မှ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ရွက်ဆစ်၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး စိုင်းငင်း၊ ဗိုလ်မှူးကြီး ဆောင်းဟန်၊ ဒုဗိုလ်မှူးကြီး စိုင်းမိဏ်း၊ ဒုဗိုလ်မှူးကြီး စိုင်းဟန်စိုင်းလျန်း၊ ဗိုလ်မှူး စိုင်းစိဏ်းရှဲန်မိုင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

NRPC အနေဖြင့် ဩဂုတ်လ ၁၉ ရက်တွင် အပစ်ရပ် ၁၀ ဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး ဩဂုတ်လ ၂၀ ရက်တွင် ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ကာ ဩဂုတ်လ၂၁ ရက်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးအား ဆက်လက် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ❐

# ကျိုင်းတုံမြို့နယ်တွင် ရွေးကောက်ပွဲအတွက် လူဦးရေနှင့် အိမ်ထောင်စု စာရင်း ကောက်ယူမှု ၅၈ ရာခိုင်နှုန်းကျော် ပြီးစီး

ထက်တိုင်းကျော်

၂၀၂၀ ရွေးကောက်ပွဲအတွက် လူဦးရေနှင့် အိမ်ထောင်စုစာရင်းများ ကောက်ယူလျက်ရှိရာ ကျိုင်းတုံမြို့နယ်တွင် ၅၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၅ ခုနှင့် ကျေးရွာအုပ်စု ၃၁ စု၊ ကျေးရွာပေါင်း ၇၁၈ ရွာရှိပြီး ၂၀၁၉ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လအထိ လူဦးရေနှင့် အိမ်ထောင်စု စာရင်းများကို ကောက်ခံမှုအရ လက်ရှိ ကာလ၌ ၅၈ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ယင်းသို့ စာရင်းကောက်ယူရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၏ စွမ်းဆောင်ရည် တိုးတက်ရေးမှာ အဓိက ဖြစ်သည်ဟု ကျိုင်းတုံမြို့နယ် လူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က ပြောဆိုခဲ့သည်။

"တာဝန် ပေါ့လျော့တဲ့ စာရေးကို လစာမဲ့ ခွင့်ရက်အဖြစ် အရေးယူထားတာ ရှိပါတယ်။ စာရေးများအတွက် ဩဂုတ်လ ၁၈ ရက်စွဲနဲ့ ရုံးတွင်း အမိန့်စာ ထုတ်ပြန်ပြီး အကြောင်း ပြချက် မခိုင်လုံဘဲ ခွင့်မယူကြဖို့ ညွှန်ကြားထားပါတယ်''ဟု ကျိုင်တုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က ရွေးကောက်ပွဲ ကော်မရှင်နှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့သည်။

ထို့အတူ ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒေါ်စုမွန်ကျော်က "ရပ်ကျေးစာရေးတွေကို လူဦးရေနဲ့ အိမ်ထောင်စုစာရင်း ကောက်ခံမှုအတွက် စနစ်တကျ သင်တန်းပေးထားပြီး လုပ်ငန်းစဉ် မှတ်စု အနေနဲ့ ပါဝင်ရမယ့် အချက်အလက်တွေကို စုစည်းရေးသား ပေးထားတာ ရှိပါတယ်။ မရှင်းလင်းတဲ့ အချက်ရှိခဲ့ရင်လည်း ဖုန်းဆက် မေးမြန်းဖို့ တိုက်တွန်းထားပါတယ်''ဟု ပြောဆိုခဲ့သည်။

ကျိုင်းတုံမြို့နယ်တွင် ရပ်ကျေးစာရေးများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စာရေးဝန်ထမ်းများသည် အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းအချို့တွင် ရပ်ကျေး စာရေးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မှာ အားရဖွယ် မရှိကြောင်း ပြောဆိုမှုများ ရှိနေသည်။

# စစ်ပွဲဒဏ် ခံနေရသော ရှမ်းမြောက်တွင် ကုန်ဈေးနှုန်း မြင့်မားလာ

ဝဏ္ဏထွန်း

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များနှင့် အစိုးရ တပ်မတော်အကြား ထိတွေ့တိုက်ပွဲများ ဖြစ်ပွားနေခြင်းကြောင့် ကုန်စည်ဈေးနှုန်းများ အဆမတန်မြင့်တက်လျက်ရှိပြီး ဒေသခံပြည်သူများ အနေဖြင့် စစ်ပွဲဒဏ်နှင့် ကုန်ဈေးနှုန်းမြင့်မားမှုဒဏ်ကို တစ်ပြိုင်တည်းခံစားနေရသည်ဟု သိရသည်။

"စစ်ပွဲဖြစ်နေတာကို အကြောင်းပြုပြီး စီးပွားရေးသမားတွေက အကွက်ကျကျ စားကွက် ထွင်နေတာကို ရပ်သင့်တယ်။ လက်နက်ကိုင်ဘက်က ဆက်ကြေး တောင်းတယ်။ အစိုးရဘက်ကသိတော့ တရားစွဲတယ်။ လုပ်စားစရာမြေတွေလည်း သိမ်းခံရတယ်။ မြေမရှိတော့ လက်လုပ်လက်စားပဲ လုပ်နေရတယ်။ ဒီလို ကုန်ဈေးနှုန်းတွေကြီးတော့ ဆန်လောက်ပဲ ဝယ်နိုင်တယ်။ ဒါတွေကို ခံစားဖို့ကျွန်တော်တို့ လူတန်းစားတွေ လူဖြစ်လာရတာလား။ ဘယ်အချိန်အထိ ခံစားနေရမှာလဲ၊ ဘယ်သူ့မှာ တာဝန်ရှိလဲ ဆိုတာ မေးချင်ပါတယ်''ဟု နောင်ချိုမြို့နေဒေသခံ ဦးထွန်းရွှေက ပြောသည်။

မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်မြို့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့ အပါအဝင်နေရာ ၅ ခုကို မြောက်ပိုင်းမဟာမိတ် လက်နက်ကိုင် တပ်ဖွဲ့များဖြစ်သော TNLA, MNDAA နှင့် AA တပ်ဖွဲ့ဝင်များမှ ဝင်ရောက်တိုက် ခိုက်ခဲ့သဖြင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ အဓိက တံတားများကိုလည်း မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များမှ မိုင်းခွဲ ဖျက်ဆီးခဲ့သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ရာ မူဆယ်မြို့ပေါ်ရှိ ကုန်လှောင်ရုံများတွင် ကုန်စည် ပြတ်တောက်နေပြီး ထပ်မံဝယ်ယူရန် အခက်အခဲ ရှိနေသဖြင့် ကုန်ဈေးနှုန်း မြင့်တက်နေခြင်း ဖြစ်ကြောင်း သိရသည်။

"အခုစစ်ပွဲတွေ ဖြစ်နေတော့ မန္တလေးကနေ တောင်ကြီး၊ အဲဒီကနေ သီပေါ ခိုလုံလမ်းခွဲ အဲဒီလို မူဆယ်ရောက်ဖို့ အဆင့်ဆင့် သွားနေရတာပါ။ နောက်ပြီး ကားသမားတိုင်းလည်း မသွားရဲဘူးဆိုတော့ ကားခက နှစ်ဆလောက် တက်တယ်။ အဲဒီလို အခက်ခဲလေး တွေကြောင့် ဈေးတက်ရတာပါ။ ဒါလဲ မကြာလောက်ပါဘူး။ လမ်းပွင့်သွားရင် အရင်လို ပြန်ဖြစ်သွားမှာပါ''ဟု မန္တလေးမှ မူဆယ်သို့ ဆန်တင်ပို့နေသော ဆန်ဆိုင် လုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

ထို့အတူ ယာဉ်မောင်းတစ်ဦးကလည်း "ကျွန်တော်တို့က အငှားကား မောင်းရတာဖြစ်လို့ မိသားစုစားဝတ်နေရေးအရ သူများ ရပ်တိုင်းလည်း ကိုယ်ရပ်နေလို့ မရဘူး။ ဘယ်သူမဆို သေမှာတော့ ကြောက်တာပေါ့။ ဒီလိုပဲ နည်းနည်းလေး မောင်းလိုက်၊ ရှေ့ကမြို့တွေကို သတင်းစုံစမ်းလိုက် ဆက်သွားနေရတာပေါ့။ တိုက်ပွဲဖြစ်နေတယ်ဆိုရင်လည်း ကိုယ့်ကားလေးကို ရတဲ့နေရာမှာ ရအောင်ထိုးပြီး ဘေးကပ်ရှောင်ရတာပဲ။ ကားသမားတွေ အပစ်ခံရတယ်ဆိုတာ တိုက်ပွဲထဲ ပိတ်မိနေတော့ အပစ်ခံရတာပါ။ နွားကားတွေ အပစ်ခံရတာကတော့ ကုမ္ပဏီနဲ့ မပြေလည်လို့ အပစ်ခံရတာပါ။ သူတို့ပြောသလို လုပ်ပေးရင် ရန်မရှာပါဘူး။ ဆက်ကြေးတောင်းတာတွေလည်း ရှိပါတယ်။ ဘယ်လောက်ရယ်တော့ မဟုတ်ဘူး။ ပါသလောက် အကုန်ပေးရတာပဲ။ ကျွန်တော်ကားမောင်းလာတဲ့ သက်တမ်းတစ်လျှောက်တော့ အခုထိ အပစ်မခံရသေးပါဘူး''ဟု ပြောဆိုခဲ့သည်။

ယခုလက်ရှိ ဖြစ်ပွားနေသော စစ်ပွဲများကြောင့် ဒေသခံ ပြည်သူများ အခက်အခဲ ဖြစ်ပေါ်နေပြီး ကျောင်းများလည်း ပိတ်ထားရကာ အလုပ်အကိုင်များလည်း ရပ်နားထားရကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသတွင် ယခုအခါ ဆန်တစ်အိတ် ကျပ် ၈၀၀၀၀ မှ ၁၅၀၀၀၀၊ ကြက်ဥ တစ်လုံး လျှင် ၅၀၀ ကျပ်၊ ဆီတစ်ပိဿာလျှင် ၄၀၀၀ မှ ၆၀၀၀ ကျပ် အထိ ဈေးတင် ရောင်းချမှုများ ရှိနေပြီး ယခုကဲ့သို့ အလုပ်လက်မဲ့ဖြစ်နေချိန်တွင် ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် ဒေသခံများအတွက် အခက်အခဲ ဖြစ်ပေါ်နေရပြီး အစိုးရမှ တစ်နည်းနည်းဖြင့် ထိန်းသိမ်းပေးသင့်ကြောင်း ပြောဆိုမှုများ ရှိနေသည်။

# မိုင်းပန်တွင် ထွက်ပေါ်နေသော ကောလာဟလသတင်းများကြောင့် လူထု ကြောက်လန့်မှု မရှိရန်လိုဟု ဆို

စိုင်းသိခ်သူ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ပြောက်ကျား ယူနီဖောင်းမဝတ်ရ၊ လယ်ခြံများ သွားလျှင် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ သတင်းပို့ရန် ဟူသော ကောလာဟလသတင်းများ ထွက်ပေါ်နေပြီး ယင်းသတင်းများမှာ မှန်ကန်မှု မရှိသဖြင့် လူထုအနေဖြင့် ကြောက်လန့်မှုမရှိရန် လိုအပ်သည်ဟု မိုင်းပန်မြို့နယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ထံမှ သိရသည်။

အဆိုပါ သတင်းများ ထွက်ပေါ်ခဲ့မှုနှင့် ပတ်သက်၍ ဩဂုတ်လ ၂၁ ရက် ညပိုင်းက ပြုလုပ်ခဲ့သည့် မိုင်းပန်မြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ အစည်းအဝေးတွင် လူထု၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့ရသည်ဟု မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်က ပြောသည်။

"အဲဒီသတင်းတွေ ဖြစ်လာရတာ ထွေအုပ်က ပြောလို့ဆိုလို့ ထွေအုပ်ကို မေးတယ်။ အုပ်ချုပ်ရေးပိုင်းက ပြောတာက နယ်မြေလုံခြုံရေးအရ လှည့်ကင်း၊ ပတ်ကင်း၊ ဝပ်ကင်းတွေ လုပ်ဖို့ရှိတယ်။ တွေ့တဲ့အခါ လူထုက ကြောက်ပြီးမပြေးဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ကို ပြောတာလို့ဆိုတယ်။ ဩဂုတ်လ ၁၆ ရက်က လုပ်တဲ့ထွေအုပ် အစည်းအဝေးမှာလည်း ဒါကိုပဲ ပြောတာဖြစ်တယ်။ တပ်က လုံခြုံရေးအတွက် စစ်ဆေးတာ လုပ်မယ်။ စစ်ဆေးရင် ဒေသခံတွေကို ထွက်မပြေးဖို့ ပြောတယ်။ အဲဒီမှာ ပြောက်ကျား ဝတ်စုံဝတ်တိုင်း လက်နက်ကိုင်အဖွဲ့ မဟုတ်ဘူး၊ မသင်္ကာရင် ရပ်ရွာလူကြီးကို မေးဖို့ တာဝန်ရှိသူတွေကို ပြောတာပါ။ အဲဒါ လူထုကြားမှာ တစ်ဆင့်ခံပြန်ကြားပြီး လူထုကကြောက်လန့်ပြီး လာမေးတာရော၊ ဖုန်းဆက်မေးတာရော ဖြစ်လို့ အစည်းအဝေးမှာ ဖြေရှင်းပြောရတာ ဖြစ်ပါတယ်" ဟု ဦးစိုင်းနောင့်က ပြောသည်။

ဩဂုတ်လ ၁၆ ရက်က ပြုလုပ်သည့် မြို့နယ်အုပ်ချုပ်မှု အစည်းအဝေးတွင် မိုင်းပန်မြို့အခြေစိုက် စကခ မှ နယ်မြေလုံခြုံရေးအရလှည့်ကင်း၊ ပတ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ရာတွင် အများပြည်သူ တွေ့ရှိရသည့်အခါ ကြောက်လန့်မှု မရှိဘဲ ထွက်ပြေးခြင်း မပြုရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့သည့်အပေါ် သတင်းစကားများ ပြန့်ကားကာ ကောလာဟလအသွင် ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မိုင်းပန်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဖြစ်သူ ဦးကျော်မျိုးထွန်းက "သတင်းတွေက ကောလာဟလများသာ ဖြစ်ပါတယ်။ တပ်ကင်းများနဲ့ တွေ့တဲ့အခါ မကြောက်မလန့်ဘဲ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

"လူထုက ကြောက်လန့်နေကြတာ။ ပြောက်ကျားအင်္ကျီက အကြမ်းခံတယ်။ အလုပ်ကြမ်းနဲ့လဲ လိုက်တယ်။ ဝတ်ရတာလဲ အဆင်ပြေတယ်ဆိုပြီး ဝတ်ကြတာ။ အခုလို ကြားတော့ ကြောက်ကြတယ်။ ပိုဆိုးတာက လယ်ယာခြံ သွားတယ်ဆိုရင် သတင်းပို့ရမယ်ဆိုတာက ပိုဆိုးတော့တာပေါ့။ တောသူတောင်သား ဆိုတာက အစကတည်းက လက်နက်ကိုင်ဆိုရင် ဘာဖြစ်ဖြစ် ကြောက်နေကြရတာဆိုတော့ ဒီသတင်းတွေက မမှန်ဖို့ပဲ လိုပါတယ်။ စစ်ဖြစ်မှာ၊ ဖမ်းဆီးစစ်ဆေးခံရမှာ ကြောက်နေကြတယ်။ သတင်းတွေကြောင့် ထိတ်လန့်နေကြတာပေါ့"ဟု မိုင်းပန် ဒေသခံတစ်ဦးက ပြောဆိုခဲ့သည်။

လက်ရှိတွင် မိုင်းပန်မြို့နယ်၌ တပ်မတော်နှင့် ရဲတပ်ဖွဲ့ပူးပေါင်းကာ လုံခြုံရေး ဆောင်ရွက်နေပြီး အထူးသဖြင့် ညပိုင်းများတွင် အင်အားထွက်ကာများကို စစ်ဆေးနေသည်ဟု သိရသည်။

မိုင်းပန်မြို့သည် တောင်ကြီးမြို့မှ မိုင်၂၀၀ ခန့်အကွာတွင် တည်ရှိပြီး ယင်းမြို့နယ်အတွင်းတွင် RCSS ၏ ဌာနချုပ်လွယ်တိုင်းလျှန်း တည်ရှိကာ နယ်မြေအတွင်းတွင် ယင်းလက်နက်ကိုင်တပ်ဖွဲ့များ လှုပ်ရှားလျက်ရှိကြောင်း သိရသည်။

# ကျိုင်းတုံမြို့ ယန်းခမ်း အဝေးပြေး ယာဉ်ရပ်နားစခန်းရှိ ဆက်သွယ်ရေးဖုန်းတိုင်ကြောင့် လျှပ်စစ်အန္တရာယ် စိုးရိမ်နေရ

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့ ယန်းခမ်းအဝေးပြေးခရီးသည်တင် ယာဉ်ရပ်နားစခန်း အတွင်းရှိ လျှပ်စစ်မီးကြိုးအောက်၌ တယ်လီဖုန်းလိုင်းကြိုးများ တပ်ဆင် သွယ်တန်းထားသည့် ဖုန်းတိုင်မှာ ယိုင်နဲ့၍ ပြိုကျလုနီးပါး ဖြစ်နေသဖြင့် လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

"ဆက်သွယ်ရေးကို ဖုန်းဆက်ပြောထားပေမယ့် ဘာမှ လာမလုပ်ပေးပါဘူး။ မတော်တဆ လေပြင်းမုန်တိုင်း တိုက်လို့ ဖုန်းတိုင်လဲကျပြီး ဓါတ်ကြိုးတွေ ရှော့ဖြစ်ရင် မတွေးရဲစရာ ဖြစ်နေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ပြောဆိုမှုနှင့် ပတ်သက်၍ ကျိုင်းတုံမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ် ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဦးဟန်သင်းက "ကျွန်တော်လည်း တယ်လီဖုန်းလိုင်းမင်းတွေနဲ့ တွေ့တုန်းက ပြောထားခဲ့တာ ရှိပါတယ်။ တရားဝင် စာနဲ့ ရေးတင်တာမျိုးတော့ မရှိသေးပါဘူး။ တာဝန်ရှိသူကို ဆက်ပြီး တင်ပြပေးပါမယ်"ဟု ကမ္ဘောဇတိုင်းသို့ ပြောသည်။

တောင်ကြီးမှ တာချီလိတ်သို့ မော်တော်ယာဉ်ဖြင့် စီးနင်းလိုက်ပါလာသူ တစ်ဦးကလည်း " IKBZ မှာ ခရီးသွား အာမခံ လုပ်ထားပါတယ်။ လမ်းခရီးနဲ့ ယာဉ် မတော်တဆမှုကြောင့် မဟုတ်ဘဲ ဓါတ်လိုက်ခံရတာမျိုး ဆိုရင်တော့ လူကြားလို့ မကောင်းပါဘူး"ဟု ၎င်း၏ အမြင်ကို ပြောဆိုခဲ့သည်။

ကျိုင်းတုံမြို့တွင် ၂၀၀၄ ခုနှစ်က လျှပ်စစ်မီးကြိုး ပြတ်ကျမှုကြောင့် မူလတန်းကျောင်းသားတစ်ဦး ဓါတ်လိုက် သေဆုံးမှု ဖြစ်ပွားခဲ့ဖူးပြီး ၂၀၁၆ ခုနှစ်ကလည်း ဆောက်လုပ်ရေး လုပ်သား တစ်ဦး ဓါတ်လိုက် သေဆုံးမှု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

❐



# မိုင်းတုံတွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ် ရောင်းချခွင့် လက်မှတ်များ ပေးအပ်

မင်းဇော်မင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမြို့နယ်တွင်၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွက် အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ် ပေးအပ်ပွဲကို ဩဂုတ်လ ၂၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွက် မိုင်းတုံမြို့နယ်အတွင်း အသားထုတ်လုပ် ရောင်းချခွင့်လက်မှတ် ပေးအပ်ခြင်းမှာ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃၁ ရက်အထိ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း အသားထုတ်လုပ်ရောင်းချခွင့် ပြုမှုအတွက် အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

"စနစ်တကျ ထုတ်လုပ်ရောင်းချနိုင်ဖို့၊ ခွင့်ပြုချက် မရှိတဲ့သူက သတ်ပြီး ရောင်းချခွင့် မရှိတာကို ထိန်းချုပ်ဖို့၊ အထူးသဖြင့် စားသုံးသူ အန္တရာယ် မဖြစ်စေဖို့ပါ"ဟု မိုင်းတုံမြို့နယ် စည်ပင်သာယာရေး ဌာနမှ အမှုဆောင်အရာရှိ ဦးမြင့်နိုင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

မိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ အသားရောင်းချခွင့် ပြုလုပ်ငန်းများအတွက် လက်မှတ်ရရှိသူများမှာ မိုင်းတုံမြို့မ (ဝက်) အတွက် အာမခံငွေကျပ် ၅ သိန်းဖြင့် အမြင့်ဆုံး ရောင်းချမည့် အသားရောင်းဈေးနှုန်းကို တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ဖြင့် ခေါင်းခွန်သတ်မှတ်နှုန်း ၇၀၀၀၊ တစ်ရက် တစ်ကောင်နှုန်းဖြင့်လည်းကောင်း၊ မိုင်းတုံမြို့မ (အမဲ)အတွက် အာမခံငွေ ကျပ်သိန်း ၃ သိန်းဖြင့် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ခေါင်းခွန် သတ်မှတ်နှုန်း ကျပ် ၁၀၀၀၀ တစ်ရက်တစ်ကောင်နှုန်းဖြင့် လည်းကောင်း၊ ပုံပါကျင်မြို့(ဝက်)အတွက် အာမခံငွေ ကျပ် ၂ သိန်းခွဲဖြင့် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ၂ ရက်လျှင် တစ်ကောင်နှုန်းဖြင့် လည်းကောင်း၊ ပုံပါကျင် (အမဲ) အတွက် အာမခံငွေ ကျပ် ၁၁၀၀၀၀ ဖြင့် ၄ လ တစ်ကောင်နှုန်းဖြင့်လည်းကောင်း၊ နားကောင်းမူ(ဝက်) အာမခံ ကျပ် ၇ သိန်းဖြင့် ၁ ရက် ၁ ကောင်နှုန်း၊ နားကောင်းမူ (အမဲ) အာမခံ ကျပ် ၃ သိန်းခွဲဖြင့် ၂ လ တစ်ကောင် နှုန်းဖြင့် လည်းကောင်း တင်ပြ လျှောက်ထား၍ ခွင့်ပြုချက်ရသူ ၂ ဦးအား လက်မှတ်များ ထုတ်ပေးခဲ့ခြင်း ဖြစ်ပြီး အသားရောင်းခ အဖြစ် ၁ ပိဿာ အပေါ် စည်းကြပ်နှုန်း ဝက် ကျပ် ၃၀၀ ကျပ်၊ အမဲ ၄၀၀ ကျပ် သတ်မှတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အသားများကို သတ်မှတ်ထားသည့် ဈေးများတွင်သာ ရောင်းချရန်ဖြစ်ပြီး နေ့စဉ် ရောင်းချမည့်အသားများကို ကျန်းမာရေး အရ စစ်ဆေးခံရန်နှင့် အများပြည်သူ စားသုံးရန် မသင့်လျော်သည့် အသားများကို မရောင်းချရန်၊ နေ့ကြီးရက်ကြီးများတွင် အသား မပေါ်ရန်၊ စည်းကမ်းဖောက်ဖျက်ပါက ငွေဒဏ်နှင့် အာမခံငွေ သိမ်းဆည်းခြင်း၊ အသား ထုတ်လုပ်ခွင့် ရပ်ဆိုင်းခြင်း စသည့် စည်းကမ်းချက် ၄၄ ချက်နှင့်အညီ ရောင်းချခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းကို ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

အဆိုပါ လက်မှတ်ပေးအပ်ပွဲသို့ မိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလား၊ မြို့နယ်ဆရာဝန် ဒေါက်တာသက်ခိုင်မင်း၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ စိုင်းအေးလှိုင်၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးသန်းဌေးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019

# နမ့်တူမြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းများ ရပ်တန့်ရေးအတွက် သီပေါတွင် ဆုတောင်းပွဲ ပြုလုပ်

မင်းဇော်မင်း

နမ့်တူမြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာ စီမံကိန်းများ ရပ်တန့်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ တာလုံကျေးရွာတွင် ဩဂုတ်လ ၂၁ ရက်က ဒေသရိုးရာအရ ကျေးရွာ၏ကံဇာတာကို မြှင့်တင်ခြင်းနှင့် မြစ်စောင့်နတ်များအား တိုင်တည်ခြင်း အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် နားမခေါ်၊ ဟိုနား၊ ဝမ်ဟွမ်၊ တုံကြိုက်၊ နိုင်းလုံ၊ နားစလောင်း၊ နမ့်လန်ကျေးရွာများမှ ဒေသခံလူထု ၅၀၀ ကျော်နှင့် သံဃာ ၁၂ ပါးတို့က နမ့်တူမြစ်ပေါ်ရှိ ရေကာတာ စီမံကိန်းများ အလိုမရှိ ဗွီနိုင်းကိုင်ဆောင်ကာ ဆုတောင်းခဲ့ပြီး အများသဘောဆန္ဒအရ ထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

''ရပ်ရွာရိုးရာအရ ရေလွှမ်းမိုးပြီး ကျေးရွာပျက်စီးရမယ့် ဘေးကအသက်ဆက်တဲ့အနေနဲ့ ဇာတာမြှင့်တင်တာပါ။ နမ့်တူမြစ်စောင့် နတ်များကိုလည်း စောင့်ရှောက်ပေးကြဖို့ ပင့်ဖိတ်ကြပါတယ်။ ပြီးတော့ ကန်တော့ပွဲကို ဖောင်နဲ့ တင်ပြီးရေမျှောဆုတောင်းခဲ့ကြပါတယ်''ဟု တာလုံကျေးရွာဒေသခံ နန်းလောင်ခမ်းက ကမ္ဘောဇတိုင်းသို့ ပြောသည်။

တာလုံကျေးရွာ၂ ရွာတွင် လူဦးရေ ၇၀၀ ခန့်ရှိပြီး ရှောက်သီးနှင့် ရှောက်ပန်းသီးများ အဓိက စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

''ဘိုးစဉ်ဘောင်ဆက် ကျွန်မတို့ကို ကောင်းကျိုးပြုခဲ့တဲ့ ရှောက်သီးခြံတွေ၊ ရှောက်ပန်းသီးခြံတွေကို မြတ်နိုးတယ်။ ဒီ ရေကာတာကြောင့်ကျွန်မတို့ ရပ်ရွာကို ရေမလွှမ်းစေချင်ပါဘူး''ဟု ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

အထက်ရဲရွာရေကာတာ ဆောက်လုပ်ပြီးစီးပါက တာလုံအရှေ့နှင့် အနောက်ကျေးရွာများ ရေလွှမ်းခံရမည်ဖြစ်ပြီး အခြားသောယဉ်ကျေးမှု အမွေအနှစ်များနှင့် စဉ်ဆက်မပြတ်အသက်မွေးဝမ်းကျောင်း အကျိုးပြုခဲ့သည့် သဘာဝ မြေဆီဩဇာကြွယ်ဝသော ဥယျာဉ်ခြံမြေများ ရေအောက်သို့ နစ်မြုပ် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ ရေကာတာများသည် စစ်တလင်း ပြင်းထန်သည့် ဒေသအတွင်း တည်ရှိနေသော်လည်း တရုတ်ကုမ္ပဏီ၊ ဆွစ်ဇာလန်နှင့် ဂျပန်ကုမ္ပဏီများမှ ရင်းနှီးမှုများ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သိန္နီ၊ လားရှိုး၊ ကွတ်ခိုင်မြို့နယ်များတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တပ်မတော်တို့ တိုက်ပွဲများကြောင့် ပြည်သူ ၃၀၀၀ ကျော် တိမ်းရှောင်ခဲ့ရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

''တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ တပ်မတော်တို့ တိုက်ပွဲရှိနေသရွေ့တော့ နမ့်တူမြစ်ပေါ်မှာ လုံးဝရေကာတာတွေ မဆောက်လုပ်သင့်ဘူး''ဟု သီပေါဒေသခံ စိုင်းထမ်းအိုက်က ဆိုသည်။

နမ့်တူမြစ်ပေါ်တွင် အကြီးစားရေကာတာစီမံကိန်း ၃ ခုရှိပြီး နော်ဝေနိုင်ငံပိုင် SN Power ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ၇၃၅ မဂ္ဂါဝပ် ထွက်ရှိမည့် အလယ်ရဲရွာ စီမံကိန်းသည် နောင်ချိုမြို့နယ်အတွင်း စစ်ဖြစ်နေသည့် နေရာတွင် တည်ရှိနေသည်ဟု သိရသည်။

အဆိုပါ ရေကာတာစီမံကိန်းနိုင်ငံများနှင့် ပတ်သက်၍ ဒေသခံများမှ သံရုံးများသို့ မေတ္တာရပ်ခံစာများ ပေးပို့မှုကြောင့်၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်က ပြင်သစ်နိုင်ငံမှ Engie ကုမ္ပဏီသည် စီမံကိန်းများမှ နုတ်ထွက်ခဲ့သော်လည်း အခြားကုမ္ပဏီများဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံမှ Stucky SA၊ ပြင်သစ်နိုင်ငံမှ IPGRB၊ တရုတ်နိုင်ငံမှ Yunnam Machinery Import and Export ကုမ္ပဏီနှင့် Zhenjiang Orient Engineering၊ ဂျပန်နိုင်ငံမှ Toshiba နှင့် High Tech Concrete Technology ကုမ္ပဏီတို့မှာ စီမံကိန်းများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

# ကျောင်းသူ / ကျောင်းသားများ၏ ကျန်းမာရေးသည် ပညာရည် တိုးတက်မြင့်မားရေးနှင့် ဆက်နွယ်လျက်ရှိကြောင်း ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ပြော

ထက်တိုင်းကျော်

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းကျန်းမာရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ်လ ၂၀ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့ရှိ Amazing ဟိုတယ်တွင် ကျင်းပပြုလုပ်ရာ အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကျောင်းသူ/ကျောင်းသားများ၏ ကျန်းမာရေးသည် ပညာရည်တိုးတက်မြင့်မားရေးနှင့် ဆက်နွယ်လျက်ရှိသည်ဟု ပြောဆိုခဲ့သည်။

ကျောင်းသူ/ကျောင်းသားများ၏ ကျန်းမာရေးသည် ပညာရည်တိုးတက်မြင့်မားရေးနှင့် ဆက်နွယ်လျက်ရှိကာ ပညာရေး တိုးတက်ခြင်းသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သောကြောင့် ကျောင်းကျန်းမာရေးအတွက် အစဉ်မပြတ် ဂရုစိုက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးမှ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထို့အတူ ကျိုင်းတုံမြို့ရှိ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်က ကျောင်းများတွင် လက်ရှိဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကျောင်းအုပ်များ၊ ဆရာ/ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘများနှင့် ကျောင်းသား/ကျောင်းသူများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေးလှုပ်ရှားမှု လုပ်ငန်းစဉ်သည် စဉ်ဆက်မပြတ် စေတနာထား၍ ဆောင်ရွက်မှသာ အောင်မြင်တိုးတက်မှု ရလဒ်ကောင်းကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ စာသင်ခန်းများ သန့်ရှင်း၍ လေဝင်လေထွက် ကောင်းမွန်ရေး၊ ကျောင်းသား/သူ များ၏ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အသက်အရွယ်အလိုက် ကာကွယ်ဆေးများ ထိုးနှံခြင်းနှင့် ကျန်းမာရေးနှင့် ပတ်သက်သည့် ဟောပြော ပညာပေး ဆွေးနွေးခြင်းတို့ ပါဝင်ကြောင်း သိရသည်။



အဆိုပါ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့်အတူ ရှမ်းပြည်နယ် အရှေ့ပိုင်း ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ တွဲဘက်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ် ဆရာကြီး/ဆရာမကြီးများ၊ ဆရာ/ဆရာမများ၊ ကျောင်းကျန်းမာရေး စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား/သူများ တက်ရောက်ခဲ့ပြီး ကျောင်းကျန်းမာရေး စံပြဆုရ ကျောင်းများကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

❐

# မိုင်းခွဲ ဖျက်ဆီးခံရသည့် ဂုတ်တွင်းတံတား ပြန်လည်ပြုပြင်မှု ပြီးစီး

ဝဏ္ဏထွန်း

မြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မိုင်းခွဲဖျက်ဆီးခြင်း ခံခဲ့ရသော နောင်ချိုမြို့နယ်၊ ဂုတ်တွင်းတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ပြုပြင်လျက်ရှိရာ ဩဂုတ်လ ၂၀ ရက်၊ မွန်းလွဲပိုင်းတွင် လုပ်ငန်းများပြီးစီး၍ ယာဉ်များကို အလှည့်ကျ ဖြတ်သန်းစေလျက်ရှိကြောင်း သိရသည်။

''အခုက ယာယီဖြတ်သန်းလို့ရမယ့် သံဘောင်ဘေလီတံတားပေါ့။ လတ်တလောမှာ သွားလာရေး အဆင်ပြေအောင် အရင်တံတားဟောင်းကို ငုံပြီးလုပ်တာပါ။ စတင်လုပ်ဆောင်ချိန်ကစပြီး ၅ ရက်နဲ့အပြီး နေ့ကော၊ ညကော တည်ဆောက်ခဲ့တာပါ။ တံတားချဉ်းကပ်လမ်း အချောသပ်လုပ်ငန်း နည်းနည်း ကြန့်ကြာသွားတဲ့အတွက် ညနေပိုင်းမှ စဖွင့်ပေးတာပါ။ တံတား အခြေအနေကိုလည်း ဆက်စောင့်ကြည့် ရသေးပါတယ်''ဟု အိုရီယမ်တယ် ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု ယာယီတံတားသည် အရှည်၂၁၀ ပေ သံဘောင်ဘေလီ ၂ လမ်းသွားဖြစ်ပြီး တံတား ခံနိုင်ဝန် ၃၆ တန်ဖြစ်ကာ ယခင်တံတားဟောင်းကို ငုံ၍ ဆောက်လုပ်ထားခြင်း ဖြစ်သည်။ တံတားချဉ်းကပ်လမ်း နှစ်ဖက်ကို ကားများ ဖြတ်သန်းသွားရာတွင် တုန်ခါမှု မရှိစေရန် စက်ကြီးများဖြင့် အမာခံ ကြိတ်ထားပြီး ဩဂုတ်လ ၂၀ ရက်မှ စတင်၍ အိမ်စီး ကားငယ်များနှင့် ကားလတ်များကို ဖြတ်သန်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်က အဆိုပါ ဂုတ်တွင်း တံတားကို ဖောက်ခွဲ ဖျက်ဆီးခံခဲ့ရပြီးနောက် ဩဂုတ်လ ၁၆ ရက်တွင် တပ်မတော်မှ မိုင်း ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားပြည်သူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်း/တံတား အင်ဂျင်နီယာများ၏ ဝိုင်းဝန်းပံ့ပိုးမှုဖြင့် သံဘောင်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ်လ ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကာ လုံခြုံရေးအရ တံတားပေါ် ဖြတ်သန်းချိန်တွင် ဓါတ်ပုံရိုက်ကူးခြင်း မပြုရန်တားမြစ်ထားကြောင်း သိရသည်။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE.34 THURSDAY, AUGUST 29, 2019



# ကျိုင်းတုံမြို့နယ်တွင် ကြက်ဥနှင့် ဘဲဥဈေး အနည်းငယ် မြင့်တက်



ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသတွင် ဝက်အပြင်းဖျားရောဂါ (African Swine Fever Virus) ရောဂါတွေ့ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ခဲ့ပြီးနောက် စားသုံးသူဈေးကွက်တွင် ကြက်ဥနှင့် ဘဲဥ ဈေးနှုန်းများအနည်းငယ် မြင့်တက်လာကြောင်း သိရသည်။

ကျိုင်းတုံမြို့ရှိ ဈေးဆိုင်များတွင် ကြက်ဥ အသေး ၁၀ လုံးလျှင် ၁၅၀၀ ကျပ်၊ အကြီး ၁၇၀၀ ကျပ်နှင့် ဘဲဥ ၁၀ လုံးလျှင် ၂၅၀၀ ကျပ်ဈေးရှိနေပြီး ဝက်များတွင် အမည်မသိရောဂါကူးစက်ခံရ၍ သေဆုံးမှု ဖြစ်ပွားခဲ့သည့်အတွက် ကြက်ဥနှင့် ဘဲဥများ စားသုံးသူ များပြားပြီး ဈေးနှုန်းတက်လာခြင်းဖြစ်သည်ဟု သိရသည်။

''ဝက်တွေ သေတဲ့သတင်းမပျံ့ခင်တုန်းကတော့ ကြက်ဥအကြီး ၁၀ လုံးဈေးက ၁၆၀၀ ရှိပါတယ်။ ဘဲဥက ၂၀၀၀ ပါ။ အခုတော့ လူတွေက ကြက်ဥ၊ ဘဲဥကို ပိုစားလာလို့ ဈေးတက်လာတယ်လို့ ထင်ပါတယ်''ဟု ဒေသခံတစ်ဦးက ပြောသည်။

ထို့အတူ ကျိုင်းတုံမြို့နေ အာခါတိုင်းရင်းသူတစ်ဦးဖြစ်သူ ဒေါ်ဘူးချာကလည်း ''ဒီလက ကျွန်မတို့ အာခါတိုင်းရင်းသားတွေရဲ့ စပါးအနှံ စထွက်ချိန်မှာ ဆင်နွှဲတဲ့ ဒန်းစီးပွဲတော်အချိန် ဖြစ်ပါတယ်။ ဘယ်ရွာမှ ဝက်သား မကျွေးပါဘူး။ တခြားအသားကိုပဲ အဆင်ပြေသလို ကျွေးပါတယ်''ဟု ပြောဆိုခဲ့သည်။

ကျိုင်းတုံမြို့မဈေးရှိ ဝက်သားအရောင်းဆိုင်အချို့တွင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ စစ်ဆေးအတည်ပြုထောက်ခံချက်ဖြင့် ရောင်းချမှုများ ရှိနေသော်လည်း ရောင်းအား ကျဆင်းနေဆဲဖြစ်သည်ဟု သိရသည်။

# ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မြို့နယ်များတွင် ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေး

ထက်တိုင်းကျော်

ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသအတွင်းရှိ မြို့နယ် ၈ ခုတွင် အသက် ၅ နှစ်အောက် ကလေးများအား ပိုလီယို အကြောသေ ရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်၊ဖာပွန်မြို့နယ်တွင် အကြောသေရောဂါ ဖြစ်ပွားသူ ၃ ဦးအား ၂၀၁၉ ခုနှစ်အတွင်း စတင်တွေ့ရှိခဲ့ပြီး ကာကွယ်ဆေး တိုက်ကျွေးရန် အလုမ်းကွာဝေးသည့် မြို့နယ် ၈၆ ခုအား ဩဂုတ်လ ၂၆ ရက်မှ ၂၈ ရက်အထိ ပထမဆုံးအကြိမ် ကာကွယ်ဆေး တိုက်ကျွေးခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလတွင် ဒုတိယအကြိမ် တိုက်ကျွေးမည် ဖြစ်ကြောင်း သိရသည်။

''မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်က ပိုလီယိုကင်းစင်ကြောင်း ကြေညာပြီး၂၀၁၅ ခုနှစ်မှာ အသွင်ပြောင်းရောဂါပိုးကို စတင်တွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသ ၈ မြို့နယ်မှာ နေထိုင်ကြတဲ့ ပြည်သူတွေကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးတဲ့ အစီအစဉ်ကို အားလုံးသိရှိဖို့ လိုပါတယ်''ဟု ကျိုင်းတုံခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ပိုလီယို အစက်ချကာကွယ်ဆေး (OPV) သည် အန္တရာယ်အကင်းဆုံး ကာကွယ်ဆေးများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာနှင့် အဝှမ်းရှိ ကလေးငယ် ၁၆ သန်းကျော်ကို ပိုလီယိုရောဂါကြောင့် ရာသက်ပန်အကြောသေ မသန်စွမ်းဖြစ်မှုမှ ကာကွယ်ပေးနိုင်ခဲ့သည်ဟု သိရသည်။

''ကျွန်မကလေးကို ဘယ်လိုကာကွယ်ဆေးပဲဖြစ်ဖြစ် ကျန်းမာရေးက ခေါ်တဲ့နေရာကိုသွားပြီး ဆေးထိုး၊ ဆေးတိုက်ပါတယ်။ ကလေးကျန်းမာနေမှ မိသားစုလည်း စိတ်အေးချမ်းမှာဆိုတော့ ကလေးကို ဘာမှမဖြစ်အောင် ဂရုစိုက်ပါတယ်''ဟု ကျိုင်းတုံမြို့နေ ကလေးမိခင်တစ်ဦးက ပြောသည်။

ပိုလီယိုရောဂါ ကင်းစင်စေရန်အတွက် ပြည်သူများ၏ အခန်းကဏ္ဍမှာ မိမိတို့၏ ကလေးများကို ပုံမှန်ကာကွယ်ဆေးနှင့် အပိုဆောင်း ပိုလီယိုရောဂါကာကွယ်ဆေးများ သေချာစွာ တိုက်ကျွေးရန် လိုအပ်ပြီး ယင်းတိုက်ကျွေးမည့် အစီအစဉ်ကို မိမိနေထိုင်ရာ ပတ်ဝန်းကျင်အား သတင်းစကား ပါးပေးရန်နှင့် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း၏ အရေးပါပုံများအား ပြောကြားပေးရန် လိုအပ်သည်ဟု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုက်တွန်းထုတ်ပြန်ထားသည်။

# ဟိုပုံးမြို့တွင် တွေ့ရှိသော ရာသီတုပ်ကွေးရောဂါ H1N1 သံသယရှိ လူနာ ၇ ဦးအနက် ၁ ဦးအား အတည်ပြု

ခွန်သက်ထူး

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် တွေ့ရှိခဲ့ရသည့် H1N1 သံသယလူနာ ၇ ဦးအနက် ၆ နှစ်အရွယ် ကလေးငယ်တစ်ဦးအား H1N1 ရောဂါ အတည်ပြုခဲ့ပြီး ကျန်လူနာကလေးငယ် ၆ ဦးအား Negative အဖြစ် အတည်ပြုခဲ့ကြောင်း သိရသည်။

''သူတစ်ယောက်ပါပဲ။ အမျိုးသား ဓာတ်ခွဲမှုဌာနက ပြထားတာ ကျန်တဲ့ကလေးတွေက Negative ဖြစ်ပါတယ်။ ကလေးကတော့ အကုန်ကောင်းနေပြီ စိတ်ချအောင်လို့ ဆေးရုံမှာပဲ ထားပါတယ်''ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဟန်ထူးအောင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

အဆိုပါ ကလေးငယ်တစ်ဦးမှာ ဟိုပုံးမြို့ မြို့ဦးရပ်ကွက်နေ အသက် ၆ နှစ်အရွယ်ကလေးဖြစ်ပြီး ၎င်းအား Type A ဖြင့် တွေ့ရှိရကာ ကျန်ရှိသောကလေး ၆ ယောက်မှာ Negative ဖြစ်ကြောင်းသိရသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လ၂၃ ရက်အထိ ရှမ်းပြည်နယ်အတွင်း H1N1 ရာသီတုပ်ကွေးရောဂါ သံသယလူနာ ဓါတ်ခွဲလူနာ ၂၆ ဦး၊ ဓါတ်ခွဲအတည်ပြု ဖြစ်ပွားသူ ၁၃ ဦး၊ သေဆုံးသူ ၁ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဩဂုတ်လ ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

❒



## ငါးရက်တစ်ဈေး ဈေးနေ့များ

| | |
|---|---|
| ၂၉-၈-၂၀၁၉ | တောင်ကြီးဈေး |
| ၃၀-၈-၂၀၁၉ | တောင်နီဈေး |
| ၃၁-၈-၂၀၁၉ | ပင်ဖြစ်ဈေး |
| ၁-၉-၂၀၁၉ | ဟိုပုံးဈေး |
| ၂-၉-၂၀၁၉ | ဖဲခုံးဈေး |
| ၃-၉-၂၀၁၉ | တောင်ကြီးဈေး |
| ၄-၉-၂၀၁၉ | တောင်နီဈေး |

- **ဟိုပုံးဈေး**
ညောင်ရွှေဈေး၊ ရပ်စောက်ဈေး၊ ပင်းတယဈေး၊ နန်းပန်ဈေး၊ စံကားဈေး၊ ဟပ်းဆီးဈေး၊ မိုင်းပွန်ဈေး၊ တီကျစ်ဈေး၊ တန့်ကွဲဈေး၊ မိုးဗြဲဈေး၊ မိုးနဲဈေး၊ ဆီဆိုင်ဈေး၊ ဆောင်းပြောင်းဈေး
- **ဖဲခုံးဈေး**
လွိုင်ကော်ဈေး၊ ဆိုက်ခေါင်ဈေး၊ ရွာငံဈေး၊ ကျုံးဈေး၊ ကျောက်တလုံးဈေး၊ တောင်တို့ဈေး၊ သန်းထောင်ဈေး၊ နားဘောင်ဈေး၊ နမ့်ဆီးဈေး၊ နမ်စန်ဈေး၊ လွိုင်လင်ဈေး၊ နောင်တရားဈေး
- **တောင်ကြီးဈေး**
အောင်ပန်းဈေး၊ နမ့်ခုတ်ဈေး၊ ဆတ်သေဈေး၊ ရွာမရေပေါ်ဈေး၊ မိုင်းပျိုးဈေး၊ ပင်ခွန်ဈေး၊ ပင်လုံဈေး
- **တောင်နီဈေး**
ဘန်းယဉ်ဈေး၊ ပင်လောင်းဈေး၊ ဖောင်တော်ဦးဘုရားဈေး၊ ဘော်ဆိုင်းဈေး၊ ပွေးလှဈေး၊ မိုင်းသောက်ဈေး၊ ကူနှီးသာဈေး၊ နန်းတိုင်းဈေး
- **ပင်ဖြစ်ဈေး**
ကလောဈေး၊ ရွှေညောင်ဈေး၊ ခေါင်တိုင်ဈေး၊ အင်းတိန်ဈေး၊ နောင်မွန်ဈေး၊ ကောင်းအိုဈေး၊ ကျောက်တန်းဈေး၊ မော်ဘီ-ဝါးတောဈေး၊ ဖယ်ခုံဈေး၊ ဇလဲဈေး




# " ပြည်သူ့ မျက်နှာကို ငဲ့ညှာကြပါ "

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသတွင် ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်မှ စတင်၍ ညီနောင်မဟာမိတ် တပ်ဖွဲ့များဖြစ်သော TNLA၊ MNDAA ၊ AA တို့နှင့် တပ်မတော်တို့အကြား တစ်ကျော့ပြန် ဖြစ်ပွားလာသော စစ်ပွဲများကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများတွင် ဒေသခံပြည်သူ အများအပြား စစ်ဘေးတိမ်းရှောင်နေကြရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ စာရင်းများအရ ရှမ်းမြောက်ရှိ စစ်ရှောင်စခန်းများတွင် ခိုလှုံနေသူ စုစုပေါင်း ၂၅၀၀ ခန့်အထိ ရှိနေပြီး ရှမ်းပြည်နယ်အစိုးရမှ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆောင်ရွက်ပေးနေကြောင်း သိရပါသည်။ ယင်းကိန်းဂဏန်းများမှာလည်း စစ်ရှောင်စခန်းများသို့ ရောက်ရှိလာသည့် စစ်ဘေးရှောင် ပြည်သူများ၏ အရေအတွက်သာ ဖြစ်ပြီး စစ်ရှောင်စခန်းများသို့ ရောက်ရှိလာခြင်း မရှိဘဲ အခြား နီးစပ်ရာ နေရာများတွင် ခိုလှုံနေသူများ ရှိနိုင်သလို စစ်ပွဲအတွင်း ပိတ်မိနေသူများလည်း ရှိနေမည်မှာ သေချာပါသည်။

စစ်ပွဲများ၏ အကျိုးဆက်အဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပြည်သူများ စစ်ဘေးစစ်ဒဏ်ကို ခံစားရသည့်အပြင် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းများကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုဒဏ်ကို တစ်ပါတည်း ခံစားနေကြရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ယခုအခါ ဆန်တစ်အိတ်ကျပ် ၈၀၀၀၀ မှ ၁၅၀၀၀၀၊ ကြက်ဥ တစ်လုံးလျှင် ၅၀၀ ကျပ်၊ ဆီတပိဿာလျှင် ၄၀၀၀ မှ ၆၀၀၀ ကျပ်အထိ ဈေးတင် ရောင်းချမှုများ ရှိနေပြီး ယခုကဲ့သို့ အလုပ်လက်မဲ့ ဖြစ်နေချိန်တွင် ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် ဒေသခံများအတွက် အခက်အခဲ ဖြစ်ပေါ်နေရပြီး အစိုးရမှ တနည်းနည်းဖြင့် ထိန်းသိမ်းပေးသင့်ကြောင်း ဒေသခံများမှ ဝေဖန်ပြောဆိုလျက်ရှိသည်။

ထို့အပြင် တိုက်ပွဲများကြောင့် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ၏ လုံခြုံရေးအရ အခြေခံပညာ စာသင်ကျောင်းပေါင်း ၁၂၀ ကျော်ကိုလည်း ယာယီပိတ်ခဲ့ရကြောင်း သိရပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် လွတ်လပ်ရေးရစ အချိန်ကာလမှ စတင်၍ ရှမ်းပြည်နယ်နှင့် တောင်ပေါ်ဒေသတို့တွင် ပြည်တွင်းစစ်ကို ခံစားခဲ့ကြရသည်။ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မဆလခေတ်၊ နဝတ/နအဖခေတ်၊ ယနေ့ ပါတီစုံဒီမိုကရေစီစနစ် စသည်ဖြင့် စနစ် အမျိုးမျိုး ပြောင်းလဲခဲ့ပြီး အုပ်ချုပ်သူ/အုပ်ချုပ်ခံသူ အဆက်ဆက် ပြောင်းလဲခဲ့သော်လည်း မပြောင်းလဲနိုင်သေးသည်မှာ တောင်ပေါ်မြေက ဘဝများပင် ဖြစ်သည်။

တိုင်းရင်းသားအရေး၊ ဖက်ဒရယ်အရေး၊ နိုင်ငံရေးအယူဝါဒကွဲပြားမှု စသည့် ခေါင်းစဉ်မျိုးစုံဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ မြန်မာနိုင်ငံတစ်ဝှမ်းတွင် အပြိုင်အဆိုင် ပေါ်ပေါက်ခဲ့ကြရသည်။ ထိတွေ့တိုက်ပွဲများ မကြာခဏ ဆိုသလို ပေါ်ပေါက်ခဲ့ကြသည်။ နှစ်ဘက်တပ်များ၊ နှစ်ဘက်ထက် ပိုသော တပ်များ ဘယ်လိုပင် တိုက်ပွဲဖြစ်ဖြစ် စစ်တိုက်ပြီဆိုလျှင် အမှန်တကယ် နစ်နာရသူများမှာ နှစ်ဘက် လက်နက်ကိုင်တပ်များသာမက တိုက်ပွဲကြားက အပြစ်မဲ့ မြေဇာပင် ပြည်သူများသာ ဖြစ်ပါသည်။

လတ်တလော ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် လက်နက်ကိုင် တပ်ဖွဲ့များအပြင် ဒေသခံပြည်သူများ ထိခိုက်နစ်နာ သေဆုံးခဲ့ရသည်။ အထူးအားဖြင့် တိုက်ပွဲအတွင်းမှ ထိုက်ခိုက် ဒဏ်ရာရ၊ သေဆုံးသူများအား ကူညီကယ်ဆယ်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့များမှ လူနာတင်ယာဉ်များ ပစ်ခတ်ခံနေရမှုများက လွန်စွာ ရုပ်ဆိုးအကျည်းတန်စေသလို များစွာပင် စိတ်မကောင်း ဖြစ်မိရပါသည်။

ယင်းအနိဋ္ဌာရုံများကို အဆုံးသတ်နိုင်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းမှာ ပြည်တွင်းစစ် အမြန်ဆုံး ချုပ်ငြိမ်းရပ်စဲရေးပင်ဖြစ်ပါသည်။ ထိတွေ့တိုက်ခိုက်မှု ဖြစ်ပွားနေသော အစိုးရတပ်ဖွဲ့ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထု တစ်ရပ်လုံး ဘဝ အေးချမ်းလုံခြုံရေးအတွက် သော်လည်းကောင်း၊ မြန်မာနိုင်ငံတော်ကြီး အထူးအားဖြင့် ရှမ်းပြည်နယ်ကြီး ဖွံ့ဖြိုး တိုးတက် သာယာရေးအတွက် သော်လည်းကောင်း၊ ပြည်သူများ၏ မျက်နှာကို မူသောအားဖြင့် သော်လည်းကောင်း တစ်ဘက်နှင့်တစ်ဘက် စစ်ရေးအရ ရင်ဆိုင်မှုများကို ရပ်ဆိုင်းသင့်ပါကြောင်း အကြံပြု တိုက်တွန်းလိုပါသည်။ လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးအနေဖြင့် မိမိတို့၏ ယုံကြည်ချက်၊ ခံယူချက်၊ ရန်ငြိုးအာဃာတများကို အသာထားကာ စစ်ဘေးရှောင်စခန်းများမှ ပြည်သူများ၏ မျက်နှာကို ငဲ့ညှာကြပါဟု ဆန္ဒပြုလိုက်ရပါသည်။ ။

ကမ္ဘောဇတိုင်း

" မီဒီယာအကြံပေး "
ဦးသန်းဝေ(တောင်ကြီး)
ဒေါက်တာ အောင်ကျော်(သွား/ဆရာဝန်)

" ဥပဒေအကြံပေး "
ဦးညီညီဇော်(LL.B)
(တရားလွှတ်တော်ရှေ့နေ)

" အယ်ဒီတာချုပ် "
ဇေတိုင်း

" တာဝန်ခံ အယ်ဒီတာ "
နန်းနန်းတိုင်း

" သတင်းအယ်ဒီတာ "
ကိုစိုး(ကမ္ဘောဇတိုင်း)

" သတင်းထောက်ချုပ် "
မင်းဇော်မင်း

" အကြီးတန်းသတင်းထောက် "
ထက်တိုင်းကျော်၊ ဇေယျာ

" သတင်းထောက် "
စိုင်းရာဇာ၊ နန်းဝင်းရီ၊ ခွန်သက်ထူး
ကောင်းမွန်၊ စုလှိုင်၊ စိုင်းသိခ်သူ
စိုင်းအောင်မြတ်၊ ထမံသီ
မိုင်းမော(ကြိုဂံနယ်မြေ)

" ပင်တိုင်ဆောင်းပါးရှင် "
ကျော်ကျော်လင်း၊ အောင်ဆန်းဝင်း၊ စိုင်းကျော်မောင်

" ပင်တိုင် ကာတွန်းရှင် "
စိုင်းတီးကြောင်၊ ဝေယံ(တောင်ကြီး)၊ သားထွေး

" ထုတ်ဝေသူ "
ဦးတင်အောင်ကျော်(မြ - ၀၁၀၇၉)

" ပုံနှိပ်သူ "
ဦးအေးဝင်း၊ "အေးကမ္ဘာ" ပုံနှိပ်တိုက်(၀၀၂၉၁)

" ရုံးနှင့်တိုက် တည်နေရာ "
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

Mail - kanbawzatai.news@gmail.com
Website - www.kanbawzatainews.com
Facebook - www.facebook.com/kanbawzatai
Phone - 09899885514/ 09252783348
- 09428313690/ 09428360702

" ရှမ်းပြည်နယ် ကိုယ်စားပြု အဖြစ် ထုတ်ဝေ ဖြန့်ချီသည်။ "

# ရှမ်းမြောက်တွင် တိုက်ပွဲများ ဖြစ်ပွားနေမှုကြောင့် ရှမ်းတောင်နှင့် ရှမ်း ရှေ့တွင် လုံခြုံရေး တိုးမြှင့်ထား

စိုင်းရာဇာ

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားနေမှုကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသများတွင် လုံခြုံရေး တိုးမြှင့်ထားကြောင်း ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။



''မြို့ဝင်၊မြို့ထွက်တွေမှာ ပိတ်ဆို့ ရှာဖွေတာတွေ လုပ်နေတယ်။ လုံခြုံမှုနဲ့ ပတ်သက်လို့လည်း အားလုံးကို စီစဉ်ထားပါတယ်။ ပစ်ခတ်မှုတွေ ရှိလာရင်လည်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်တွေနဲ့ ပူးပေါင်းပြီးတော့ ကာကွယ်ဖို့ စီစဉ်ထားပြီးသားပါ''ဟု ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ခင်အောင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ရှမ်းပြည်နယ် အစိုးရရုံးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တည်ရှိရာဖြစ်သော တောင်ကြီးမြို့ကို ဗဟိုပြု၍ လုံခြုံရေးအင်အားများ တိုးချဲ့၍ အချိန်နှင့် တစ်ပြေးညီ တာဝန် ထမ်းဆောင်နေကြောင်း သိရသည်။

''လုံခြုံရေးကို အရင်ကထက် ပိုပြီးတော့ တိုးထားသင့်တယ်။ ရှမ်းမြောက်မှာ ဖြစ်တယ်ဆိုပေမယ့် ရှမ်းတောင်လည်း မဖြစ်လာနိုင်ဘူးလို့ ပြောလို့မရဘူး။ ဒါကြောင့် အစစအရာရာကို သတိထားပြီးတော့ လုံခြုံရေးတိုးချဲ့ထားတာ ကောင်းပါတယ်'' ဟု တောင်ကြီးမြို့နေသူတစ်ဦးက ကမ္ဘောဇတိုင်းသို့ ပြောသည်။

ရှမ်းပြည်နယ်ရှိ မြို့များတွင် မြို့ဝင်၊မြို့ထွက်များ၊ လူစုလူဝေးရှိသော နေရာများ၌ ရဲတပ်ဖွဲ့အနေဖြင့် ပိတ်ဆို့ ရှာဖွေမှုများနှင့် စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တပ်မတော်နှင့် လက်နက်ကိုင် တိုင်းရင်းသားညီနောင် မဟာမိတ်(၃)ဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်နေမှုများ ရှိနေကြောင်း သိရသည်။

❑

# တောင်ကြီးတက္ကသိုလ် တောင်ရိုးတိုင်းရင်းသား မိသားစု ကြိုဆိုနှုတ်ဆက်ပွဲနှင့် ဆုနှင်းပွဲ ကျင်းပ

စိုင်းအောင်မြတ် (တောင်ကြီး)

၂၀၁၈–၂၀၁၉ ပညာသင်နှစ်၊ တောင်ကြီးတက္ကသိုလ် တောင်ရိုးတိုင်းရင်းသားမိသားစု မောင်မယ်သစ်လွင် ကြိုဆိုပွဲ၊ နောက်ဆုံးနှစ် ကျောင်းသား/ကျောင်းသူများ နှုတ်ဆက်ပွဲနှင့် ပညာထူးချွန်သူများ ဆုနှင်းပွဲ အခမ်းအနားကို ဩဂုတ်လ ၂၅ ရက်က တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ၊ တောင်ရိုး အမျိုးသားအလံတို့အား အလေးပြုခဲ့ပြီး တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်ကိုယ်စား ရက္ခဗေဒပါမောက္ခ (ဌာနမှူး) ဒေါက်တာအေးအေးဝင်းကြည်၊ အရပ်ဘက်ကိုယ်စားပြု တောင်ရိုးလူမှုအထောက်အကူပြုအဖွဲ့မှ ဦးအောင်ဆန်းတို့က အမှာစကားများ ပြောကြားခဲ့ပြီး တောင်ကြီးတက္ကသိုလ် တောင်ရိုး စာပေနှင့်ယဉ်ကျေးမှု ဆပ်ကော်မတီဥက္ကဌ ဆရာမဒေါ်ခင်မြသင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နောက်ဆုံးနှစ် ကျောင်းသား/သူများ ကိုယ်စား ကျောင်းသူတစ်ဦးမှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ပထမနှစ် ကျောင်းသား/သူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ တောင်ကြီးတက္ကသိုလ် ဓမ္မာရုံနှင့်ဆေးရုံအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပညာရည်ထူးချွန်သူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး တောင်ရိုး တိုင်းရင်းသားရိုးရာ ယိမ်းအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကာ တက်ရောက်လာသည့် ဧည့်သည်တော်များအား တောင်ရိုးတိုင်းရင်းသားရိုးရာ အစားအစာများဖြင့် နေ့လယ်စာ တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့တောင်ကြီးတက္ကသိုလ် ဌာနပေါင်းစုံမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဘက်ပါမောက္ခများ၊ ဆရာ/ဆရာမများ၊ တောင်ရိုး စာပေနှင့် ယဉ်ကျေးမှုအသင်း ဗဟိုမှ တာဝန်ရှိသူများ၊ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ အင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီဝင်များ၊ တောင်ရိုးတိုင်းရင်းသား ကျောင်းသား/သူများ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ်များမှ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဒေသအတွင်း တောင်ရိုးတိုင်းရင်းသား/တိုင်းရင်းသူ စုစုပေါင်း ၁၁၀၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

# မောက်မယ်ရှောက်ချိုသီးများ သီးထိုးယင် ကျရောက်မှု ကာကွယ်နှိမ်နင်းရေးအတွက် ကွင်းဆင်းဆောင်ရွက်

စိုင်းမျိုးသန့် (မောက်မယ်)

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် ရှောက်ချိုသီး ထွက်ရှိချိန်၌ သီးထိုးယင်နှင့် ပိုးမွှားရောဂါ ကျရောက်မှုများကြောင့် သီးနှံပျက်စီးမှု မရှိစေရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနမှ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရ၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်လ ၂၁ ရက်၊ နံနက်ပိုင်းက မောက်မယ်မြို့နယ်၊ နမ့်လွတ်ကျေးရွာအုပ်စု၊ ကဒူးလေးကျေးရွာရှိ ရှောက်ချိုဥယျာဉ်ခြံများသို့ လက်တွေ့ကွင်းဆင်း သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်း ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးသက်နိုင်က ရှောက်ချိုသီး စိုက်ပျိုးသော တောင်သူများအား သီးထိုးယင်နှင့် ပိုးမွှားရောဂါ ကျရောက်မှု အခြေအနေအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး Methyl Eugenal ဆေး သုံးစွဲ၍ ဖမ်းယူပုံ နည်းစနစ်များကို အဆင့်ဆင့် လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောက်မယ်မြို့နယ်အတွင်း မြို့၏ တောင်ဘက် ၆ မိုင်ခန့်အကွာရှိ နမ့်လွတ်ကျေးရွာအုပ်စု အတွင်း ရှောက်ချိုသီးများကို အများအပြား စိုက်ပျိုးကြပြီး တောင်ပေါ် ရေထွက် လိုဏ်ဂူမှ ရေများ ကောင်းစွာရရှိသည့်အတွက် ရှောက်ချိုသီးပင်အတွက် စိုစွတ်သည့် ရာသီဥတုနှင့် မြေအနေအထားကြောင့် စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။

ရှောက်ချိုသီးကို အနယ်နယ် အရပ်ရပ်သို့ ပို့ဆောင်ရောင်းချခြင်းများရှိသလို ခြံအထိ လာရောက်ဝယ်ယူမှုများလည်း ရှိနေကြောင်း သိရသည်။

ဒေသခံ တောင်သူများ အနေဖြင့် ဈေးနှုန်းကောင်း ရရှိသည့် ရှောက်ချို၊ လိမ္မော်၊ သံပုရာ စသည့် နှစ်ရှည်ပင်များကို ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။ ရှောက်ချိုသီးများကို ရောင်းချရာတွင် အရွယ်အစားပေါ် မူတည်၍ ၁၀ လုံးလျှင် ငွေကျပ် ၁၅၀၀ မှ ၅၀၀၀ ကျပ်အထိ ဈေး ရရှိကြောင်း သိရသည်။

❑

# ဆီဆိုင်တွင် ဖခင်က သမီးဖြစ်သူအား အဓမ္မ ပြုကျင့်သဖြင့် မိခင်က ရဲသို့ တိုင်ကြား

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်ကျေးရွာအုပ်စု၊ နောင်ဆံဘတ်ကျေးရွာနေ ဦးထွန်းသည် သမီးဖြစ်သူအား အဓမ္မ ၂ ကြိမ် ပြုကျင့်ခဲ့ကြောင်း သိရသည်။

တိုင်ကြားခံရသူ ဦးထွန်းသည် ၂၀၁၈ ခုနှစ်၊ ဖွန်လခန့်က ၎င်းနေထိုင်ရာ နောင်ဆံဘတ်ကျေးရွာနှင့် တစ်မိုင်ခန့် ကွာဝေးသော တောင်ယာခြံသို့ သမီးဖြစ်သူအား ခေါ်သွားခဲ့ပြီး အမိုး/အကာမရှိသော တောင်ယာတဲအတွင်းရှိ ကွပ်ပျစ်ပေါ်၌ သမီးဖြစ်သူအား ပထမအကြိမ် အဓမ္မပြုကျင့်ခဲ့ပြီးနောက်၂၀၁၉ ခုနှစ်၊ မတ်လပိုင်းတွင် ထင်းခွေရန် သွားမည်ဟု ပြောဆိုပြီး ချုံအတွင်း ဆွဲခေါ်ကာတွန်းလှဲ၍ ဒုတိယအကြိမ် အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ယင်းကဲ့သို့ ဖခင်ဖြစ်သူ၏ အဓမ္မပြုကျင့်မှုကို ခံရသော်လည်း ရှက်ရွံ့၍ မည်သူကိုမျှ မပြောဆိုဘဲ နေထိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဖခင် ဖြစ်သူမှ သားမယား ပြုကျင့်ရန် ထပ်မံ ကြံစည်သည့်အတွက် အော်ဟစ် ထွက်ပြေးကာ မိခင်ဖြစ်သူအား ပြောကြားခဲ့သဖြင့် မိခင်မှ ဩဂုတ်လ ၂၀ ရက်တွင် ဆိုက်ခေါင်ကျေးရွာရှိ အမျိုးသမီးရေးရာအဖွဲ့သို့သွားရောက် တိုင်ကြားခဲ့ရာ အမျိုးသမီးရေးရာအဖွဲ့မှ ရဲသို့ တိုင်ကြားရန် လမ်းညွှန်ခဲ့ခြင်းကြောင့် ရဲစခန်းသို့ တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သမီးဖြစ်သူအား ခြိမ်းခြောက်၍ အဓမ္မ ပြုကျင့်ခဲ့သူအား ဘန်းယဉ် နယ်မြေရဲစခန်းမှ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်၍ ဖမ်းဆီး စစ်ဆေး ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019
ကမ္ဘောဇတိုင်း

# အေးသာယာမြို့တွင် စာပေပညာရှင်များနှင့် ဝါသနာရှင်များ ပူးပေါင်းကာ စာပေနှင့် ယဉ်ကျေးမှုအသင်း ဖွဲ့စည်း

အောင်ဆန်းဝင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊တောင်ကြီးမြို့နယ်၊ အေးသာယာမြို့တွင် စာပေနှင့်ပတ်သက်သည့် လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရန်အတွက် အေးသာယာမြို့ခံစာရေးဆရာ/ ဆရာမများနှင့် စာပေစိတ်ဝင်စားသည့် ပြည်သူများပူးပေါင်းကာ ဩဂုတ်လ ၁၈ ရက်က စာပေနှင့်ယဉ်ကျေးမှုအသင်းဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဩဂုတ်လ ၄ ရက်ကနောင်အင်ဘုန်းတော်ကြီးကျောင်းတိုက်တွင် ပြုလုပ်ခဲ့သည့် အေးသာယာမြို့တည်နှစ် ၃၀ ပြည့်ပုလဲရတု အထိမ်းအမှတ် ပုလဲပန်းရသစုံမဂ္ဂဇင်းမိတ်ဆက်ပွဲ အခမ်းအနားနှင့် စာမူရှင်များ မိတ်ဆက်ပွဲတက်ရောက်လာသည့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာမောင်ခွန်နွယ်(အင်းလေး)၏ လမ်းညွှန်မှုဖြင့် အသင်းဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

''အခုနောက်ပိုင်း စာပေဖတ်ရှုမှုနှုန်းက တော်တော်ကြီး ကျဆင်းလာတယ်။ အဲဒီထဲမှာ ကျွန်တော်တို့အေးသာယာမြို့လည်းပါနေတော့ စာပေနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ဖို့ လိုအပ်လာပါတယ်။ လုပ်ဆောင်တဲ့နေရာမှာလည်း တစ်ဦးတစ်ယောက်ခြင်းထက် အသင်းအဖွဲ့လေးနဲ့ လုပ်တာပိုထိရောက်မယ်ထင်လို့ အခုလို စာပေနဲ့ ယဉ်ကျေးမှုအသင်းလေးဖွဲ့ဖြစ်တာပါ။ စိတ်ဝင်စားတဲ့လူဘယ်သူမဆို ကျွန်တော်တို့အဖွဲ့နဲ့လာရောက်ပူးပေါင်းနိုင်ပါတယ်'' ဟု အဆိုပါအသင်းတွင်ပါဝင်သည့် အေးသာယာမြို့ခံ စာရေးဆရာ ကောင်းမြင့်မြတ်စိန်က ပြောသည်။

အသင်း၏ရည်ရွယ်ချက်များ အနေဖြင့် စာရေးစာဖတ်သူများပြားလာစေရန်၊ စာကြည့်တိုက်များထူထောင်ရန်နှင့် ရှိပြီးသားစာကြည့်တိုက်များ အသက်ဝင် ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ရန်၊ ကလေးသူငယ်များ စာပေလိုက်စားမှု များပြားလာစေရန် ဖြစ်ကြောင်း စာရေးဆရာ လှိုင်းနန္ဒာ (တမာမြေ) ကပြောသည်။

အေးသာယာမြို့တွင် ဖွဲ့စည်းထားသည့် စာပေနှင့် ယဉ်ကျေးမှုအသင်းတွင် အေးသာယာဒေသခံ စာရေးဆရာ/ဆရာမများဖြစ်သည့် လှိုင်းနန္ဒာ(တမာမြေ)၊ ကောင်းမြင့်မြတ်စိန်၊ ရဲဘော်မြသိန်း(ဟိုပုံး)၊ ကိုတူး(အေးသာယာ)၊ လှယဉ်ဦး(မိုင်းဆတ်)၊ မြေခဲတောင် မောင်မောင်ဝင်း၊ ဆွေဆွေ (အားကာသိပ္ပံ)၊ ပဒုမ္မာ၊ နန်ကေသီအစရှိသည့် စာရေးဆရာများ အပါအဝင် လူငယ်စာရေးသူများဖြင့် စတင်ဖွဲ့စည်းထားကြောင်း သိရသည်။

အေးသာယာမြို့ စာပေနှင့် ယဉ်ကျေးမှုအသင်း လုပ်ငန်းစဉ်များအနေဖြင့် နံရံကပ်စာစောင် လက်ကမ်းစာစောင်များ ထုတ်ဝေခြင်း၊ စာပေဆိုင်ရာဆွေးနွေးပွဲများ စာဖတ်ဝိုင်းများ ပြုလုပ်ခြင်း၊ နှစ်လည်မဂ္ဂဇင်းနှင့် ဂျာနယ်ထုတ်ဝေခြင်းများ လုပ်ဆောင်ရန်ရှိပြီး အေးသာယာမြို့ခံ ပြည်သူများ စာဖတ်ရှုံနှုန်းမြင့်တက်လာအောင် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

# တောင်ကြီးမြို့ အလက (၇) တွင် စာပေဆိုင်ရာများ ဆွေးနွေး ဟောပြော



ကောင်းမွန်

ရှမ်းပြည်နယ်တောင်ပိုင်း၊တောင်ကြီးမြို့၊ အမှတ် (၇) အခြေခံပညာ အလယ်တန်းကျောင်းတွင် ဩဂုတ်လ ၁၉ ရက်၊ မွန်းလွဲပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေးကွန်ရက်မှ ဦးဆောင်၍ စာပေဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဟိုပုံးမြို့ နောင်တောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော်မှ ကျောင်းသား/သူများအား ဩဝါဒစကား မြွက်ကြားပေးခဲ့ပြီး မန္တလေးမြို့မှ ဆရာတော် အရှင်ဝဏ္ဏသီရိ(မောင်ဝဏ္ဏ – မန္တလေး)၊ စာရေးဆရာ လှိုင်းနန္ဒာ (တမာမြေ)၊ စာရေးဆရာမ ခင် (တောင်ကြီး)တို့မှ စာပေဆိုင်ရာများ ဟောပြော ဆွေးနွေးခဲ့ပြီး အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

''အဓိက ရည်ရွယ်ချက်ကတော့ ကလေးတွေကို စာဖတ်စေချင်တာပါ။ ကျောင်းမှာလဲ စာကြည့်တိုက် ရှိပါတယ်။ ကျောင်းစာကြည့်တိုက်အတွက် ကျောင်းမှာ စာအုပ်တွေစာစောင်လေးတွေ ကာတွန်းဂျာနယ်လေးတွေ ရွေးသွေး ကာတွန်းလေးတွေ ထားပေးထားပါတယ်။ အခုလို ရသစာအုပ်လေးတွေက အသိပညာ ဗဟုသုတစာအုပ်လေးတွေ ဖတ်ဖို့ ဦးတည်တာပါ။ အခုလို ပွဲမျိုးတွေလည်း ပွင့်လင်း ရာသီမှာ ထပ်လုပ်သွားဖို့ စိတ်ကူး ထားပါတယ်။ အရင်လက H1N1 ရောဂါနဲ့ ပတ်သက်ပြီး ဟောပြောပွဲလေး လုပ်ပေးထားပြီးပါပြီ။ '' ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က ပြောသည်။

ထို့အတူ စာဖတ်ရှိန်မြှင့်တင်ရေးကွန်ရက် (ရှမ်းပြည်နယ်)ဥက္ကဋ္ဌ စာရေးဆရာ ဦးအောင်ဆန်းဝင်းကလည်း ''ဒီဟောပြောပွဲ လုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးတွေကို စာဖတ်စေချင်တာပါ။ ကလေးတွေမှမဟုတ်ပါဘူး လူကြီးတွေရောပေါ့။ ဖုန်းတွေကို အတွင်တကျယ် အသုံးပြုလာတည်းက စာဖတ်အားက အရမ်းကို ကျဆင်းသွားတဲ့အတွက် ကလေးတွေရဲ့ ဗဟုသုတပိုင်းမှာ အရမ်းအားနည်းသွားတယ်။ အဲဒီအတွက် စာဖတ်ရှိန်မြှင့်တင်ရေးကွန် ရက်ကနေ ကျောင်းတွေမှာ အခုလို ဟောပြောပွဲလေးတွေ လုပ်ဖြစ်တာပါ။ ဆက်ပြီးတော့လည်း နောက်ကျောင်းတွေမှာ လုပ်သွားဖို့ရှိပါတယ်''ဟု ပြောသည်။

ထို့အပြင် ဟောပြောပွဲအပြီးတွင် ဆရာတော် အရှင်ဝဏ္ဏသီရိ (မောင်ဝဏ္ဏ–မန္တလေး)မှ ၎င်း ရေးသားထုတ်ဝေသည့် ကျောင်းသားအသံမဂ္ဂဇင်းအား မိတ်ဆက်ခဲ့ပြီး ကျောင်းအတွက်စာအုပ်၊ စာစောင်များ၊ မဂ္ဂဇင်းများကို လှူဒါန်းခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

စာဖတ်ရှိန်မြှင့်တင်ရေးကွန်ရက် (ရှမ်းပြည်နယ်) အနေဖြင့် ပြီးခဲ့သည့် ဇူလိုင်လ ၁၈ ရက်ကလည်း အေးသာယာမြို့ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ကြီး)တွင် စာပေဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

စာဖတ်ရှိန်မြှင့်တင်ရေးကွန်ရက် (ရှမ်းပြည်နယ်)ကို ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်က ရှမ်းပြည်နယ်အတွင်းရှိ စာရေးဆရာများ၊ စာပေပညာရှင်၊ ဝါသနာရှင်များ စာပေကို ချစ်မြတ်နိုးသူများဖြင့် ပူးပေါင်းဖွဲ့စည်းထားခြင်း ဖြစ်သည်။

ကွန်ရက်၏ အဓိက ရည်ရွယ်ချက်မှာ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ လူသား အားလုံး စာဖတ်စို့ ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူသားများ စာဖတ်ရှိန် မြင့်မားလာအောင် ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း သိရသည်။

# မိုင်းတုံတွင် နှစ်ပေါင်း ၄၀ အတွင်း ပထမဦးဆုံးအကြိမ် စာပေဟောပြောပွဲ ပြုလုပ်

မင်းဇော်မင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမြို့တွင် ဩဂုတ်လ ၂၀ ရက်က နှစ်ပေါင်း ၄၀ အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် စာပေဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

''ဒီမြို့မှာ နှစ် ၄၀ နီးပါးရှိပြီ တစ်ခါမှ စာရေးဆရာတွေ ဒီလိုဟောပြောတာ မရှိခဲ့ပါဘူး။ အခုကကျောင်းသူ/ကျောင်းသားတွေအတွက် အင်မတန်ရှားပါးလှတဲ့ စာပေရတနာကို နားထောင်ရတာဖြစ်လို့ တန်ဖိုးမဖြတ်နိုင်ပါဘူး''ဟု မိုင်းတုံမြို့အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဦးဦးမာက ပြောသည်။

အဆိုပါ စာပေဟောပြောပွဲတွင် အမျိုးသားသတင်းဆုရ သတင်းစာဆရာ မင်းဇော်မင်းက ''မြစ်သံလွင်အရှေ့ခြမ်းမှ မြို့ရွှေမိုင်းတုံသမိုင်းစုံ'' ဆောင်းပါးပါ မိုင်းတုံမြို့မိတ်ဆက်ကိုလည်းကောင်း၊ အမျိုးသားစာပေဆု ၇ ကြိမ်ရ နိုင်ငံ့ဂုဏ်ရည်အယ်ဒီတာချုပ် စာရေးဆရာ မြင်းမူ မောင်နိုင်မိုးက ''ဘဝထဲက ကဗျာ၊ ကဗျာထဲကဘဝ'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းဥက္ကဋ္ဌ စာရေးဆရာ ကာတွန်းအော်ပီကျယ်က ''ဤခရီးနီးသလား'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီအမှုဆောင်၊ မွန်မဂ္ဂဇင်း အယ်ဒီတာ စာရေးဆရာမကြီး မိုးပန်းမွန်(ရာမည)မှ ''ရွှေရောင်လူငယ်နှင့် ရွှေရောင်အနာဂတ်'' ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောခဲ့ကြကြောင်း သိရှိရသည်။

မိုင်းတုံမြို့တွင် ၁၉၇၈ ခုနှစ်က စာရေးဆရာ ပျဉ်းမနားမောင်နီသင်း၊ စာရေးဆရာ သူရဇော် တို့မှလည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် စာရေးဆရာကြီး ဗိုလ်ဗကို၊ သုမောင်၊ ချစ်ဦးညို၊ ဒေါက်တာတင်ထွန်းဦး၊ စန်းလွင်တို့မှလည်းကောင်း လာရောက်ဟောပြောခဲ့ဖူးပြီး ယခုနှစ်ပေါင်း ၄၀ အကြာတွင် တတိယအကြိမ် စာပေဟောပြောပွဲအဖြစ် လာရောက်ဟောပြောခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲသို့ မိုင်းတုံမြို့ အစိုးရအထက်တန်းကျောင်းမှကျောင်းသူ/ကျောင်းသား ၃၀၀၊ ဆရာ/ဆရာမ ၃၇ ဦး၊ စာပေဝါသနာရှင် ၃၃ ဦး၊ စုစုပေါင်း ၃၇၀ ဦးတို့ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။



ကမ္ဘောဇတိုင်း
VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019

# ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များ

ဟိုပုံး

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက်ဖြင့် မွေး/ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)ဟောပြောပွဲအား ဩဂုတ်လ ၁၉ ရက်တွင် ပေါင်လင်းကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မွေး/ကုဦးစီးဌာနမှ နည်းပြများ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့၊ ရေချိုအုပ်စုအုပ်ချုပ်ရေးမှူး၊ အုပ်စုအတွင်းရှိကျေးရွာသူ/သားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆီဆိုင်

၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လီမွန်မြို့ဟောင်းကျေးရွာနှင့် နမ့်ဟူးကျေးရွာများသို့ စီမံကိန်းဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် စာရင်းဇယားများ ရေးသွင်းထားရှိမှုအခြေအနေတို့အား ဩဂုတ်လ ၂၁ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှမြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တောင်ကြီး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကနေဒါအခြေစိုက် Mennonite Economic Development Associate (MEDA) ရုံးချုပ်မှ Associate Director, Monitoring & Impact Measuremeun ဖြစ်သူ Mr. Yasir Dildar နှင့်အဖွဲ့သည် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်သော ဈေးကွက်ပိုမိုလက်လှမ်းမီရရှိနိုင်ရေး စီမံကိန်းနှင့် ပတ်သက်၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၅ ရွာမှ အမျိုးသမီးဦးဆောင်သော တောင်သူများနှင့် ဩဂုတ်လ ၂၁ ရက်နေ့တွင် မေတ္တာဖောင်ဒေးရှင်းခန်းမ၌ စိုက်ပျိုးရေးအခြေအနေများအား ဆွေးနွေးခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူးမှ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖယ်ခုံ

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက် နိုင်/ထောက် ခွင့်ပြုရန်ပုံငွေဖြင့်City Friend ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ဘန့်ဒိန်းကျေးရွာ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း (အမြင့်တင်) (၂/၀)မိုင် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ဩဂုတ်လ ၂၁ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ပင်းတယ

နွေရာသီတွင် ရေရှားပါးကျေးရွာဖြစ်သည့် မြင်းမူကျေးရွာအုပ်စု၊ လက်လဲကျေးရွာသို့ ရေရရှိနိုင်သည့် နည်းလမ်းများ ရှာဖွေနိုင်ရေး ဩဂုတ်လ ၂၁ ရက်နေ့တွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက် ဦးစီးမှူးနှင့် အဖွဲ့တို့မှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လင်းခေး

၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် မအွန်လောင်းအုပ်စု၊ မအွန်လောင်းကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုအခြေအနေ တို့အားဩဂုတ်လ ၂၁ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

မိုးနဲ

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် ဆောင်ရွက်ရန်လျာထားသည့် ကွန်နားအုပ်စု၊ ကွန်နားကျေးရွာမှ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဩဂုတ်လ ၂၂ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

လောက်ကိုင်

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက်ဖြင့် ကိုးကန့်စိုက်ပျိုးရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော စွမ်းကလင်ကျေးရွာရေရရှိရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေအား ဩဂုတ်လ ၁၅ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကုန်းကြမ်း

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက် လမင်းရာဇာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ရှားတင်ပါးကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေအား ဩဂုတ်လ ၂၄ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

လောက်ကိုင်

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက်ဖြင့် ကိုးကန့်စိုက်ပျိုးရေး ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တာရွှေထန်ကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေအား ဩဂုတ်လ ၂၇ ရက်နေ့တွင် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နမ့်ခမ်း

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စယ်ဟိုင်းအုပ်စု၊ စယ်ဟိုင်းကျေးရွာ၌ မူကြိုကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် လူထုသုံးသပ်ဆွေးနွေးပွဲအား ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ/သားများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မူဆယ်

၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စလန့်ကျေးရွာအုပ်စု၊ စလန့်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှု အခြေအနေတို့အား ဩဂုတ်လ ၁၆ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

ဟိုပန်

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက် ဆောင်ရွက်သည့် ဟင်းနား၊ မော်ဟွေ့ကုန်ထုတ်လမ်း (၁/၀) မိုင် ကုန်ထုတ်လမ်းနေရာတွင် ရေကျော်မှုကြောင့် လမ်းများပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ဩဂုတ်လ ၁၉ ရက်နေ့တွင် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့တို့မှမြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဟိုပန်

၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မော်ဟွေ့အုပ်စု၊ လုပ်ခေးကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှု အခြေအနေတို့အား ဩဂုတ်လ ၁၇ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှမြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လင်းခေး

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် ဆောင်ရွက်ရန်လျာထားသည့် နားကုန်းအုပ်စု၊ နားကုန်းကျေးရွာမှ ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရန် အတွက် ဩဂုတ်လ ၂၂ ရက်နေ့တွင် ခရိုင်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင်အခြေအနေအား ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်းသိရသည်။

မိုင်းယောင်း

၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝမ်မန်းအုပ်စု၊ (ဝမ်ရှဲန်၊ ဝမ်တုံ)ကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုအခြေအနေတို့အား ဩဂုတ်လ ၂၀ ရက်နေ့တွင် မြို့နယ်စီမံကိန်းတာဝန်ခံနှင့် အဖွဲ့မှမြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းတုံ

၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စမ်းသီတာကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုအခြေအနေတို့အား ဩဂုတ်လ ၁၅ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းဖြတ်

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက်ဖြင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်သည့် ပါပူးကျေးရွာသို့ ဩဂုတ်လ ၂၀ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ ၂" PCV အလုံး ၄၆၀ ထုတ်ပေးထားရှိမှု အခြေအနေနှင့် ကျေးရွာသို့ ရေပိုက်သွယ်တန်းထားရှိမှု အခြေအနေတို့အား မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းခတ်

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြင့် ဆောင်ရွက်ရန်လျာထားသည့် နမ့်မော်ခမ်းကျေးရွာမှ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ဩဂုတ်လ ၁၄ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှမြေပြင်အခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

မိုင်းလား

၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝမ်တာပုံကျေးရွာအုပ်စု၊ ၂၇ မိုင်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းထားရှိမှုအခြေအနေတို့အား ဩဂုတ်လ ၁၅ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။

တောင်ကြီး

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဩဂုတ်လ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်ကျေးလက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့၊ ခရိုင်ဦးစီးမှူးများ မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ပြီး လက်ရှိဆောင်ရွက်နေသည့် စီမံရေးရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ စီမံကိန်းဆိုင်ရာ၊ ရေပေးရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများနှင့် ၂၀၁၉–၂၀၂၀ ခုဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဦးစီးမှူးမှ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ကွန်ဟိန်း

၂၀၁၈–၂၀၁၉ ခု ၁၂ လဘတ်ဂျက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နမ့်လန်ကျေးရွာခန်းမ (၃၀'x ၃၀'x ၁၂') လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ဩဂုတ်လ ၁၉ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

လဲချား

၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြို့မကျေးရွာအုပ်စု၊ ဟိုဖိုင်ကျေးရွာသို့ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေနှင့် စာရင်းဇယား ထိန်းသိမ်း ထားရှိမှုအခြေအနေတို့အား ဩဂုတ်လ ၂၂ ရက်နေ့တွင် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့မှ မြေပြင် ကွင်းဆင်း စစ်ဆေးခဲ့

စာမျက်နှာ (၁၇) သို့ >>>



| | |
|---|---|
| စာအုပ်အမည် | – ငြိမ်းချမ်းရေးပဲ လိုချင်တယ် (ငြိမ်းချမ်းရေးပုံရိပ်စာစု) |
| စာရေးသူ | – မောင်သစ်လွင်(လူထု) |
| တန်ဖိုး | – ၄၀၀၀ |
| မှာယူနိုင်သည့်ဖုန်း | – ၀၉ ၉၆၉၉၉၈၅၀၀ |

ဒီစာအုပ်ကတော့ ဆရာမောင်သစ်လွင်(လူထု)ရဲ့ အသက် (၈၅)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဆောင်းစုရတီစာပေကနေ ထုတ်ဝေလိုက်တဲ့ 'ငြိမ်းချမ်းရေးပဲ လိုချင်တယ် (ငြိမ်းချမ်းရေးပုံရိပ် စာစု)' စာအုပ်လေးပဲ ဖြစ်ပါတယ်။

'ယနေ့ မြေပြင်အခြေအနေမှာဆိုရင် ငြိမ်းချမ်းရေးကို ရရှိဖို့အတွက် တောင်းဆိုနေကြပါတယ်။ လိုချင်ကြတယ်။ လိုချင်ရုံနဲ့ မပြီးပါ။ တောင်းဆိုနေရုံနဲ့ မပြီးပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြဖို့ လိုပါတယ်။ လူတိုင်းဟာ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ ငြိမ်းချမ်းရေးရဖို့အတွက် ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ လူတိုင်းပါဝင်ဖို့ တာဝန်ရှိပါတယ်။ အပြန်အလှန် လေးစားမှုတွေ၊ ညီညွတ်မျှတမှုတွေ၊ မတူကွဲပြားမှုကို ကြီးမားသော သယံဇာတအဖြစ် မှတ်ယူလက်ခံနိုင်တာတွေဟာ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ သိပ်ကို အရေးကြီးပါတယ်။ စကားအရ အပြောသက်သက်ထက်စာရင် လက်တွေ့ကျကျ ညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးခရီးကို အကောင်အထည် ဖော်ဆောင်ကြရပါမယ်။ ရလိုမှုထက် ပေးဆပ်မှုက အဓိကအချက်တစ်ချက် ဖြစ်ပါတယ်' ဟု ဤစာအုပ် ထုတ်ဝေသူမှ ဆိုထားပါတယ်။

ဒီစာအုပ်မှာတော့ 'ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ငြိမ်းချမ်းရေး စာစုက စလို့၊ ပိတ်နေတဲ့တံခါး ဘယ်သူ့အားနဲ့ ဆွဲဖွင့်နိုင်ခဲ့လဲ' စာစုအထိ ဆောင်းပါးစာစုပေါင်း ၃၆ ပုဒ်တိတိ ပါဝင်ပါတယ်။ လူတိုင်း လိုလားကြတဲ့ ငြိမ်းချမ်းရေးအတွက်၊ မငြိမ်းချမ်းသေးတဲ့ တိုင်းပြည်တစ်ခုက ပြည်သူတိုင်း ဖတ်ရှုသင့်တဲ့ ငြိမ်းချမ်းရေးတောင့်တမှု ဆောင်းပါးစု စာအုပ်လေးမို့ လက်တို့ညွှန်းဆိုလိုက်တာ ဖြစ်ပါတယ်။




| | |
|---|---|
| စာအုပ်အမည် | – တောရိုင်းမြေ |
| စာရေးသူ | – ကျော်အောင် |
| တန်ဖိုး | – ၈၀၀၀ |
| မှာယူနိုင်သည့်ဖုန်း | – ၀၉ ၉၆၉၉၉၈၅၀၀ |

ဒီစာအုပ် 'တောရိုင်းမြေဟာ' ကမ္ဘာ့ ဂန္ထဝင် စာပေစာရင်းဝင် ဖြစ်ပါတယ်။ ပုဂံစာအုပ်တိုက်ကနေ ၁၉၆၅ ခုနှစ်က ပထမအကြိမ် နှစ်တွဲခွဲ ထုတ်ဝေခဲ့ပြီး တစ်ခါမှ ပြန်လည်ထုတ်ဝေခြင်း မပြုရသေးတဲ့ ဂန္ထဝင်စာအုပ်တစ်အုပ်ဖြစ်တဲ့ တောရိုင်းမြေကို နှစ်တွဲပေါင်းချုပ် ပထမအကြိမ်အဖြစ် မဟာစာပေမှ ထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။

တောရိုင်းမြေ ဝတ္ထုကြီးရဲ့ နောက်ခံကာလက ၁၉၃၀ ဝန်းကျင် ၊ မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေး ပြီးဆုံးခါစ အချိန် ၊ တန်ပြန် တော်လှန်ရေးသမားတွေဟာ ဒွန်ဒေသမှာ ဆိုဗီယက်အစိုးရကို ပြန်လည် တိုက်ခိုက်နေချိန် ဖြစ်ပါတယ် ။ ပြည်တွင်းစစ် ကာလလည်း ဖြစ်တယ်။ မြို့ကြီးတွေမှာ ခေတ်မီ စက်မှုလုပ်ငန်းတွေ ၊ စက်ရုံကြီးတွေ တည်ထောင်နေချိန် ဖြစ်တယ်။ ကျေးလက်တောရွာတွေမှာတော့ လူနေမှု အဆင့်အတန်းကတော့ နိမ့်ကျနေဆဲပါ။ ကျေးလက်ကို တိုးတက်လာစေဖို့ မြို့ကြီးတွေက ပါတီခရိုင်ကော်မတီ အဖွဲ့က စက်ရုံလုပ်သားတွေကို စည်းရုံးရေးဆင်းဖို့ ကျေးလက်ကို လွှတ်ကြတယ်။ ဒီစာအုပ်ကို ဖတ်ခြင်းအားဖြင့် စနစ်ဟောင်းနဲ့ စနစ်သစ်တို့ရဲ့ အားပြိုင်မှုကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



ကမ္ဘောဇတိုင်းကာတွန်း Kanbawza Tai Cartoon



■ ကျော်ကျော်လင်း(ရှမ်းပြည်)

# အော်ဂဲနစ် စိုက်ပျိုးရေးအကြောင်း


ဓါတ်ပုံ - အင်တာနက်

ယခုတလော စားသုံးသူများ ကြားတွင် အော်ဂဲနစ်စိုက်ပျိုးရေးသည် တော်တော်ခေတ်စားသည်။ တော်ရုံသီးနှံများသည် အော်ဂဲနစ်စနစ်ဖြင့်စိုက်ပျိုးထားသည်ဟု ဈေးသည်များကလည်းအာမခံသကဲ့သို့ ပြောပြီးရောင်းချနေသည်ကို ကြုံနေရသည်။ အချို့သောသီးနှံများသည် အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးသည်ဟုတ်မဟုတ် စမ်းသပ်ကြည့်ရန်မှာလည်း စားသုံးသူများကိုယ်တိုင် ထိုအော်ဂဲနစ်စနစ်ကို နားမလည်ခြင်းကြောင့် အခက်တွေ့နေရသည်။ အကြမ်းအားဖြင့်နားလည်ထားသည်မှာ မိမိတို့စားသုံးရန် ကြော်လှော်ချက်ပြုတ်ရန် မီးဖိုချောင်သုံးပစ္စည်းများသည် ဓာတုပစ္စည်းများဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း မဟုတ်ရန်သာအရေးကြီးသည်။ ဥပမာအားဖြင့် သဘာဝနည်းအားဖြင့်ရင့်မှည့်လာသည့် အသီးအနှံများဖြစ်ရန်သာ အရေးကြီးသည် အချို့သော အသီးအနှံများသည် ပင်ကိုအားဖြင့် ရင့်မှည့်ရန် အလွန်အချိန်စောင့်ရသည်။ ထိုအသီးအနှံများကို အစိမ်းရောင်ရှိနေသည့်အချိန်တွင် ခူးဆွတ်ကာဈေးကွက်သို့ အရောက်ပို့ရန် အရေးကြီးသည်။ ဥပမာအားဖြင့် အင်းလေးဒေသထွက်ခရမ်းချဉ်သီးဖြစ်သည်။ ထိုကုန်စိမ်းများသည် အနီရောင်မသန်းခင်တွင် ခူးဆွတ်ပြီးဈေးကွက်တွင် အရောင်းလှသည်။ ဈေးကွက်တွင်ရောင်းချရင်း ထိုအသီးများမှည့်လာသည် အနီရောင်သန်းလာသည်။ အိမ်ရှင်မများအကြိုက်ဖြစ်လာသည်။ ထိုအခြေအနေရောက်ရန် ဈေးသည်များကလုပ်ခြင်းမဟုတ် အချိန်အနည်းငယ်ကြာသည့်အခါ သူ့သဘာဝအတိုင်း ရင့်မှည့်သွားခြင်းဖြစ်သည်။ အသီးအနှံတို့သည် တစ်မျိုးနှင့်တစ်မျိုးရင့်မှည့်ချိန်မတူကြပါ။ သို့သော်လူအများကဓာတုဆေးဝါးများ အသုံးပြုကာ အသီးအနှံများကို ပြုပြင်သည့်အခါတွင် သဘာဝနည်းမဟုတ်သည့် နည်းများဖြင့် အသီးအနှံကို ရင့်မှည့်အောင် လုပ်ကြသည်။ ခရမ်းချဉ်သီး ဥပမာတင်ပြပါဦးမည်။ မူလက စိုက်ခင်းတွင် ရင့်မှည့်နေသော အသီးမဟုတ်သော အရွယ်လည်းသင့်တော်သည့် အရွယ်တွင် ခူးဆွတ်ပါသည်။ ထိုခူးဆွတ်ပြီးသောအသီးများကို စုပုံထားပြီး အသီး အားဆေးသဘောမျိုးဖြင့် မြေသြဇာအရည်များ ပက်ဖျန်းလိုက်သည်။ ထိုအသီးမျိုးသည် အလုံးလည်းလှသည်။ တော်ရုံတန်ရုံအထိအခိုက်ဒဏ်ကို ခံနိုင်ရည်ရှိခြင်းကြောင့် ဈေးသည်များက နှစ်သက်သည်။ အလုံးလည်းလှသောကြောင့် ဝယ်သူအိမ်ရှင်မများက နှစ်သက်သည်။ တစ်ခုတော့ရှိသည် အိမ်ရှင်မများအနေဖြင့် ရေနိုင်နိုင်ဆေးခြင်းကို ပြုလုပ်ရပေမည်။ ဈေးမှဝယ်ယူခဲ့သည့် အသီးအနှံများတိုင်း ရေဆေး၍သင့်တော်မည်မဟုတ်ပေ။ ဥပမာ ငှက်ပျောသီးလိုအသီးများသည် ရေလောင်းချဆေးရသော်လည်း တကယ်တန်းစားသောက်လျှင် အခွံနွှာပြီး စားသောက်ပြီး စားသောက်မှသာ အဆင်ပြေနိုင်သည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ အဓိကရည်ရွယ်ချက်သည် လူနှင့် တိရစ္ဆာန်၊ အပင်များနှင့် ကမ္ဘာမြေကြီးဟူသော ၃ ဦး ၃ ဖလှယ်အပြန်အလှန်အကျိုးရှိပြီး ရည်ရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရသည့် စနစ်ဖြစ်သည်။ သမားရိုးကျစိုက်ပျိုးရေး စနစ်တွင် အသုံးပြုကြသည့် ဓါတ်မြေသြဇာ၊ ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ကြာရှည်စွာအသုံးပြုခဲ့ခြင်းကြောင့် မြေဆီလွှာများ ပျက်ဆီးကုန်သည့်အတွက် ပတ်ဝန်းကျင်၏ ECD System ကိုပိုမိုထိခိုက်စေသည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်၏ အဓိက ရည်ရွယ်ချက်သည် လူနှင့် တိရစ္ဆာန်၊ အပင်များနှင့် ကမ္ဘာမြေကြီးဟူသော ၃ ဦး ၃ ဖလှယ်အပြန်အလှန် အကျိုးရှိပြီး ရည်ရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရသည့် စနစ်ဖြစ်သည်။ သမားရိုးကျ စိုက်ပျိုးရေး စနစ်တွင် အသုံးပြုကြသည့် ဓါတ်မြေသြဇာ၊ ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ကြာရှည်စွာ အသုံးပြုခဲ့ခြင်းကြောင့် မြေဆီလွှာများ ပျက်ဆီးကုန်သည့် အတွက် ပတ်ဝန်းကျင်၏ **ECD System** ကို ပိုမို ထိခိုက်စေသည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကို အသုံးပြုသည့်အတွက် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုသက်သာစေပါသည်။ သဘာဝမြေဆွေးနှင့် သဘာဝမြေသြဇာကို ပြုလုပ်ရာတွင် လေထုညစ်ညမ်းမှု အလွန်နည်းပါးသည့် Organic Farming System ကိုပြောင်းလဲ အသုံးပြုခြင်းကြောင့် အောက်ပါအတိုင်း အကျိုးကျေးဇူးရှိပါသည်။

ဓါတုဗေဒပိုးသတ်ဆေးများနှင့် ထိတွေ့မှုမရှိသည့်အတွက် ပိုးသတ်ဆေးအန္တရာယ်များမှကင်းဝေးစေပါသည်။ အမှတ်တမဲ့ကလေးများအတွက် အန္တရာယ်အလွန်ကြီးပါသည်။ အော်ဂဲနစ်စနစ်ကျင့်သုံးခြင်းကြောင့် ဓာတုပိုးသတ်ဆေးများ ဆောင်ထားရန်မလိုတော့ပါ။ ပိုးသတ်ဆေးများသည် ညွှန်ကြားချက်များအတိုင်း တိတိကျကျ လိုက်နာနိုင်မှသာ အန္တရာယ်ကင်းနိုင်သည်။

နောက်ထပ်အားသာချက်များမှာ ကုန်ကျစရိတ် သက်သာခြင်း ဖြစ်သည်။ ပိုးသတ်ဆေးများသည် ဈေးကြီးပါသည်။ ငွေပိုငွေလျှံများ စုဆောင်းရနိုင်သည်။ အော်ဂဲနစ်စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာနှင့် သဘာဝပိုးသတ်ဆေးများကို မိမိတို့၏ ခြံထဲ၌စရိတ်အနည်းအကျဉ်းဖြင့် ထုတ်လုပ်နိုင်သည်။

အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထားသည့် စိုက်ခင်းများသည် သဘာဝနည်းဖြင့် စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုအပြောင်းအလဲဒဏ်ကို ခံနိုင်ရည်ရှိပါသည်။ သီးနှံထွက်နှုန်းကိုကြည့်လျှင်လည်း သိသိသာသာဆိုးဝါးစွာကျဆင်းသွားသည်ကို မတွေ့ရပေ။ အော်ဂဲနစ်စနစ်ကို ကျင့်သုံးခြင်းကြောင့် မြေဆီလွှာကိုတစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးခြင်းကြောင့် နှစ်စဉ်အထွက်နှုန်းသည် တဖြည်းဖြည်းတိုးတက်လာသည်။ ရေရှည်တွင်များစွာအကျိုးဖြစ်ထွန်းလာသည်။ အထူးသဖြင့် ရာသီဥတု ဆိုးရွားသည့်နှစ်များ၌လည်း အထွက်နှုန်းကျဆင်းမသွားအောင် ထိန်းထားနိုင်သည်ကို တွေ့ရပေမည်။

နှစ် ၂၀ ကျော် လေ့လာတွေ့ရှိချက်များအရ အော်ဂဲနစ်စိုက်ပျိုးမှုကြောင့် အထွက်နှုန်း ၂၀ ရာခိုင်နှုန်း လျော့နည်းသော်လည်း ဓာတ်မြေသြဇာအသုံးစရိတ်သည် ၅၀ ရာခိုင်နှုန်းလျော့ကျပြီး ပိုးသတ်ဆေးအတွက် ကုန်ကျစရိတ်သည် ၉၇ ရာခိုင်နှုန်း လျော့နည်းသည်ကို တွေ့ရသည်။ လယ်သမားများအတွက် အကျိုးရှိသည်ကိုတွေ့ရသည်။ ရောင်းသည့်အခါတွင်လည်း Organic Farming သည်သာမန်စိုက်ပျိုးထုတ်ကုန်ဈေး ၂ ဆ၊ ၃ ဆပိုရသည်ကြောင့်အကျိုးပိုများသည်။

အော်ဂဲနစ်စားသောက်ကုန်များကို ရွေးချယ်စားသောက်ခြင်းကြောင့် စားသုံးသူများအကျိုးရှိသည့် အချက်တစ်ခုမှာ အစားအသောက် လုံခြုံစိတ်ချခြင်းသည် ရာနှုန်းပြည့်နီးပါးရှိသည်။ ဓာတုပိုးသတ်ဆေးပါဝင်မှုနှင့် ဓာတုပိုးသတ်ဆေးကင်းစင်သည့် အစားအစာများ ၂ ခုသည် ဘယ်လိုမှယှဉ်မရနိုင်ပါ။ လေ့လာချက်များအရ အမေရိကန်ပြည်ထောင်စုလို ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတောင် သမားရိုးကျအစားအစာများကို စစ်ဆေးကြည့်သည့်အခါ ဓာတုပိုးသတ်ဆေးအကြွင်းအကျန်များ ပါဝင်နေမှုသည် ၇၇ ရာခိုင်နှုန်း ပါဝင်နေသည်ဟု ဆိုပါသည်။ ယင်းကဲ့သို့ ဓါတုပိုးသတ်ဆေး အကြွင်းအကျန်ကြောင့် ကျန်းမာရေးပြဿနာများ တစ်နေ့တစ်ခြား ကြီးထွားလာပါသည်။

အော်ဂဲနစ်စနစ်နှင့် ထုတ်လုပ်သည့်အသီးအနှံများသည် အာဟာရဓာတ်ပါဝင်မှု ပိုမိုခြင်းဖြစ်သည်။ ဓါတုပစ္စည်းများက အပင်ကိုထိခိုက်ပျက်ဆီးစေသည့်အတွက် အပင်တိုင်းအတွက် ပြုလုပ်ရသည့် သဘာဝနည်းစနစ်များကို ထိ

စာမျက်နှာ (၁၈) သို့ ➤ ➤ ➤

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တစ်ပတ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ

ဩဂုတ် ၁၉

အာဟာရကဏ္ဍ ပြုပြင်ပြောင်းလဲရေး သဘောတူညီမှုစာချုပ်ဆိုင်ရာ ပြည်နယ်အဆင့် ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၉ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်တွင် ရေရှည်အာဟာရချို့တဲ့မှုကြောင့် ၅ နှစ်အောက် ကလေးများ အရပ်ပုမှုသည် ၃၆ ဒသမ ၅ ရာခိုင်နှုန်းရှိနေပြီး တတိယအများဆုံး ဖြစ်နေကြောင်း၊ ရှမ်းပြည်နယ်တွင် အာဟာရချို့တဲ့မှု လျော့ချရေးကို ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ရန်လိုနေပြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာနမှလည်း အခြားသော ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး အထူးအလေးထား ဆောင်ရွက်နေပါကြောင်း၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်သော အမျိုးသား အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာနှင့် ချိတ်ဆက်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အာဟာရ ဓာတ်ချို့တဲ့မှု လျော့နည်းပပျောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် မြေဧရိယာ အလွန်ကျယ်ပြန့်ပြီး မြို့နယ်များအလိုက် မတူကွဲပြားခြားနားသော အခြေအနေများ အမျိုးမျိုးရှိနိုင်သည့်အတွက် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရချို့တဲ့မှုကို ဖြစ်စေသော နောက်ခံအကြောင်းအရင်းများ၊ တိုက်ရိုက်အကြောင်းအရင်းများကို ဦးတည်ဖြေရှင်းသော လုပ်ငန်းများဖြစ်ရန် လိုအပ်ပြီး၊ မြို့နယ်အသီးသီးတွင် ရှိနေသော အရင်းအမြစ်များကို အထိအရောက်ဆုံး အသုံးပြုရန်နှင့် အကျိုးဖြစ်ထွန်းမှု အများဆုံးဖြစ်စေသော လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းနှင့် ဥရောပ သမဂ္ဂအဖွဲ့အစည်း၏ Deputy head of cooperation ဖြစ်သူ Mr.Pedro တို့က အမှာစကားများ ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဥရောပသမဂ္ဂ အဖွဲ့အစည်း(EU) မှ Head of cooperation,Mr. Pedro, Mr. Alvaro Ortega Aparicio ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် တာဝန်ရှိသူများသည် ၂၀၁၉ ဩဂုတ်လ ၁၉ ရက် မွန်းလွဲ ၃ နာရီက တာချီလိတ်မြို့နယ်၊ အမက (ခွဲ) ဟွေဟွယ်ကျောင်းသို့ သွားရောက်ပြီး UWS မှ ကူညီပံ့ပိုးနေမှုများကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားခဲ့သည်။

ဩဂုတ် ၂၀

ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသိ တင်းပတ် လှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် လ ၂၀ ရက်က ကျိုင်းတုံမြို့၊ Amazing Hotel အစည်းအဝေး ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဩဂုတ် ၂၁

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ ပြည်နယ် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုးစိုးဇော်တို့သည် ဩဂုတ်လ၂၁ ရက်၊ နံနက်ပိုင်းက တောင်ကြီးမြို့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဧည့်ခန်းမတွင် မွေးမြူရေး စက်ရုံများအပေါ် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် အစိုးရ၏ ရည်မှန်းချက်များ၊ အခွင့်အလမ်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ International Finance Corporation (IFC) မှ Mr. Bas Rozemuller အဖွဲ့နှင့် တွေ့ဆုံကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယခုလို International Finance Corporation (IFC) မှ Mr. Bas Rozemuller အဖွဲ့မှ ပထမဆုံးအနေဖြင့် လာရောက် တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် ကြိုဆိုပါကြောင်း၊ ယခုလို ဝက်မွေးမြူရေးနှင့် ရောဂါကျရောက်မှုကို ရှင်းပြပေးသည့်အတွက် ဗဟုသုတရရှိကြောင်းနှင့် မြန်မာနိုင်ငံတွင်ဆောင်ရွက်ထားရှိမှု တင်ပြရခြင်းဖြစ်ပြီး၊ ရှမ်းပြည်နယ်တွင် ဝေးလံသော ဒေသများလည်း ရှိပါကြောင်းနှင့် ထိရောက်မှုရှိအောင် ဆေးဝါးပစ္စည်းများနှင့် ကူသမှုများကို လိုအပ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်ဟု သိရသည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်တို့သည် အတူ ဩဂုတ် ၂၁ ရက် ညနေပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ် အစည်းအဝေးခန်းမ၌ ဆွစ်ဇာလန်သံရုံး၏ ပထမအတွင်းဝန်နှင့် Skills And Market Development ဖြစ်သူ Mrs. Renate Lefroy နှင့် အဖွဲ့အား တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့ ဆွစ်ဇာလန်သံရုံး၏ ပထမအတွင်းဝန်နှင့် Skills And Market Development ဖြစ်သူ Mrs. Renate Lefroy အဖွဲ့မှ မိမိတို့အဖွဲ့သည် ၂၀၁၉ ခုနှစ်တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် လုပ်ငန်းများ ဆောင်ရွက်ပြီး၊ ယခု ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဆောင်ရွက်လိုကြောင်း၊ နောင် ၁၀ နှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ လုပ်ငန်းများ လုပ်ကိုင်လိုကြောင်း၊ ဈေးကွက်ချိတ်ဆက်မှုအပိုင်းကို ပူးပေါင်း ချိတ်ဆက်နိုင်မည့် အဖွဲ့များဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒေသတွင် သင်တန်းလိုအပ်ချက်များနှင့် သင်တန်းပို့ချပေးပါက လူငယ်များနည်းပညာ ရရှိပြီး သင်တန်းများဖွင့်လှစ်လိုကြောင်း ဆွေးနွေးသွားသည်။

ဩဂုတ် ၂၂

ရှမ်းပြည်နယ်အတွင်း ထောပတ်စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေးနှင့် ဈေးကွက်ချိတ်ဆက် ဖော်ဆောင်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်နှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းတို့က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်တောင်ပိုင်း ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဒုတိယဥက္ကဋ္ဌ ဦးလင်းသန့်အောင်က မြေပြင်ထောပတ်စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ပိုးမွှားအန္တရာယ် ကြုံတွေ့ရမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဒေါ်စန္ဒာမျိုးက ပြည်တွင်း ပြည်ပထောပတ်သီးဈေးကွက် ဈေးနှုန်းအခြေအနေများ၊ ကောင်းမွန်သော ထုတ်ပိုးမှု နည်းစနစ်များ တရားဝင်တင်ပို့ခြင်း အကျိုးကျေးဇူးများကို လည်းကောင်း၊ ရှမ်းပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလှဲ့က ထောပတ်သီး စိုက်ပျိုးရေးအလေ့အကျင့် ကောင်းများနှင့် အပင်ပိုးမွှားအန္တရာယ် ကာကွယ်သည့် နည်းလမ်းများကိုလည်းကောင်း အသီးသီး ဆွေးနွေးပြောကြားခြင်းနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့မှ ဦးစီးအရာရှိ ဦးစောဝင်းကျော်နှင့် နည်းပညာအသုံးချ ဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်တို့က ထောပတ်သီး ဝယ်လိုအားရှိသည့် နိုင်ငံများနှင့် ဈေးနှုန်း၊ ဈေးကွက်ရရှိမှု၊ အနာဂတ် ကာလတွင် ထောပတ်သီး ပြည်ပတင်ပို့နိုင်မည့် အလားအလာဆိုင်ရာများနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာဆိုင်ရာ စာတမ်းဖတ်ကြားခြင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဩဂုတ် ၂၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Pocari Sweat တို့ ပူးပေါင်းကျင်းပသော ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်ကျောင်းအခြေပြု မိနီမာရသွန်ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေး ဝန်ကြီး၊ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အဖွင့်အမှာစကား ပြောကြားပြီး၊ ပြိုင်ပွဲတွင် ဆု ရရှိသူများအား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကီလိုတန်းအလိုက် ဆု ရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် စက်ဘီးစီးနင်းပွဲကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့၊ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံရှေ့တွင် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်း၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်နှင့် စက်ဘီးကလပ် အဖွဲ့ဝင်များ စုပေါင်းစီးနင်းခဲ့ကြကြောင်း သိရသည်။

❑

> စာမျက်နှာ(၁၄)

**ကျေးလက်ဦးစီးဌာနမှ အဆက်**

ကြောင်းသိရသည်။

တောင်ကြီး

၂၀၁၈-၂၀၁၉ ခု ၁၂ လသာတ်ဂျက်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ဟောပြောပွဲအား ဩဂုတ်လ ၂၃ ရက်နေ့တွင် ဖက်ကွန်ကျေးရွာအုပ်စု၊ ထီပသဲ့ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပြများ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့၊ ဖက်ကွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ အုပ်စုအတွင်းရှိ တောင်သူ ၃၆ ဦးတက်ရောက်ခဲ့ပြီး (GAP) အကြောင်းသိကောင်းစရာများ၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်း၊ သဘာဝမြေဩဇာပြုလုပ်နည်း၊ သီးနှံရောဂါပိုးကာကွယ်နည်းများအား ဟောပြောပို့ချခဲ့ကြောင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

## ➢ စာမျက်နှာ(၁၆) အော်ဂဲနစ် စိုက်ပျိုးရေး အကြောင်း မှ အဆက်



ခိုက်စေပြီး အချို့သော ဘီတာမင်များနှင့် Anti oxiolant များကို မပြုလုပ်နိုင်တော့ပါ။ ၂၀၀၇ ခုနှစ်ကထုတ်ပြန်သည့် EU သုတေသနစာတမ်းအရ အော်ဂဲနစ်အသီးအနှံများသည် သမားရိုးကျအသီးအနှံများထက် အင်တီအောက်ဆိုဒ် ၄၀ ရာခိုင်နှုန်း ပိုများသည်ဟု ဆိုသည်။ ထို့အတူ အမေရိကန်နိုင်ငံတွင်ရှိသည့် အော်ဂဲနစ်သီးနှံများသည် သမားရိုးကျသီးနှံများထက် အာဟာရဓာတ် ၁၁ မျိုး ပါဝင်မှုမှာ ၂၅ ရာခိုင်နှုန်း ပိုများသည်ဟု ဆိုပါသည်။

၂၀၀၉ ခုနှစ် ဥရောပကော်မတီ၏ ၅ နှစ်ကြာလေ့လာထားသည့် သုတေသနစာတမ်းကို ထုတ်ပြန်ရာတွင် လူများအတွက် လိုအပ်သည့် အာဟာရဓာတ်များနှင့် မပြည့်ဝဆီများ ပါဝင်မှုသည် အော်ဂဲနစ်သီးနှံများတွင် ပိုမိုများပြားလာသည်ဟု ဆိုနိုင်ပါသည်။ လူများ၏ ကျန်းမာရေးကိုထိခိုက်စေသည့် ဓာတ်ပစ္စည်းပါဝင်မှုသည်လည်းအများကြီးလျော့နည်းလာသည်ဟု ဆိုပါသည်။ သဘာဝနည်းနှင့် စိုက်ပျိုးထုတ်လုပ်ရသည့် သီးနှံများ၏ အနံ့အရသာသည် ဓာတုမြေဩဇာနှင့် ဓာတုပေဒပိုးသတ်ဆေးများ သုံးပြီး စိုက်ပျိုးသီးနှံများထက် အဆပေါင်းများစွာ သာလွန်နေပါသည်။ ကိုယ့်အိမ် နောက်ဖေးတွင် စိုက်ထားသည့် အပင်သည်ဈေးမှဝယ်သည်ထက် ကွာခြားသည်ကို သိကြပြီးဖြစ်သည်။

အော်ဂဲနစ်စိုက်ပျိုးရေးအတွက် အကောင်းများသာဖြစ်နေသည်ဟု မဆိုနိုင်ပါ။ အော်ဂဲနစ်စိုက်ပျိုးရေးအတွက် အားနည်းချက်အနေဖြင့် အဓိကအချက် ၄ ချက်ရှိပါသည်။

သီးနှံအထွက်နှုန်းလျော့နည်းခြင်းဖြစ်သည်။ ဓာတ်မြေဩဇာသုံးလျှင် အထွက်နှုန်းများပါသည် သို့သော် နှစ်စဉ်နှစ်တိုင်း အမြဲသုံးပေးရတော့မည် သဘာဝမြေဩဇာ သဘာဝမြေဆွေးများနှင့် စိုက်ပျိုးရေးထုတ်လုပ်မှုသည် ၂၀ ရာခိုင်နှုန်းလောက်အထွက်လျော့ပါသည်။

အချို့သီးနှံများသည် ဓာတ်မြေဩဇာသုံးပြီး ထွက်ရှိတာ၏ ၅၀ ရာခိုင်နှုန်းလောက်သာရှိပါသည်။ ထို့ကြောင့်ပင် အော်ဂဲနစ်ပြောင်းခဲ့လျှင် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နိုင်ဟု ပြောဆိုဝေဖန်မှုများ ရှိလာပါသည်။ ပျှမ်းမျှခြင်း အနေနှင့် သမားရိုးကျစိုက်ပျိုးနည်းစနစ်နှင့် နိုင်းယှဉ်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၉၂ ရာခိုင်နှုန်းခန့် ထွက်ရှိနေသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၈၀ ရာခိုင်နှုန်းလောက်သာ ထွက်ရှိပါသည်ဟု ဆိုပါသည်။

ထုတ်လုပ်မှု ကုန်ကျစရိတ် သည်လည်း ထည့်သွင်းစဉ်းစားရမည်။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ သက်သာသော်လည်း လူ့စွမ်းအားအများအပြား သုံးရခြင်းကြောင့် သမားရိုးကျစိုက်ပျိုးရေးထက် ၁၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုကုန်ကျနိုင်သည်။ အော်ဂဲနစ်အစားအစာများကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဈေးကွက်မဖွံ့ဖြိုးသေးခြင်းကြောင့် အော်ဂဲနစ်စိုက်ပျိုးရေးကို ပြုလုပ်ရန်ခက်ခဲနေသည်။ နောက်ထပ်အားနည်းရသည်မှာ ပညာလိုအပ်ချက်ဖြစ်သည်။ မြေဆီမြေနှစ်ကောင်းအောင် လုပ်ရခြင်း၊ ပိုးမွှား နှိမ်နှင်းရေးတို့သည် လွယ်မယောင်နှင့် ခက်ခဲသောနည်းပညာဖြစ်သည်။ လယ်သမားများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်ခြင်းသည် အားနည်းချက်တစ်ခုအဖြစ် တည်ရှိနေပါသေးသည်။

နောက်ဆုံးအနေဖြင့် အော်ဂဲနစ်သီးနှံများသည် သမားရိုးကျ သီးနှံများနှင့် နိုင်းယှဉ်ပါက အရွယ်အစားပိုမိုသေးငယ်လေ့ရှိသည်။ ဝယ်ယူစားသုံးသူအများစုအတွက် သိပ်ဆွဲဆောင်မှု မရှိခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေသည့် အော်ဂဲနစ်စိုက်ပျိုးရေးကို အားပေးသင့်သည်ဟု တင်ပြလိုက်သည်။

❒

## ➢ စာမျက်နှာ(၁၉) ဂွသရဲတွေထက် ဆိုးတဲ့ အွန်လိုင်း စာသူခိုး မှ အဆက်

ရေးယူမယ်လို့အဲ့ဒီ Page ကိုသွားပြောတော့မှ အဲ့ဒီ Page ကကလေးတွေက သူ့ကိုဆက်သွယ်ပြီး တောင်းပန်ခိုင်းပုံရတယ်။ chat box ကနေ ကျွန်မကို စာပို့လာတာက အောက်ပါအတိုင်းပါ။

''မင်္ဂလာပါဆရာမ ကျွန်တော်ကဆရာမပြောနေတဲ့ Harry Shane ဆိုတဲ့ အကောင့်ပိုင်ရှင်ပါ။ ဆရာမတို့ပြောနေတဲ့ copy ယူတဲ့တရားခံက ကျွန်တော်ပဲထားပါတော့၊ အဲ့ကြောင့် ကျွန်တော်လာပြီး တောင်းပန်တာပါ။ ဥပဒေအရ အရေးယူတာ မယူတာ ဆရာမတို့ အပိုင်းပါ။ အမှန်အတိုင်းပြောရရင် ဆရာမရဲ့ကလောင်နာမည် လှိုင်းကြာဖြူဆိုတာ သိလည်းမသိ ကြားလည်းမကြားဖူးပါဘူး။ ဆရာမကတရားဥပဒေနဲ့ အရေးယူမယ်လို့ ပြောထားတာတွေ့ရပါတယ်။ လိုင်းပေါ်ကလူတစ်ယောက်ကို ဆရာမဘယ်လိုရှာမလဲ ကျွန်တော့်ပုံရော ဆရာမမြင်ဖူးလို့လား၊ ဘယ်မှာနေတာကောသိလို့လား။ ရှိန်းဂဏ္ဍဆိုတဲ့ နာမည်ကကော အမှန်လို့ ထင်နေလား။ ''

ကူးတာလဲသူ တောင်းပန်တဲ့လေသံက လည်း တောင်းပန်တဲ့လေသံနဲ့မတူဘဲ ခြိမ်းခြောက်တာနဲ့တူနေရော။ အခုနောက်ပိုင်းမှာ တချို့ online writer တွေဟာ အဲ့လိုပဲကူးနေကြတာတဲ့၊ သူတို့ဘက်က Like တွေအများကြီးရထားတဲ့ ဆယ်လီတွေဆိုတော့ အင်အားတောင့်တယ်ဆိုရမယ်။ မကျေမနပ်ပြောမိတဲ့ ကိုယ့်မန့်အောက်မှာ ဝိုင်းဆဲကြတဲ့ကလေးတချို့တွေ၊ ကွယ်ရာမှာဂရုဖွဲ့ပြီး အတင်းတုတ်တဲ့ ကလေးတွေကြောင့် သူတို့အနာဂတ်ကို တွေးကြည့်ပြီးရင်မောမိတယ်။

သူတို့ပြောသလို ကျွန်မဝတ္ထုက ယုတ်လျော့သွားစရာမရှိပေမယ့် အဲ့ကောင်လေးတွေက စာပေကိုတကယ်ချစ်မြတ်နိုးကြတာ မဟုတ်ဘူးလေ။ လိုင်းပေါ်မှာနာမည်ကြီးချင်ရုံကလွဲရင် စာပေအသိမရှိတဲ့သူတွေပေါ့။ လိုင်းပေါ်မှာကိုယ့်ဘာသာ ရိုးရိုးသားသားရေးနေတဲ့ကလေးတွေလည်း တွေ့ဖူးပါတယ်။ ကျွန်မတို့တောင် စောင့်ဖတ်ရလောက်တဲ့အထိ ကောင်းပါတယ်။ ဒါပေမယ့် အခုနလို အွန်လိုင်း သူခိုးတွေကြောင့် သူတို့ခများရောအပြောခံနေရတာ စိတ်မကောင်းပါဘူး။ နောက်ပိုင်းမှာ နာမည်ကြီး ကဗျာဆရာ၊ စာရေးဆရာတွေရဲ့ စာတွေကို ဖြတ်ညှပ်ကပ်လုပ်ပြီး နာမည်ကြီးလာတဲ့ကလေးတွေက မနည်းပါဘူး။

စာရေးဆရာအသင်းဆီ ဘယ်လိုလုပ်ရင် ကောင်းမလဲ ကျွန်မအကြံတောင်းတော့ နာမည်နေရပ်လိပ်စာမသိဘဲနဲ့ ဘာမှလုပ်လို့ရမှာမဟုတ်ဘူး၊ သတင်းစာထဲမှာရှေ့နေနဲ့ ကြေညာချက်ထုတ်ပါတဲ့။ ရှေ့နေနဲ့ကြေညာချက်ထုတ်ရင် အချိန်ကုန်ပိုက်ဆံကုန်တာက ကျွန်မတို့ပါ။ တစ်ရာဖိုး ၃ ကောင့်တန်တွေနဲ့ အကောင့်တစ်ကောင့်ပျက်ရင် နောက်တစ်ကောင့်နဲ့ရေးနေတဲ့ ကလေးတွေအတွက် ကျွန်မတို့က ဟားစရာဖြစ်နေပါတယ်။ ဘယ်သူဘယ်ဝါမှန်းမသိ လိုက်ရှာရမယ့် ကျွန်မတို့လိုစာရေးသူတွေအတွက် အခက်အခဲရှိပါတယ်။ စာရေးဆရာနဲ့ ပတ်သက်တဲ့ အဖွဲ့အစည်းတစ်ခုခုက ကျွန်မတို့စာရေးသူတွေဘက်က ကာကွယ်ပေးနိုင်မယ့် စီမံချက်တစ်ခုခုမျိုးလုပ်ပေးရင် ကောင်းမှာပဲလို့ ကျွန်မယူဆပါတယ်။

အခုတော့ စာရေးဆရာ၊ ကဗျာဆရာတွေဟာ သောင်ပြင်မှာလွှတ်ထားခဲ့ရတဲ့ခွေးတွေ လို အကာအကွယ်မဲ့နေတယ်လို့ ကျွန်မခံစားရပါတယ်။ မူပိုင်ခွင့်ဥပဒေကတော့ ရှိပါရဲ့။ ဘယ်သူမှန်းမသိတဲ့သူတွေကို ကျွန်မတို့ဘယ်လိုတရားစွဲမလဲ။ အင်တာနက်ပေါ်တက်လိုက်တာနဲ့ နေ့စဉ်နဲ့အမျှ ဘယ်ကဗျာဆရာရဲ့ ကဗျာကို ဘယ်သူကခိုးသွားတာ။ ဘယ်စာရေးသူရဲ့ဝတ္ထုကို လိုင်းပေါ်ခပ်တည်တည်တင်ပြီး နာမည်ကောက်တပ်တယ်ဆိုတဲ့ ပြဿနာကို ကျွန်မတို့ မကြာခဏကြုံနေရပါတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းမယ်ဆိုတော့လည်း facebook ပေါ်မှာအချက်အလက်အမှန်က မဖြည့်၊ profile ပုံအစစ်အမှန်ကမတင် ကျွန်မတို့ကဘယ်လိုစုံစမ်းစစ်ဆေးမလဲ။ စာပေနဲ့သက်ဆိုင်တဲ့ အာဏာပိုင်တွေက ဒီအတွက် ထိရောက်စွာ အရေးယူဖို့စီမံချက်တွေ၊ နည်းလမ်းတွေချမှတ်ပေးရင် သိပ်ကောင်းမှာပဲလို့ ကျွန်မဆန္ဒပြုမိပါတယ်။



■ လှိုင်းကြာဖြူ(လားရှိုး)

# ရှိ သရဲတွေထက် ဆိုးတဲ့ အွန်လိုင်းစာသူခိုး



စာ ရေးတဲ့သူက ငွေကြေးအင်အားတတ်နိုင်လို့သော်လည်းကောင်း နာမည်ကြီးချင်လို့သော်လည်းကောင်း တကယ့်စာရေးသူဆီက စာမူကို သူ့နာမည်နဲ့ထုတ်၊ စာရေးဆရာကတော့ မဖြစ်စလောက် ညဏ်ပူဇော်ခလောက်ပဲ ရတာပါ။ တချို့ကိုယ်တိုင်ရေး စာရေးဆရာတွေဟာ စာအုပ်တိုက်တစ်ခုနဲ့ စာချုပ် ချုပ်တော့မယ်ဆို တချို့ထုတ်ဝေသူတွေက သူတို့ကို ဘယ်နှစ်အုပ် အလကား ရေးပေးရမယ်ဆိုတာမျိုး ချုပ်ကိုင်ထားတာလည်း ကျွန်မ ကြားဖူးပါတယ်။ အဲ့ဒါကိုအရပ်အခေါ် ရှဲဒိုးရေးတယ်လို့ ကြားဖူးပါတယ်။

စာပေလောကမှာ အဲ့လိုပြဿနာတွေ ခဏခဏတက်ခဲ့ပါတယ်။ မူရင်းစာရေးသူဟာ သူရေးတဲ့စာအုပ်တွေနဲ့ အခြားနာမည်ခံထားသူအောင်မြင်နေတဲ့အခါ မခံစားနိုင်လို့ Suicide လုပ်သွားတဲ့အဖြစ်လည်းကြုံဖူးပါတယ်။ နာမည် ဘယ်သူဘယ်ဝါဆိုတာ ထုတ်မပြောတော့ပါဘူး။ သူ့ခမျာသူကတော့ကိုယ်စိတ်နှလုံး ၃ ပါးစလုံးနဲ့ ခံစားပြီး ရေးဖွဲ့ထားရတာ တကယ့်တကယ်စာအုပ်ကအောင်မြင် ရေးသူကနာမည်ကြီးတော့ သူမဟုတ်ဘဲ အခြားတစ်ယောက်ဆိုတော့ သူ ဘယ်ခံစားနိုင်မလဲ။ ဟုတ်တာပေါ့။ နောက်ဖြစ်ရပ်တစ်ခုက လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ဖြစ်ခဲ့တာ ထုတ်ဝေသူတစ်ယောက်ဟာ သူ့နာမည်ခံပြီး စာရေးဆရာမရဲ့ စာအုပ်တွေထုတ် နောက်အဲ့ဒီဆရာမရဲ့ စာအုပ်တွေကအောင်မြင်လွန်းမကအောင်မြင်လာ။ စောင်ရေတက်ပေမယ့် ထုတ်ဝေသူက ပိုက်ဆံတိုးမပေးသလို သူ့နာမည်နဲ့ထုတ်လည်းမပေး၊ အခြားသောတိုက်တွေနဲ့လည်းစာချုပ်ချုပ်ခွင့်မပြု နောက်တော့အဲ့ဒီစာရေးသူနဲ့ ထုတ်ဝေသူတိုင်းသိပြည်သိ အကြီးအကျယ် ပြဿနာတက်တော့တာပဲ။ ဒီတော့မှ ပရိသတ်တွေကလည်း အဲ့ဒီ စာအုပ်တွေကို ရေးနေသူ အစစ်အမှန်ကို သိတဲ့နောက် အဲ့ဒီနာမည်ခံသူကို အပြင်းအထန် ရှုံ့ချကြတယ် သူ့စာတွေကို အားမပေးတော့ဘူး။ မူရင်း စာရေးသူရဲ့အလားအလာကို သိတဲ့တခြားသော ထုတ်ဝေသူက စာမူခထိုက်ထိုက်တန်တန်ပေးတော့ အဲ့ဆရာမကအဲ့တိုက်မှာရေးပြီလေ။ ဟိုနာမည်ခံထားတဲ့သူကတော့ သူကိုယ်တိုင်ပဲရေးသလား၊ အရင်လို စာရေးသူတစ်ဦးပဲမွေးမလားမသိဘူး။ သူ့နာမည်နဲ့ ဆက်ထွက်တာပဲ အရေးအသားတွေကတော့ အရင်အရေးအသားနဲ့ ဘယ်တူပါ့မလဲ အသိသာကြီးပေါ့။ ကျွန်မတို့ လုံးချင်းလောကမှာ အဲ့လိုရှဲသရဲတွေကြီးစိုးခဲ့ပါတယ်။

အဲ့ဒီလိုရှဲဒိုးအမည်ခံထားတဲ့ စာရေးဆရာတွေကို သိတဲ့စာရေးဆရာတွေ ဘယ်သူမှအပေါင်းအသင်းမလုပ်ချင်ကြပါဘူး။ အဲ့ဒီလိုလူကို စာရေးဆရာလို့တောင် သတ်မှတ်လို့မရတာ။ စာပေလောကမှာ ရှဲ သရဲတွေကတော့ ခေတ်အဆက်ဆက်ရှိခဲ့တာပဲ။ ပိုများတာတော့ ကျွန်မတို့ လုံးချင်း ဝတ္ထုအသိုင်းအဝိုင်းမှာ ပိုများပါတယ်။

ယခင်က ယိုင်ရုံယိုင်ခဲ့တဲ့ စာပေလောကကြီးဟာ ဖုန်းကိုလူတွေက တွင်တွင်ကျယ်ကျယ်သုံးလာနိုင်တဲ့အချိန်မှာ တအိအိနဲ့ ပြိုကျခဲ့ပါတယ်။ စာပေလောကနဲ့ စာအုပ်ထုတ်ဝေရေးလောကရဲ့ စစ်တမ်းအရ စာအုပ်အငှားဆိုင်တွေဆိုတာ လူတွေစာအုပ်ငှားမဖတ်ကြလို့ မရှိတော့ဘူး။ မြို့တိုင်းမြို့တိုင်းမှာတောင် စာအုပ်အရောင်းဆိုင်ဆိုတာ လက်ချိုးရေလို့တောင် လက်တစ်ဖက်မပြည့်တော့ဘူးတဲ့။ ၂၀၁၅ နောက်ပိုင်းမှာ ကျွန်မတို့လုံးချင်းဝတ္ထုလောကကြီးက လုံးဝကို ယိုင်နဲ့ပြိုကျလာပါတယ်။

လူတော်များများဟာ ဖုန်းပေါ်မှာ အချိန်ကုန်လာခဲ့ကြတယ်။ စာဖတ်သူတွေကလည်း ဖုန်းနဲ့စာအုပ်လင့်တွေကို ဒေါင်းလုတ်လုပ်ပြီး ဖတ်ရတာပိုလွယ်ကူတယ်လို့ ယူဆလာကြတယ်။ စာအုပ်ကို လက်နဲ့ကိုင်ဖတ်ရတဲ့ အရသာကို ကြိုက်နှစ်သက်သူတွေကလွဲလို့ လူတွေကဖုန်းပေါ်မှာပဲဖတ်ကြတော့တယ်။ တချို့ ethics နားမလည်သူတွေဆိုရင် စာအုပ်ထုတ်တာက တစ်လ ၂ လ မရှိသေးဘူး ဈေးကွက်မှာစာအုပ်ဖြန့်တာတောင် ပူပူနွေးနွေးရှိနေချိန်မှာ အဲ့စာအုပ်ကို ဒေါင်းလုတ်လင့် လုပ်လိုက်တဲ့အခါ လူတွေက ပိုက်ဆံပေးဝယ်ရမယ့် စာအုပ်အင်တာနက်လေးဖွင့်ပြီး ဒေါင်းလိုက်ရင် တန်းဖတ်ကြတော့တာပေါ့။ စာအုပ်သွားဝယ်ရတဲ့ဒုက္ခ၊ ပိုက်ဆံကုန်ရမယ့် ဒုက္ခတွေ သူတို့မှာ မရှိပေမယ့် အဲ့ဒီဆိုးကျိုးဟာ စာရေးသူနဲ့ ထုတ်ဝေသူအပေါ် အများကြီးသက်ရောက်သွားတယ်။ ထုတ်ဝေသူက အရှုံးပေါ်သလို စာရေးသူကလည်း မျက်နှာပန်း မလှပါဘူး။ လစဉ်လစဉ် စာအုပ်တွေရဲ့ရောင်းအား စောင်ရေတွေကျလို့ဆိုတဲ့ ထုတ်ဝေသူရဲ့ ညည်းညူသံကြားတိုင်း နှလုံးရောဂါရမတတ် ကျွန်မခံစားခဲ့ရဖူးပါတယ်။

ကျွန်မလုံးချင်းထွက်တဲ့ကာလက ၂၀၁၅ ခုနှစ် အစောပိုင်းကာလပါ။ စာအုပ်လောကကြီး တအိအိပြိုကျနေတဲ့ ကျွန်မက ကပ်ခေတ်မှာ စာရေးသူဖြစ်လာသလိုပဲ။ ကျွန်မကရွှေပဒေသာနဲ့ စာချုပ်ပြီး ဝတ္ထုရေးပါတယ်။ ခေတ်ပျက်ကြီးပေမယ့် ထုတ်ဝေသူဟာ စာချုပ်အရ စာမူခနည်းပေမယ့် ကျွန်မနာမည်နဲ့ပဲ ကျွန်မစာအုပ်တွေကို ထုတ်ပေးတာပါ။ ကိုယ်တွေက ရှဲသရဲဆိုတဲ့ ထိတ်လန့်စရာကာလကို ကြားသိထားဖူးတော့ စာမူခနည်းတာထက် ကိုယ့်နာမည်နဲ့ထုတ်ပေးတာကိုပဲ ကျေးဇူးတင်ရတာပါ။

စာအုပ်ထုတ်ဝေရေး၊ ဖြန့်ချိရေး၊ ရောင်းဝယ်ရေးဆိုတာ တစ်စထက်တစ်စ ယိုယွင်းပျက်စီးနေတော့ ၂၀၁၈ ခုနှစ်မှာ စာအုပ်ထုတ်ဝေရေးတွေ တစ်ခုပြီးတစ်ခု ရပ်နားလာပါတယ်။ ဝတ္ထုလောကတင်မဟုတ်ပါဘူး။ မဂ္ဂဇင်းလောက၊ ဂျာနယ်လောကတွေလည်း ထိုနည်းလည်းကောင်းပါပဲ။ ဥပမာပေးရရင် ဂျာမန်တွေဟာ ဂျူးတွေကို ဩစဝစ်အကျဉ်းထောင်ထဲက ထုတ်ပြီး အသေသတ်သလို ဘယ်အချိန်မှာ ဘယ်မဂ္ဂဇင်းတော့ ဘာကြောင့်ရပ်နားပြီ၊ ဘယ်ဂျာနယ်တော့ နားပြီ အဲ့လိုကြော်ငြာတွေတွေ့ရင် ကိုယ့်အသည်းနှလုံးကို ဆွဲနုတ်ခံရသလိုပါပဲ။ စိတ်မချမ်းသာရပါဘူး။ ကျွန်မကလုံးချင်းရေးတယ်ဆိုပေမယ့် မဂ္ဂဇင်းတွေမှာ ကဗျာတွေ၊ ဝတ္ထုတိုတွေရေးပြီး စာပေလောကထဲ ရောက်ခဲ့တော့ မဂ္ဂဇင်းလောကက အမေဆို၊ လုံးချင်းလောကက အဖေပါပဲ။

လွန်ခဲ့တဲ့ တစ်ပတ်က ကဗျာဆရာအစ်ကိုတစ်ယောက်က ဖုန်းဆက်လာပါတယ်။ နင့်ကို လိုင်းပေါ်မတွေ့လို့ လိုင်းပေါ်မှာ စာပို့ထားတယ်။ အရေးကြီးတယ်။ တက်ကြည့်ဦးဆိုတော့ ကျွန်မလည်း တက်ကြည့်ပါတယ်။ အဲ့ဒီတော့မှ စာရေးဆရာမ ကြည်နုခေတ်နဲ့ ကဗျာဆရာလင်းသျှိလတို့က ကျွန်မကို လင့်တစ်ခု ပို့ထားတာတွေ့ရတယ်။ ဘာပါလိမ့်ပေါ့။ ကျွန်မအဲ့ဒီလင့်ကို ဝင်ဖတ်တော့မှ Harry Shane ဆိုတဲ့ အကောင့်ပိုင်ရှင်က ထွက်ရှိပြီးခဲ့တဲ့ ကျွန်မရဲ့ 'ချစ်ခြင်းရယ် ကိုယ်ရယ် မင်းရယ်' လုံးချင်းဝတ္ထုရယ်၊ 'အမုန်းသင့်ကျိန်စာ' ဆိုတဲ့ လုံးချင်းဝတ္ထု ၂ အုပ်စလုံးကို ဖြတ်ညှပ်ကပ် လုပ်တာမဟုတ်ဘဲ ဤသည်မရွေး အစအဆုံး ကူးပြီး သူ့နာမည်နဲ့ လိုင်းပေါ် အခန်းဆက်ဝတ္ထုတင်နေတာပါ။ တစ်လုံးမှကို အလွဲ မရှိပါဘူး။ ဇာတ်ကောင်နာမည်၊ ဝတ္ထုနာမည်က အစ တူနေတာပါ။

ဒါနဲ့ ကျွန်မအကောင့်ထဲ ဝင့်ကြည့်လိုက်တော့ 'Harry Shane (ရင်ခွင်မြွား)' ဆိုတဲ့ နာမည်နဲ့ အခန်းဆက်ဝတ္ထုတွေ အများကြီးတင်ထားတာကို တွေ့ရပါတယ်။ အွန်လိုင်းပေါ်က ကျွန်မပရိသတ်တွေ ပို့ပေးလာတဲ့ အချက်အလက်တွေအရ ဒီကောင်လေးဟာ ထုတ်ဝေပြီးတဲ့ စာရေးဆရာမတွေရဲ့ ဝတ္ထု တော်တော်များများကို သူ့နာမည်နဲ့ လိုင်းပေါ်တင်နေတာ ပရိသတ်တော်တော်တောင်ရနေပါပြီ။ ကျွန်မတို့စာအုပ်ဖတ်ဖူးသူတွေက အဲ့အခန်းဆက်ဝတ္ထုတင်တဲ့ Page အောက်မှာ အဲ့စာအုပ်က ဆရာမဘယ်သူရဲ့ ဝတ္ထုပါပြောရင် သူ့ကိုအားပေးတဲ့သူက ပြောသူကို ဝိုင်းဆဲတယ်။ အကောင့်ကို ရီပို့စ့်ထုတယ်တဲ့။

လတ်တလောအတွင်းမှာဖြစ်သွားတာတော့ ဆရာမသျှင်မပါ။ ဆရာမသျှင်မရဲ့ ဝတ္ထုတွေကိုလည်း အဲ့လိုတိုက်ရိုက်ကူးနေပြီး နာမည်ကျမှာ သူတို့နာမည်ပြောင်းတင်နေတာ တစ်အုပ်လည်း မဟုတ်၊ ၂ အုပ်လည်းမဟုတ်တော့ ဆရာမက အဲ့လိုမလုပ်ကြဖို့၊ မခိုးကြဖို့ မေတ္တာရပ်ခံတဲ့အခါ ဆရာမအကောင့်ထဲဝင်ပြီး ဘာသက်သေရှိလို့လဲ ဆိုပြီး ဆဲကြဆိုကြပါတယ်။ အဲ့ကလေးတွေဟာ ၂၀ ပတ်လည် အသက် အစိတ်မကျော်သေးတဲ့ ကလေးတွေမှန်ပေမယ့် အသက် ၅၀ ကျော်အရွယ် ဆရာမကို နင်ပဲငါဆဲဆဲဆိုပြီး အကောင့်ကို ဝိုင်းရီပို့စ့်ထုတော့ ဆရာမအကောင့်ဟာ ပျက်သွားပါတယ်။

ကျွန်မကို ဝတ္ထုကော်ပီကူးထားတဲ့ စာအုပ်လင့်တွေကို လိုင်းပေါ်တင်ပြီး ကျွန်မစာအုပ်ခိုးကူးတဲ့ ကလေးကို လာတောင်းပန်ပေးပါ။ ကူးထားတဲ့ဝတ္ထုတွေအားလုံး ဖြုတ်ချပေးပါဆိုပြီး ကြေညာလိုက်ပါတယ်။ အဲ့ဒီအချိန်မှာ Harry Shane အကောင့်ပိုင်ရှင်ဟာ ကျွန်မတို့အကောင့်တွေကိုဝင်ဘလော့ပြီး ကိုယ်ယောင်ဖျောက်နေခဲ့ပါတယ်။ တောင်းလည်းမတောင်းပန်သလို ကူးထားတဲ့ဝတ္ထုတွေကိုလည်း ဖြုတ်မချခဲ့ပါဘူး။ သူခိုးကူးတဲ့ဝတ္ထုရဲ့ စာရင်းကိုကျွန်မပြုစုလိုက်တဲ့အခါမှာ စာရေးဆရာမ ဆုအဥ္ဇလီရဲ့ ဝတ္ထုက ၅ အုပ်၊ စာရေးဆရာမမိုးစက်ပွင့်ရဲ့ စာအုပ်က ၂ အုပ်၊ ကျွန်မစာအုပ်က ၂ အုပ် စုစုပေါင်း ၉ အုပ်ဆိုတာ ကျွန်မစာရင်းရခဲ့ပါတယ်။ ကျန်တဲ့ဟာတွေကတော့ ကျွန်မမဖတ်နိုင်လို့ ဘယ်စာအုပ်တွေထပ်ကူးသေးသလဲ၊ ကိုယ်တိုင်ရေး ဟုတ်လား မဟုတ်လား မစမ်းစစ်နိုင်ပါဘူး။

ကျွန်မကမတောင်းပန်ရင် တရားစွဲမယ်၊ အ

စာမျက်နှာ (၁၈) သို့ ➤ ➤ ➤

VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019
ကမ္ဘာ့ဇတိုင်း

■ အောင်ဆန်းဝင်း



# အပြောင်းအလဲစောင့်ရင်း ပြည်သူတွေ ငါးပါးမှောက်နေကြဆဲ

အလုပ်အကိုင် ကောင်းလား၊ မကောင်းလားတော့ မပြောတတ်ဘူး။ တစ်နေ့တစ်နေ့ သွားလိုက် လာလိုက် ဓာတ်ဆီဖိုးကုန်၊ အချိန်တွေကုန်နဲ့ နောက်ဆုံးမိုးမိပြီးဖျားတာပဲ အဖတ်တင်တယ်။ ထီးဖြူဖိနပ်ပါးဆိုတဲ့ စကားလိုပေါ့။ ဟိုဖက်နားခပ်လှုပ်လှုပ် အသံတွေကြားလို့သွားကြည့်။ အသံပဲရှိတယ်။ အလုပ်ကမဖြစ်ဘူး။ နောက်တစ်နေရာအဝယ်လိုက်တယ် အသံကြားတာနဲ့ အရောက်ပြေးတယ်။ ထုံးစံအတိုင်း ဘာအလုပ်မှမဖြစ်ဘူး။ တကယ်ဖြစ်နေတာကရောင်းချင်တဲ့လူများနေတာ။ အမှန်တကယ်ဝယ်မယ့်လူကမရှိဘူး။ လက်ထဲပိုက်မိနေတဲ့လူတွေက ဟိုအကြောင်းပြ၊ ဒီအကြောင်းပြ၊ ဟိုစီမံကိန်းရှိတယ်၊ ဒီစီမံကိန်းကြီးလာတော့မှာဆိုပြီး အဝယ်လှုပ်အောင် လျှောက်ပြောနေတာလေ။ အကွက်ကြီးတွေအလုပ်ဖြစ်ဖို့မပြောနဲ့ ဈေးနည်းဈေးသင့်တဲ့ အကွက်ငယ်တွေတောင် တစ်လနေလို့ တစ်ကွက်အရောင်းအဝယ်မဖြစ်ဘူး။

ရွာတွေဘက်မှာရှိတဲ့ မြေကွက်အလုပ်မဖြစ်လို့ မြို့ပေါ်မှာကောအရောင်းအဝယ်ဖြစ်လား မမေးနဲ့။ မြို့ပေါ်အိမ်ခြံမြေဈေးခေါင်ခိုက်နေတော့ အလုပ်ဖြစ်ဖို့ပိုတောင်ဝေးသေးတယ်။ ရပ်ကွက်တွေထဲသွားရင်းလာရင်း တွေ့ဖူးမှာပေါ့။ အိမ်တံခါး ခြံတံခါးမှာကပ်ထားတဲ့ အိမ်ရောင်းမည် ခြံရောင်းမည်ဆိုင်းဘုတ်တွေ။ ဆိုင်းဘုတ်ဆွေးလို့ အသစ်ပြန်ရေးကပ်ရတာ ဆိုင်းဘုတ်ဖိုးငွေကုန်တာပဲရှိတယ်။ သတင်းမေးဈေးမေးတဲ့လူတောင်မရှိဘူး။ ဒီလုပ်ငန်းထဲမှာကျင်လည်ခဲ့တဲ့ လက်ကြီးတော်တော်များများ အခုဒီအလုပ်ဖက်လှည့်တောင်မကြည့်ကြတော့ဘူး။ တချို့တွေအလုပ်အကိုင်ပြောင်းသွားတယ်။ တချို့ကသူတို့မူလလက်ငုတ်လက်ရင်း အလုပ်တွေဖက်ပြန်သွားကြတာပေါ့။ လူကြားကောင်းအောင် အလုပ်ဖြစ်သလိုလို ဘာလိုလိုပြောနေကြတာ။ လက်တွေ့က ထမင်းငတ်မယ့်အလုပ်ဖြစ်နေပြီတဲ့။

အိမ်ခြံမြေလောကမှာ နှစ်ပေါင်း ၂၀ လောက် ကျင်လည်နေတဲ့ ပွဲစားတစ်ယောက်ရဲ့ စကားသံ။ သူလုပ်ကိုင်လာတဲ့သက်တမ်းတစ်လျှောက် အခုအချိန်လောက်အလုပ်ပါးတာမျိုး မကြုံဖူးသေးဘူးလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ဦးသိန်းစိန်အစိုးရလက်ထက်က တောင်ကြီးမြို့အနီးတစ်ဝိုက်မှာ ရှိတဲ့ အိမ်ခြံမြေ အရောင်းအဝယ် အတော်ကြီးဖြစ်ခဲ့တယ်။ မြို့ပေါ်ကငွေကြေးတတ်နိုင်တဲ့လူတွေ၊ ရပ်ဝေးကလာရောက်ရင်းနှီးမြှုပ်နှံတဲ့လူတွေကြောင့် တော်တော်ကြီးလှုပ်လှုပ်ခတ်ခတ် ဖြစ်ခဲ့ဖူးပါတယ်။ အရောင်းအဝယ်မဖြစ်တဲ့နေ့မရှိခဲ့ဘူး။ မြို့ပေါ်မြို့ပြင် တစ်နေရာမဟုတ်တစ်နေရာတော့ စာချုပ်ချုပ်သံကြားနေရတယ်။ လုံးဝအရောင်းအဝယ် မရှိအောင်ဖြစ်သွားတာ လက်ရှိအစိုးရလက်ထက်မှာလို့ ပြောကြပါတယ်။ ဘယ်လိုအကြောင်း အရင်းကြောင့် ဖြစ်တာလည်း မေးကြည့်တော့ ခိုင်မာတိကျတဲ့အဖြေမရှိကြဘူး။

လက်ရှိအစိုးရ ၄ နှစ်သက်တမ်းပြန်ကြည့်ရင် အိမ်ခြံမြေလောကမှ မဟုတ်ပါဘူး။ အဘက်ဘက်က ကျဆင်းနေတာ မြင်တွေ့နေရတယ်။ အဓိကကျဆင်းနေတာ တိုင်းပြည်ရဲ့စီးပွားရေးပါ။ ဘာတွေဘယ်လောက်လုပ်နေတယ်ပြောပြော လက်တွေ့ကျကျမွဲနေတဲ့ပြည်သူတွေကို သေသေချာချာကြည့်ရင်မြင်နိုင်ပါလိမ့်မယ်။ မြေပြင်အခြေအနေမသိဘဲ ပလ္လင်ပေါ်ကငုတ်တုတ်ထိုင်ကြည့်နေရုံနဲ့တော့ ဘာတစ်ခုမှမြင်နိုင်သိနိုင်မှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာ အာဆီယံမှာ ဖွံ့ဖြိုးတိုးတက်ဆုံးစာရင်း ထိပ်ဆုံး ရောက်တယ်လို့ ပြောဆိုသံတွေ ထွက်နေပါတယ်။ ဘယ်လိုစံချိန် စံညွှန်းနဲ့တိုင်းတာပြောမှန်းတော့မသိပါဘူး။ မြန် မာနိုင်ငံတစ်ဝန်း၊ ရှမ်းပြည်နယ်အတွင်းမှီတင်း နေထိုင်ကြတဲ့ ပြည်သူတွေကတော့ ဆင်းရဲမွဲတေမှုတွင်းထဲ ဆင်းသထက် ဆင်းနေကြတာ တိုင်းနဲ့ ပြည်နယ် ၁၄ ခုလုံးမှာ ရှိတဲ့ ပြည်သူတွေ အသိ ဖြစ်ပါတယ်။

"ဦးသိန်းစိန်အစိုးရလက်ထက်တုန်းက ခြံကွက်အရောင်းအဝယ်တော်တော်ကြီး အလုပ်ဖြစ်ခဲ့တယ်။ မြို့တောင်ဘက်မှာအများဆုံးဖြစ်တာပေါ့။ နောက်ဘုရားဖြူရပ်ကွက်ဘက်မှာဖြစ်တယ်။ အခုအစိုးရလက်ထက်ကျတော့ ဘယ်လိုဖြစ်တယ်တော့မပြောတတ်ဘူး။ အရောင်းအဝယ်မရှိသလောက်ကိုဖြစ်နေတယ်၊ တိုင်းပြည်စီးပွားရေးပိုင်းကအစစအရာရာ ကျဆင်းနေတော့ ပြည်သူတွေလက်ထဲ ငွေမရှိတာလည်းပါမယ်ထင်ပါတယ်။ အရင်လိုရန်ကုန်၊ မန္တလေးဘက်ကလုပ်ငန်းရှင်သူဌေးတွေလာဝယ်တာလည်း မရှိတော့ဘူး။ အခုလက်ရှိမြေကွက်ပိုင်ရှင်တွေက နောက်ဆုံးပိတ်မိတဲ့ သဘောဖြစ်နေတာပေါ့။ မြို့တောင်ဘက်ခြမ်းရွာတွေမှာ အစ်ကိုတို့ ဝယ်ထားတဲ့ မြေကွက်တွေ အများကြီးကျန်နေတယ်။ မင်းသား လွင်မိုး အကွက်နဲ့ တစ်ဆက်တည်း။ အခုဈေးလျှော့ရောင်းတာတောင် ဝယ်သူမရှိဖြစ်နေတယ်"လို့ ခြံကွက်အရောင်းအဝယ်လုပ်တဲ့ ကိုရာမက ပြောပါတယ်။

တိုင်းပြည် စီးပွားရေး ကျဆင်းရတဲ့ အကြောင်းအရင်းတစ်ခုက အစိုးရရဲ့ခိုင်မာတိကျတဲ့ မူဝါဒမရှိတာကြောင့် ဖြစ်တယ်လို့ သုံးသပ်ပြောဆိုသံလည်း ကြားနေရပါတယ်။ ၄ နှစ်တာသက်တမ်းအတွင်း ပြန်ကြည့်ဆိုရင်လည်း အစိုးရရဲ့ ကောင်းမွန်တိကျတဲ့ လုပ်ဆောင်ချက်တွေ ထူးထူးခြားခြား မြင်တွေ့ရခြင်းတော့မရှိသေးပါဘူး။ အသံကြားတဲ့နောက်ကယောင်ကတမ်း လျှောက်လိုက်နေတဲ့ ကလေးငယ် အဆင့်လောက်သာ ဖြစ်နေပါတယ်။ အစိုးရတစ်ရပ်မှာရှိသင့်ရှိထိုက်တဲ့ အရည်အချင်းမျိုးရှိမနေတဲ့အတွက် အချိန်တွေကုန်ပြီး တိုင်းပြည်ကလုံးပါးပါးတဲ့အဆင့်ကတက်မလာနိုင်ပါဘူး။ အစိုးရတစ်ရပ်အတွက် အရေးကြီးဆုံး အရည်အချင်းက တိုင်းပြည်စီးပွားရေး တိုးတက်အောင်လုပ်ဆောင်နိုင်ခြင်းလို့ ဆိုကြပါတယ်။ လက်ရှိအစိုးရအနေနဲ့ မှန်ကန်တဲ့ ပြုပြင်ပြောင်းလဲမှု မလုပ်နိုင်သရွေ့ တိုင်းပြည်စီးပွားရေးဖောက်ထိုးကျဆင်းနေဦးမှာဖြစ်ပါတယ်။

အစိုးရအုပ်ချုပ်မှု ယန္တရားအတွင်း အပေါ်နဲ့ အောက်ချိတ်ဆက်မှု အားနည်းခြင်းကလည်း တိုင်းပြည်တိုးတက်အောင် လုပ်ဆောင်တဲ့ နေရာမှာ အားနည်းချက်တစ်ရပ်လို ဖြစ်နေပါတယ်။ အပေါ်အစိုးရသာ ပြောင်းလဲခဲ့တာ ဖြစ်ပြီး အောက်ခြေက နဂိုအတိုင်းဖြစ်နေတဲ့အတွက် တချို့သောကိစ္စရပ်တွေမှာ လုပ်ကိုင်ရခက်ခဲတာ ရှိနေဆဲဖြစ်ပါတယ်။ အပြောင်းအလဲနောက်လိုက်ပါလိုတဲ့ လူရှိသလို၊ အဟောင်းထဲမှာကျင်လည်ချင်တဲ့လူလည်း ရှိတဲ့အတွက် အစိုးရအနေနဲ့ စိတ်ထင်တိုင်းမပေါက်နိုင်သေးပါဘူး။ တိကျခိုင်မာပြတ်သားတဲ့ မူဝါဒနဲ့ဆောင်ရွက်မှ အပြောင်းအလဲကို စနစ်တကျဖော်ဆောင်နိုင်လိမ့်မယ် ထင်ပါတယ်။ လှေသူကြီးဘယ်လောက်တော်တော် ဘယ်လိုဦးဆောင်မှုကောင်းပါစေ၊ လှေထိုးသားတွေညံ့ရင် ခပ်ချာချာလှေထိုးသားတွေများရင် ဘယ်လိုမှ ခရီးပေါက်နိုင်မှာမဟုတ်ပါဘူး။

မြန်မာပြည်သူတွေဟာ ဆင်းရဲမွဲတေမှုနဲ့ ကျင့်သားရခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ လမ်းဟောင်းထဲကဖောက်ထွက်နိုင်အောင် ကြိုးပမ်းတာလည်း အကြိမ်ကြိမ်အခါခါပါ။ အပြောင်းအလဲကို အမှန်တကယ်လိုချင်လို့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်မှုနောက်ကို သောင်ပြိုကမ်းပြို လိုက်ပါအားပေးခဲ့ကြတယ်။ ပြည်သူတွေရဲ့အင်အားနဲ့ ပြည်သူ့အတွက် အလုပ်လုပ်မယ့် အစိုးရတစ်ရပ်ကို တင်မြှောက်ပေးခဲ့ကြပါတယ်။ ပြည်သူဘက်က တာဝန်ကျေပေမယ့်အစိုးရဘက်ကတော့ အားနည်းချက်တွေ ရှိနေတုန်းလို့ ဆိုရမှာပါ။ တိုင်းပြည်တိုးတက်ရေးကိစ္စရပ်တွေနဲ့ပတ်သက်ပြီး တာဝန်ရှိသူများ အားလုံးကိုယ်စီ တာဝန်ခံမှု မရှိသ၍ ကောင်းမွန်တဲ့အပြောင်းအလဲပေါ်ဖို့ လမ်းစပျောက်နေဦးမှာဖြစ်ပါတယ်။ ပြည်သူတွေကို အမှန်တကယ်မျက်နှာမူမှ ပြည်သူ့အတွက် အလုပ်လုပ်နိုင်ကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ တိုးတက်ပြောင်းလဲအောင်ဆင်းရဲတွင်းလွတ်အောင်လုပ်ဖို့က အစိုးရ၊ တပ်မတော်နဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံး ညှိနှိုင်းအဖြေရှာရမယ့် ပုစ္ဆာပဟေဠိ တစ်ပုဒ်လို့ ပြောရမှာပေါ့။ နှစ်ပေါင်းများစွာအဖြေရှာနေတဲ့ ပုစ္ဆာဟောင်းကြီး။ မေးခွန်းရှိပြီး အဖြေပျောက်နေတဲ့ပုစ္ဆာ၊ စစ်မှန်တဲ့ငြိမ်းချမ်းရေးမရှိဘဲနဲ့တော့ တိုင်းပြည်တိုးတက်အောင်လုပ်ဖို့က အခက်အခဲတွေ စိန်ခေါ်မှုတွေ ရှိနေဦးမှာပဲ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ မလုပ်တာတော့မဟုတ်ဘူး။ လုပ်တော့လုပ်နေကြတယ်။ လက်ရှိအစိုးရတက်ကတည်းကလည်း ဒီကိစ္စကို တစ်စိုက်မတ်မတ် လုပ်တာ တွေ့နေရပါတယ်။ ပုစ္ဆာတိုင်းမှာအဖြေဆိုတာ ရှိပြီးသားပါ။ အမှန်တကယ်သာ ပြည်သူကိုကြည့်ပြီး အဖြေ ထုတ်လိုက်ရင် ဒီကိစ္စအမြန်ဆုံး ပြေလည်သွားမယ်လို့ နိုင်ငံရေး လေ့လာသုံးသပ်သူ တစ်ဦးက သူ့အမြင်ကို ပြောပါတယ်။

လက်ရှိအစိုးရလက်ထက်မှာ တိုင်းပြည်စီးပွားရေးက တန့်နေတာမဟုတ်ဘဲ ထိုးဆင်းသလိုတောင်ဖြစ်နေပါတယ်။ အစိုးရရဲ့ကိုင်တွယ်ဖြေရှင်းပုံ လိုအပ်ချက်တွေရှိနေသရွေ့တော့ တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ လက်ရှိအခြေအနေမှာ အိမ်ခြံမြေဈေးကွက်အပြင် တစ်ခြားစီးပွားရေးလုပ်ငန်းတွေလည်း ခက်ခဲတဲ့ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့နေရတယ်လို့ ဆိုကြပါတယ်။ ငွေကြေးခိုင်ခိုင်မာမာလက်ဝယ်ပိုက်ထားတဲ့ လုပ်ငန်းရှင်ကြီးတချို့ အလုပ်ပြတယ်ဆိုရုံလောက်သာ လုပ်ကြပြီး မှန်ကန်တဲ့အပြောင်းအလဲကို စောင့်ကြည့်နေကြတယ်လို့ ပြောဆိုနေကြပါတယ်။ အပြောင်းအလဲကိုစောင့်ရင်း ပြည်သူတွေပိုပြီးဆင်းရဲကြပ်တည်းနေတယ်ဆိုတာတော့ ငြင်းချက်ထုတ်လို့ မရနိုင်ပါဘူး။ တာဝန်ရှိသူတွေ စစ်မှန်တဲ့ တာဝန်ခံမှုမရှိသရွေ့ ပြည်သူတွေဘဝ တိုးတက်ကောင်းမွန်ဖို့ လမ်းမမြင်ကြောင်းပါ။ ။

■ ကျော်လင်းထွန်း(ချောင်းဦး)



# ခေတ်ဆိုး နှင့် ခေတ်ကောင်း

ကျော်လင်းထွန်း[ချောင်းဦး]

''ဒီခေတ်ကလေးတွေ သနားစရာ။ သူတို့ခမျာ အရင်အစိုးရလက်ထက် ခေတ်ဆိုး၊ စနစ်ဆိုးမှာ ကြီးပြင်းခဲ့ရတော့ ပညာရေးစနစ်မကောင်းဘူးလေ။'' ဆိုတဲ့စကားသံကိုကြားသောအခါ ဆရာကြီးဦးအောင်သင်းရဲ့ ပြောစကားကို သတိရမိပါသည်။

ဆရာကြီးဦးအောင်သင်းကို အခုလူလတ်ပိုင်းရောက်နေတဲ့ သူအချို့က ''ဆရာကြီးတို့ခေတ်ကကောင်းတယ်ဗျာ။ ဆရာကြီးတို့ခေတ်က လူတွေဆို စာအရမ်းတော်၊ ပညာတကယ်တတ်ကြတယ်။ အခုကျွန်တော်တို့ခေတ် ပညာတတ်ဆိုတာ တကယ်မတတ်ကြပါဘူး ဆရာကြီး။ ကျွန်တော်တို့ခေတ်က ပညာရေးက ဆရာကြီးတို့ခေတ် ပညာရေးလောက် မကောင်းဘူး'' ဆိုပြီး ပြောကြသည်။ ဆိုလိုသည် မှာ ယနေ့ခေတ်သည် ခေတ်ဆိုးဖြစ်နေ၍ သူတို့တွေ၊ သူတို့ကလေးတွေ ပညာမတတ် စာမတတ် ဖြစ်နေကြသည်ပေါ့။ သည်တော့ ဆရာကြီးက ပြန်မေးခဲ့သည်။ ''မင်းတို့ ခေတ်ဆိုးကို ကြုံဖူးလို့လား။ ဒို့ ငယ်ငယ်တုန်းက အင်္ဂလိပ်အထွက်၊ ဂျပန်အဝင်၊ ဂျပန်အထွက်၊ အင်္ဂလိပ်ပြန်ဝင်။ ကျောင်းတွေတောင် ကောင်းကောင်းမတက်ခဲ့ရဘူး၊ စစ်ဖြစ်နေတာလေ။ အင်္ဂလိပ်စာ ဆိုတာက ငါ ထောင်ထဲရောက်မှ သင်ရတာဟ၊ ဘာ meaning စာအုပ်မှလည်းမရှိဘူး။ Dictionary ဆိုတာ ထောင်ထဲမှာ ဘယ်လိုသုံးခွင့်ရမှာတုန်း။ အဲ့ဒီမှာသူများတွေ ထောင်ထဲဖဲရိုက်၊ အရက်သောက်နေတဲ့အချိန်မှာ ငါကဆရာတစ်ယောက်ဆီမှာကပ်ပြီး အင်္ဂလိပ်စာသင်ခဲ့ရတာဟ။ ထောင်ကထွက်တော့ ငါကအင်္ဂလိပ်စာတော်တော်တတ်နေ၊ ရနေတော့ ငါကအပြင်မှာသူများထက် နေရာကောင်းတွေရတာပဲ'' ဟူ၍ ရှင်းပြခဲ့သည်။

မှန်ပါပေသည်။ ယနေ့ခေတ်အသက်နှစ်ဂု၀ တန်းတွေအများစု ငယ်စဉ်က စာရေးသူတို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကာစ။ တိုင်းပြည်တည်ထောင်ကာစ။ ပြည်တွင်းတွင် ရဲဘော်နီ၊ ရဲဘော်ဖြူဆိုသော ကွန်မြူနစ်တွေနဲ့ စစ်တိုက်ရတာကတစ်မျိုး၊ ဆိုရှယ်လစ်စနစ်ကို သွားချင်သော်ငြား ဒီမိုကရေစီသမားနှင့် တစ်ပါတီအာဏာရှင်စနစ်ကို လိုလားသူကတစ်မျိုး စသဖြင့် တိုင်းပြည် မငြိမ်မသက်ဖြစ်နေသော်ငြား ကိုယ့်တိုင်းပြည်ဂုဏ်ဆောင်နိုင်အောင် ရသည့်အချိန်၊ ရသည့်နေရာမှ ပညာကိုမရ ရအောင်ယူခဲ့ ကြသည်။ ကိုယ့်ယဉ်ကျေးမှု အနုပညာကို ထိန်းသိမ်းရင်း ပညာတတ်များ ဖြစ်လာကြသည်။ အိုးစည်၊ ဒိုးပတ်တီး၊ ပုလွေမှုတ်ပြီး နိုင်ငံခြားသားများနှင့် အင်္ဂလိပ်လိုတန်းတူပြောတတ်၊ ပြောနိုင်ကြသည်။ ကမ္ဘာလှည့်၍ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများ ပါ၀င်ယှဉ်ပြိုင်နိုင်ပြီး ရှုံးရာခြင်းလုံးခတ်မပျက်။ တိုင်းရင်းသားရိုးရာအကများ ကျွမ်းကျင်စွာထိန်းသိမ်း လက်ဆင့်ကမ်းနိုင်ကြသည်။

ခေတ်မကောင်း၊ ခေတ်ဆိုးသော်လည်း ကိုယ်ကိုယ်တိုင်မဆိုးဘဲ၊ ကောင်းနေလျှင်ဘာမျှမဖြစ်ပါ။ ဆိုကြပါစို့။ ဒီနေ့ခေတ်ကို ခေတ်ကြီးက မကောင်းတော့ဘူး၊ ခိုး၊ ဆိုး၊ လု၊ နိုက်သူကများမှများ၊ ပေါမှပေါဟုဆိုကြသည်။ ဒီခေတ်ကြီးမှာကောင်းတာ၊ တိုးတက်တာရော မရှိဘူးလားကို စဉ်စားသင့်သည်။ ခေတ်ကောင်းဟုယနေ့လူငယ်များသတ်မှတ်ခဲ့သော လွတ်လပ်ပြီးစခေတ်နှင့် ကိုလိုနီခေတ်ဆိုသည်မှာ စာအုပ်တစ်အုပ်ရဖို့ အလွန်ခက်ခဲခဲ့သောခေတ်၊ စက်မှုမထွန်းကားသေးသောခေတ်၊ လျှပ်စစ်ဓာတ်ဆိုသည်မှာ ရှေးထက်ရှားသောခေတ်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပြီး ဒေသတစ်ခုနှင့် တစ်ခု အလှမ်းကွာလှသောခေတ်၊ သို့သော်ဤမျှခက်ခဲသောခေတ်၊ မဖွံ့ဖြိုးသောခေတ်မှာပင် ခေတ်ကိုလက်ညှိုးထိုး၊ အပြစ်ပုံချမနေဘဲ ကြိုးစားခဲ့ကြ၍ ယနေ့ခေတ်လေးစားအားကျရသော ဦးသန့်၊ ဗိုလ်ချုပ်အောင်ဆန်း၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ မင်းသုဝဏ်၊ ဒေါ်နန်းစဝ်မြအေးကြည်၊ စသောစသောကမ္ဘာကျော်များ ပေါ်ထွက်လာခဲ့သည်။ ယနေ့ခေတ် ပညာတတ်များဆိုသူထက် အဆပေါင်းများစွာသာသော၊ လိုက်မမီသော ရှေးပညာတတ်များ ပေါ်ပေါက်ခဲ့ပါသည်။ တကယ်တော့ ခေတ်ကောင်းခြင်း ခေတ်ဆိုးခြင်းဆိုသည် ထိုခေတ်တွင်ရှင်သန်ရပ်တည်ကြသော သူများကလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။

စာရေးသူ၏ ဘကြီးတော်စပ်သူကပြောသည် ''မင်းတို့ခေတ်ပဲကောင်းတယ်ကွာ၊ ဖုန်းလေးတစ်လုံးရှိတာနဲ့ အရာရာလုပ်လို့ရနေတာကွာ။ ဒို့ငယ်ငယ်တုန်းက ဓာတ်ပုံတစ်ပုံရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ဗွီဒီယို၊ ရုပ်ရှင်ဆိုတာ ဝေးပါလေရောပေါ့။ ဟောအခုမင်းတို့ခေတ်များ ဟိုမှာသူများဘာလုပ်၊ ချက်ချင်းမြင်ရသိရကွာ။ အဘိဓာန်ဆိုတာဟာလည်း ဒို့ငယ်ငယ်က ၂ ရွာကျော်လောက်က ဆရာကြီးဆီမှာ တစ်အုပ်ပဲရှိတာ။ မင်းတို့ခေတ်မှာတော့ လက်ဖ၀ါးပေါ်က ဖုန်းထဲမှာပဲ လွယ်မှလွယ်။ စာရှက်တောင် လှန်စရာမလိုဘူး၊ မင်းတို့ခေတ်က တော်တော်တိုးတက်တာပဲနော်'' ဟုဆိုရှာသည်။

တကယ်တော့ခေတ်စနစ်ဆိုတာ ပြောင်းလဲနေပါမည်။ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဆိုသည်မှာ ထိုခေတ်စနစ်တွင် နေထိုင်သူများ၏ စိတ်သဘောထား၊ လုပ်ဆောင်ချက်များအပေါ် မူတည်ပါသည်။ ခေတ်ရေစီးကြောင်းနှင့်အတူ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ သွင်ပြင်လက္ခဏာ ပြောင်းလဲမှုများ၊ မလွဲမသွေ ကြုံတွေ့ရပေမည်။ ရှောင်လို့မရသလို ရှောင်နေ၍လည်းမဖြစ်ပါ။ ထိုအခါ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို တိုးတက်ကောင်းမွန်လာအောင် ထိန်းသိမ်းရင်းဖြင့် ခေတ်ကို အမီလိုက်ရပေမည်။ ကမ္ဘာလောကနှင့် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အမျိုးသားစရိုက်လက္ခဏာ မအပ်စပ်သော ခေတ်စနစ်၏ လွဲချော်မှုကို လက်ခံကျင့်သုံးရန် မလိုပေ။

ခေတ်တစ်ခေတ်ပြောင်းလဲမှုတွင် ကောင်းခြင်းနှင့်အတူ ဆိုးခြင်းပါလာမည်။ ဆိုကြပါစို့။ နည်းပညာတိုးတက်မှုနှင့်အတူ ၎င်း၏ဘေးထွက်ဆိုးကျိုး (နည်းပညာအားကိုးလွန်ပြီး လူ့လုပ်အားစိုက်ထုတ်မှု လျော့ကျခြင်းမှသည် ရောဂါဘယ၊ ပျင်းရိမှု)များ ရှိလာနိုင်သည်။ ယနေ့ခေတ်သည် ICT ခေတ်ဖြစ်သည်။ တစ်နိုင်ငံတည်း အထီးတည်းနေ၍မရပေ။ Local နှင့်မရသော Global ခေတ်ဖြစ်သည်။ ထိုအခါနိုင်ငံတကာနှင့် ကူးလူးဆက်ဆံရတော့မည်။ သူတို့ယဉ်ကျေးမှုတွေကိုယ့်ဆီကို ရောက်လာမည်။ သူတို့နည်းပညာတွေကိုယ့်ဆီရောက်လာမည်။ ရောက်လာသော နည်းပညာနှင့် ယဉ်ကျေးမှုတို့တွင် ကိုယ့်တိုင်းပြည်နှင့် လူမျိုးအတွက် အရေးပါသော အကျိုးရှိသော အရာများ၊ လက်ခံသင့်သော အရာများ ရှိသကဲ့သို့ အံမဝင်မအပ်စပ်ဘဲ ထိခိုက်နစ်နာစေသည့် အရာများလည်း ဒွန်တွဲပါလာမည်မှာ ထုံးစံပင်။

ယနေ့ခေတ်မှာ နည်းပညာဖွံ့ဖြိုးမှုနှင့် သတင်းနည်းပညာကူးလူးဆက်သွယ်နိုင်မှုမှာ အကောင်းဘက်မှသာ များပါသည်။ လက်ခံသုံးစွဲသူ၏ အသိပညာဓာတ်ခံနှင့် အတတ်ပညာစူးစမ်းရှာဖွေလိုစိတ်၊ သုသေတနစိတ်ပြုလုပ်ပါမူ အလွန်အင်မတန်ခေတ်ကောင်းဖြစ်ပါသည်။ သို့သော်အသိပညာဓာတ်ခံ အားနည်းသူများက အတတ်ပညာတိုးတက်လာမှုအတွက် အသုံးမချဘဲ မိမိအတွက် စိတ်ဖျော်ဖြေမှုလောက်ကိုသာ ဦးစားပေးမှုများလာပြီး ဆိုးကျိုးကိုရရှိစေပါသည်။ ထို့ကြောင့် ယနေ့တိုးတက်သော နည်းပညာခေတ်သည် အသိပညာရှိကောင်းကျိုးလိုလားသူများအတွက် ခေတ်ကောင်းဖြစ်သော်လည်း အသိဉာဏ်နည်းပါး စိတ်အလိုလိုက်သူများ အတွက် ဆိုးကျိုးသာရရှိစေသော ခေတ်ဆိုးဖြစ်နေပါသည်။

စာရေးသူတို့ တိုင်းပြည်အနေဖြင့် ခေတ်ကောင်း၏ ကောင်းကျိုးများကို ခံစားခွင့် ဆုံးရှုံးကြရသည်မှာ စာအုပ်စာပေဖတ်ရှုမှု နည်းလာကြခြင်းကြောင့် ဖြစ်သည်။ စာအုပ်စာပေ မဖတ်ကြ၍ မိမိလူမျိုး၏ ယဉ်ကျေးမှု စရိုက်လက္ခဏာကို ထိန်းသိမ်းကြရန် မသိကြတော့ဘဲ အခြားတိုင်းတစ်ပါး၏ ယဉ်ကျေးမှုကို တန်ဖိုးထားအတုယူကြရာမှ မိမိကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ပျက်ကုန်ကြလေပြီ။ စာမဖတ်ကြ၍အသိဉာဏ်မရှိကြလေတော့ အရှက်၊ အကြောက်နှင့် လောကပါလတရား ဆိတ်ကွယ်လာကြသည်။ ဥပမာ လူ့၀တ္တရားများ မထိန်းသိမ်းကြခြင်းနှင့် အရာရာအပေါ် တန်ဖိုးထားမှုအားနည်းလာရာမှ ဘာသာရေးအသိတရားများ ဆိတ်သုဉ်းလာကြသည်။ ဤသည်ကိုကြည့်၍ ခေတ်ကတော်တော်ပျက်လာပြီ၊ ကြောက်စရာဟု ဆိုကြသည်။

အမှန်မှာ ခေတ်ကဆိုးသည်မဟုတ်ပါ။ သူ့ဓမ္မတာနှင့်သူ စီးဆင်းပြောင်းလဲနေခြင်းဖြစ်သည်။ ယခင်ကလည်း ခေတ်အဆက်ဆက် ပြောင်းလဲစီးဆင်းခဲ့ကြသည်။ ခေတ်ကောင်းသည်ဆိုသည်မှာ ထိုခေတ်တွင်ရှင်သန်နေထိုင်ကြသော သူများ၏အသိဉာဏ်ပေါ်မှာသာ လုံး၀ ဥဿုံ မူတည်နေပြီး၊ ထိုသူများ သတ်မှတ်မှုအပေါ် မူတည်၍ ကောင်းဆိုးကွဲပြားကြသည်သာ ဖြစ်ပေတော့သည်။

❐

VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019
ကမ္ဘောဇတိုင်း

➢ စာမျက်နှာ(၂၆) ငြိမ်းချမ်းရေးတေးသံ ပျံ့လွင့်စေချင် မှ အဆက်

ပြည်ပအိမ်နီးချင်း ခေါင်းဆောင်များ ပြဿနာတွင်မူ အစိုးရက နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံမှုနှင့် အိုင်ဒီအိုလိုဂျီဆိုင်ရာ အကြောင်းပြချက်များဖြင့် ၄င်းတို့ထက် အားနည်းသည့် အိမ်နီးချင်းနိုင်ငံများတွင် ပဋိပက္ခများ ပေါ်ပေါက်စေရန် ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်ကြကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် လူမျိုးစု ပဋိပက္ခဖြစ်ပွားပြီဆိုသည်နှင့် ရပ်တန့်ရန် ခဲယဉ်းကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှု၊ ရပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှု၊ အဓမ္မကျင့်မှု၊ နှိပ်စက်သတ်ဖြတ်မှုများ ပါတစ်ပါတည်း လိုက်ပါလာပြီး အိမ်နီးချင်းနိုင်ငံ၏ ပြည်တွင်းရေးမှ စီးပွားရေး၊ နိုင်ငံရေးစစ်ရေးများတွင် အကျိုးအမြတ် ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနေမှုက ၄င်းနိုင်ငံအတွက်နှင့် လူမျိုးစုများအတွက်ပါ မည်သို့မျှ အကျိုးအမြတ် မရှိသည့် ပဋိပက္ခ ပုံစံဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ပဋိပက္ခအခြေခံ၍ ဖြစ်ပွားသည့် ပြည်တွင်းစစ်သည် နိုင်ငံအချင်းချင်းဖြစ်ပွားသည့် စစ်ထက် ၅ ဆမျှ ပိုပျက်စီးစေသည်ဟု သမိုင်းသုတေသီများက ဆိုသည်။ ပြည်တွင်းစစ် ဖြစ်ပွားရခြင်း အခြေခံ အကြောင်းတရားများတွင် စစ်ကြောင့် အမြတ်တစ်စုံတစ်ရာ ထွက်သည်ကို ရရှိမည်ဆိုသည့် လောဘကြောင့်ဟု ကော်လီယေးနှင့် ဟော့ဖ်လာတို့က ဆိုသည်။ ဘဏ္ဍာရေးအထောက်အပံ့တွေ ရနိုင်မှသာလျှင် ပုန်ကန်မှုများ ဖြစ်ပေါ်လာရသည်ဟု ၄င်းတို့က ပြောသည်။

နောက်တစ်ချက်မှာ နစ်နာ ဆုံးရှုံးမှုများကြောင့်ဟု ဆိုသည်။ လက်ရှိ အခြေအနေတွင် ညီမျှမှု မရှိဟု မြင်သည့်အယူအဆ သီအိုရီအရ တော်လှန်ပုန်ကန်သူများသည် ၄င်းတို့ ရင်ဆိုင်နေရသည့် လူမှုရေးဆိုင်ရာ မတရားမှုများကို တရားမျှတလာအောင် လုပ်ဖို့အတွက် တိုက်ခိုက်ကြသည်ဟု မြင်သည့်အမြင်ဖြစ်သည်။ သို့သော် ၄င်းတို့ သတိမမူမိသည် သို့မဟုတ် သိလျက်နှင့် ကျူးလွန်သည်ဟု ယူဆနိုင်သည်မှာ အခြားသူများကို တိုက်ခိုက်ရင်း ကိုယ့်လူမျိုးကိုယ် နင်းမိခြင်း၊ ဒုက္ခပေးနေခြင်း ဖြစ်သည်၊ လူမျိုးရေး ဖြစ်သည့်အတွက် တိုက်ခိုက်ရေးအင်အား စုဆောင်းခြင်း၊ အထောက်အပံ့အတွက် ဆက်ကြေးကောက်ခံခြင်း၊ ဆန့်ကျင်ဘက်အယူအဆအရ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်နေခြင်းက ကိုယ့်နယ်မြေ၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကို ပြန်လည်ဒုက္ခပေးနေမိသည်ကို သတိပြုမိခြင်းဖြင့် ပြန်လည်စောကြော ပြင်ဆင်နိုင်ကြောင်း လောဘများကို လျှော့ချနိုင်ခြင်းဖြင့် နစ်နာဆုံးရှုံး မှုများကိုလျှော့ချနိုင်ကြောင်း ဆိုထားသည်။

လက်ရှိအချိန်တွင် နိုင်ငံရေးအရ တက်လာသည့် အစိုးရနှင့် ဖွဲ့စည်းပုံအရ နိုင်ငံရေးတွင် ထိပ်တန်း နေရာယူထားသည့် တပ်မတော်တို့ တစ်ဆက်တစ်စပ်တည်းဖြစ်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေတွင် EAOs လက်နက်ကိုင် တပ်ဖွဲ့များမှလည်း ကိုယ်ပိုင်နယ်မြေများ တည်ဆောက်ကာ သူတစ်လူ ငါတစ်မင်း လွှမ်းမိုးနေပြီး နိုင်ငံရေးအရ တန်းတူဖြစ်ရေးကို ဆွေးနွေးနေကြသည်ဟု ကြေညာထားကြပြီး တစ်ဖက်တွင် တိုက်ခိုက်နေကြသည်မှာ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ဆိုသည့်စကားအတိုင်း နိုင်ငံ၏ အားအင်များကို ဖြုန်းတီးနေကြခြင်းဖြစ်သည်ဟု သမိုင်းလေ့လာသူများက ဆိုကြသည်။

ပြောလိုသည်မှာ အိမ်ကြက်ချင်း အိုးမဲသုတ်ခိုင်းပြီး အမြတ်ရသူများမှာ အိမ်နီးချင်း နိုင်ငံများပင် ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံများအနေဖြင့် ၄င်းတို့၏ အကျိုးအမြတ်များကို မျှော်မှန်းကာ တပည့်မွေးသည့်အဆင့်သာ ဆက်ဆံနေခြင်းဖြစ်ပြီး တန်းတူအခွင့်အရေးပေးခြင်းမရှိဟု သုံးသပ်နိုင်သည်။

မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ်၏ ပြည်တွင်းပဋိပက္ခ အခြေအနေများကို ဆန်းစစ်ပါက အနောက်ဘက်တွင် ဘင်္ဂါလီအရေးကိစ္စ၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မြောက်ပိုင်းမဟာမိတ် လက်နက်ကိုင် အဖွဲ့ဝင်များဖြစ်သည့် AA၊ TNLA၊ MNDAA များ၏ တိုက်ခိုက်မှု၊ အခြေအနေများက ဆိုးရွားစွာ ဖြစ်ပေါ်နေသည့် နိုင်ငံ၏ အနုတ်လက္ခဏာပင်။

ယင်းအဖွဲ့များသည် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသည့်အဖွဲ့များ ဖြစ်သည့်အပြင် TNLA နှင့် MNDAA တို့မှာ ရှမ်းပြည်နယ်မြောက်ပိုင်းမြို့များဖြစ်သည့် သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ နမ္မတူ၊ မူဆယ်နှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့ကို ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး ဒုတိယနေ့တွင် ပြည်ခိုင်ဖြိုးပါတီမှ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူက အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတ်မှတ်ရန် တင်သွင်းခဲ့ရာ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခဲ့သော်လည်း အခြားတစ်ဦးက ကန့်ကွက်ခဲ့ခြင်းကြောင့် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်မဲ ၄၅ မဲ၊ ကြားနေမဲ ၇ မဲနဲ့ ထောက်ခံမဲ ၆၃ မဲ ရရှိသောကြောင့် အဆိုကို ရှမ်းပြည်နယ်လွှတ်တော်က အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားခဲ့ပြီး AA ကိုမူ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်က ရဲကင်းများကို ဝင်ရောက်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုထားသည့် အဖွဲ့များ ဖြစ်ပေသည်။

''တပ်မတော်ကလည်း ဒီ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ထိထိရောက်ရောက် ဆွေးနွေးနိုင်ဖို့ ဆိုပြီးတော့ စစ်တိုင်းကြီး ၅ တိုင်းမှာ အပစ်ရပ် ကြေညာထားတာ ဒီလကုန်ဆိုရင် ၈ လ ပြည့်ပါပြီ၊ သုံးကြိမ်တိတိ ကြေညာထားတာ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ မနေ့က (ဩဂုတ်လ ၁၅ ရက်) ဖြစ်သွားတဲ့ ဖြစ်စဉ်ကို ကြည့်ရင် ဒါတွေက အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်'' ဟု သမ္မတရုံးသတင်းစာ ရှင်းလင်းပွဲတွင် ဦးဇော်ဌေးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်က နောင်ချိုနှင့် ပြင်ဦးလွင် စစ်ကျောင်းတို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အပြင် ဂုတ်တွင်းတံတားအား မိုင်းဖြင့် ဖျက်ဆီးမှု၊ သိန္နီ၊ ကွတ်ခိုင်သွား ကားလမ်းပေါ်မှ တံတား၂ စင်း ဖျက်ဆီးမှု၊ လူနာတင်ကားများကို လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်သဖြင့် လူမှုရေး ကူညီသူများသေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် ကားလမ်းပိတ်ဆို့ခံရမှုကြောင့် အစာရေစာပြတ်လတ်နေသူများကို သွားရောက်ကူညီသည့် လူမှုရေးကားများ၊ ဒဏ်ရာရလူနာများအား သွားရောက်ကယ်ဆယ်ရန် အလံဖြူထောင်ကာ သွားသည့် လူနာတင်ကားများအား လက်နက်ငယ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်မှု၊ တပ်မှ ရပ်ခိုင်းသည်ကို မရပ်သဖြင့် ပစ်ခတ်ခံရသည့် ဆိုင်ကယ်စီးသူများ ဒဏ်ရာရမှုများ၊ မိုင်းယန်းတွင် ပြည်သူ့စစ်ခေါင်းဆောင်လင်မယားကို ပစ်သတ်ခံရမှုများအပြင် ကျောင်းများ၊ ဈေးများ ပိတ်သိမ်းနေရမှုများက လက်ရှိ ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများ၏ အသွင်သဏ္ဍာန်ကို ပိုမိုကြမ်းတမ်းစေလျက်ရှိနေပေသည်။

လူနာတင်ကားများကို ပစ်ခတ်မှုနှင့် ပတ်သက်၍ TNLA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး မိုင်းအိုက်ကျော်က ပြစ်ခတ်တာတော့ ကျွန်တော်တို့ကို စွပ်စွဲမှုပေါ့၊ ဒါက တိုက်ပွဲကြားမှာ ဖြစ်တာပါ။ ကျွန်တော်တို့အဖွဲ့ ပစ်တယ်လို့ပဲ သတင်းလွှင့်နေကြတယ်။ တိုက်ပွဲကြားမှာ ဖြစ်နေတော့ ဘယ်သူရယ်လို့ မပြောနိုင်ဘူး၊ သူတို့ဘက်ကကျည်လည်း ဖြစ်နိုင်သလို ကျွန်တော်တို့ဘက်က ကျည်လည်း ဖြစ်နိုင်တယ်၊ ကျွန်တော်တို့ ဟုတ်တယ်လို့လည်း မပြောနိုင်ဘူး၊ မဟုတ်ဘူးလို့လည်း မပြောနိုင်ဘူး''ဟု ပြောခဲ့သလို ၄င်းကပင်ဆက်၍ ''လတ်တလော ဖြစ်နေတာကတော့ ၂ နေရာလောက်ရှိပြီ၊ တပ်မတော်က အရပ်သားမှန်း သိရက်နဲ့ အရပ်ဝတ်နဲ့ လူကို ပစ်ခတ်တာတွေ ဖြစ်တယ်၊ မနေ့ကရော၊ ယမန်နေ့ကရော ဖြစ်တယ်၊ အရပ်သားတွေက ဆိုင်ကယ်နဲ့ သွားလာတာကို ပစ်ခတ်တာ ရှိတယ်၊ အရပ်သားတွေ အနေနဲ့က တိုက်ပွဲတွေ ဖြစ်နေတဲ့အချိန်မှာ အဲလိုမျိုး မသွားဖို့တော့ လိုပါတယ်''ဟု ပြောဆိုခဲ့ပြီး ယင်းတိုက်ပွဲများကို TNLA မှ ဦးစီးကာ တိုက်ခိုက်နေခြင်း ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်မှ စတင်ကာ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်အချို့တွင် တိုက်ပွဲများ ဖြစ်ပွဲနေရခြင်းဖြစ်ပြီး ကွတ်ခိုင်နှင့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးနှင့် ဘိန်းချက်စခန်းများ ဖမ်းဆီးခံရခြင်း၊ AA တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှု များပြားခဲ့ခြင်းကြောင့် AA ၊ TNLA ၊ MNDAA တို့မှ စစ်ရေးအရ တရားဥပဒေစိုးမိုးမှုကို ထိပါးနှောင့်ယှက်ကာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ ကျူးလွန်လာခဲ့ခြင်း ဖြစ်သည်ဟု တပ်မတော်မှ သတင်းထုတ်ပြန်ထားသည်။

ငြိမ်းချမ်းရေး ဆိုသည့် စကားရပ်ကို လူတိုင်း လိုချင်ပါသည်။ ပါးစပ်ကပြောပြီး လက်ကကားယားလုပ်ခြင်း ငြိမ်းချမ်းရေးအတွက် စစ်တိုက်ရသည် ပြောသည်များ လူထုအနေဖြင့် လက်ခံနိုင်စွမ်း မရှိဘဲ၊ လက်နက်ချင်းအစား စစ်မြေပြင်အစားစကားဝိုင်းတွင် ဆွေးနွေးမှုများဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်နေစေချင်ပါသည်။

လက်နက် ကိုင်ထားရသူ၊ လက်နက်ကိုင်စီးပွားရေးမှ အကျိုးအမြတ် ရရှိသူများသည်လည်း ဘယ်သူသေသေ ငတေမာပြီးရောလောဘ၊ အတ္တစိတ်များ လျှော့စေချင်ပါသည်။ စစ်သီချင်းတေးသံများအစား ငြိမ်းချမ်းရေး တေးသံများ လောကကို လွှမ်းခြုံစေချင်ပါသည်။ တစ်ဖက်နိုင်ငံများ၏ အသုံးချခံဘဝများမှ လွတ်စေချင်ပါသည်။ ရာထူးအာဏာနှင့် လူမျိုးရေးအကြောင်းပြ နိုင်ငံရေး လုပ်စားများဘဝမှလည်း ကင်းဝေးစေချင်ပါသည်။ လူထုကတော့ ဆုပဲ တောင်းနိုင်ပါသည်။

မြန်မာနိုင်ငံကြီးမှာ လွတ်လပ်ရေးနှင့် ယှဉ်၍ ရရှိခဲ့သည့် ပြည်တွင်းစစ်ကြောင့် အနှစ်(၇၀) ကျော်မျှ ပျက်စီးစေခဲ့ပြီးဖြစ်ရာ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ် ဖြစ်ပွားနေသည့် မြန်မာနိုင်ငံတွင် တိုက်ပွဲဝင် နှစ်ဖက်စလုံးမှ အပေးအယူ၊ အလျှော့အတင်းဖြင့် ညှိနှိုင်းဆွေးနွေး လုပ်ဆောင်ကြကာ လက်နက်ကိုင်တပ်များအားလုံးအနေဖြင့် မိမိတို့နေထိုင်ရာ ဒေသတွင် အတိဒုက္ခ ရောက်နေကြရှာသော သနားစရာ တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားနှင့် မိမိတို့အကျိုးစီးပွားအကြား ချိန်ညှိကာ မဝေးတော့သည့် ကာလတစ်ခုတွင် တစ်နိုင်ငံလုံးရှိ လက်နက်ကိုင် အဖွဲ့များ အားလုံးနှင့် အစိုးရ၊ တပ်မတော်တို့အကြား ငြိမ်းချမ်းရေး သဘောတူညီချက်များ ရရှိနိုင်စေကြောင်းနှင့် နိုင်ငံတစ်ဝန်း မည်သည့်နေရာ ဒေသတွင်မဆို ငြိမ်းချမ်းရေး ချိုးငှက်လွတ်လပ်စွာ တေးသီပျံသန်းနိုင်စေကြောင်း မျှော်လင့်ကာ တောင်းဆုခွေရင်းဖြင့်။

❒



■ နန်းနန်း(ရှမ်းပြည်)

# ဂရင်းလန်း ရောင်းမလား




Wall Street Journal ၌ ဩဂုတ်လ ၁၅ ရက်တွင် သမ္မတထရမ့်က ဂရင်းလန်း(Greenland) ကျွန်းကို ဝယ်လျှင် ရနိုင်မည်လားဆိုသည့်အကြောင်း ဖော်ပြချက် ပါလာသဖြင့် ကမ္ဘာ့ သတင်းတွင် ပါလေ့ပါထ နည်းပါခဲ့သော ဂရင်းလန်းကျွန်းအကြောင်း သတင်းများတွင် ပါလာခဲ့သည်ကို တွေ့ခဲ့ရပေသည်။

ဂရင်းလန်းကျွန်း ဆိုသည်မှာ ကမ္ဘာ၏ မြောက်ဖျား အာတိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကြားတွင်ရှိသော ကျွန်းကြီးဖြစ်ပေသည်။ အမည်ကသာ ဂရင်းလန်း စိမ်းသည့်မြေဖြစ်သော်လည်း တစ်ကျွန်းလုံးတွင် စိမ်းသောနေရာမရှိဘဲ အချို့နေရာတွင် ၄ ကီလိုမီတာခန့်ထူသော ရေခဲထုနှင့် ဖုံးအုပ်ထားသော ရေခဲပြင်ကြီး ဖြစ်နေပေသည်။ အကျယ်အဝန်း အနေနှင့် ၈၃၆၃၃၀ စတုရန်းမိုင် ရှိသဖြင့် မြန်မာနိုင်ငံ၏ ၄ ဆနီးပါး ကျယ်ဝန်းသည်ဟု အကြမ်းဖျင်းပြော၍ ရပါသည်။ သို့သော်လည်း လူဦးရေကား ၅၅၈၈၇ (၂၀၁၈ ဇန်နဝါရီ)သာ ရှိသည်ဟုဆိုပါသည်။ လူများကား ရေခဲသိပ်မရှိသော ကမ်းခြေများ အနီးအနားတွင်သာ နေကြပါသည်။ လူမျိုးများအနေနှင့် အက်စကီးမိုး မျိုးနွယ်ဖြစ်သော အီနျူ(တ်)မျိုးနွယ်၊ အီနျူ(တ်)ဒိန်းကပြားတို့ အများဆုံးဖြစ်ပြီး ဒိန်းမတ်နှင့် အခြားဥရောပသားများက ၁၂ ရာခိုင်နှုန်းခန့် ရှိပေသည်။ တစ်ဦးခြင်း ဝင်ငွေကား ၃၇၀၀၀ ဒေါ်လာဖြစ်ပြီး မြို့တော်မှာ နု်(Nuuk)ဖြစ်ကာ လူဦးရေ၏ ၃၀ ရာခိုင်နှုန်း နေထိုင်သည်။ Illulissat, Sisimut, Tasilaq စသော မြို့များလည်း ရှိသေးသည်။

ဂရင်းလန်းသမိုင်းအကျဉ်း

၉၈၂။ ဂရင်းလန်းကို ၉၈၂ တွင် အဲရစ်သည် ရက်ဟု ခေါ်သော နော်ဝေး လူမျိုးက စတင်တွေ့ရှိပြီး ဂရင်းလန်းအမည်ကို ပေးခဲ့သည်။ ၉၈၆ တွင် အခြေချ နေထိုင်မည့်သူများကိုခေါ်လာခဲ့သော်လည်း ၁၆၀၀ တွင် အီနျူ(တ်)လူမျိုးများသာ ကျန်ရှိပါသည်။

၁၇၂၁။ ဒိန်းမတ်လူမျိုး အခြေချ နေထိုင်မှုအသစ်ကို ယနေ့မြို့တော် နု်အနီးတွင် စတင်ခဲ့သည်။

၁၉၄၀။ ဒုတိယကမ္ဘာစစ်အတွင်းတွင် ဒိန်းမတ်ကို ဂျာမဏီ ဝင်ရောက်ထိန်းချုပ်ထားသည်။

စစ်ကာလတစ်လျှောက် အမေရိကန်က ဂရင်းလန်းအပေါ် ကာကွယ်ထိန်းသိမ်းမှုကို တာဝန်ယူထားသည်။

၁၉၅၃။ ဂရင်းလန်းသည် ဒိန်းမတ်ဘုရင့်နိုင်ငံ၏ သီးခြားခွဲထုတ်၍ မရသော အစိတ်အပိုင်းဖြစ်လာသည်။

ဤဂရင်းလန်းကျွန်းကို သမ္မတထရမ့်က ဝယ်ယူရန် စိတ်ဝင်စားကြောင်း အစည်းဝေးပွဲများ၊ ညစာစားပွဲများနှင့် စကားပြောရင်း ဆိုရင်း အကြံပေးများအား ဂရင်းလန်းကို ဝယ်ယူ၍ မရ နိုင်ဘူးလားဟု မေးမြန်းချက်များမှ သိရှိရသည်။ ၎င်း၏ ပေါများ ကြွယ်ဝသော အရင်းအမြစ်များနှင့် ပထဝီနိုင်ငံရေးအရ အရေးပါမှုအကြောင်း ဆွေးနွေးပြောဆိုမှုများကို ကြားရသော အခါတွင်လည်း အိမ်ဖြူတော်အကြံပေးအား ထိုကိစ္စကို စုံစမ်းကြည့်ရန် ပြောခဲ့ဖူးသည်။

၁၉၇၉။ ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ဂရင်းလန်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရခဲ့သည်။

၁၉၉၀။ ဒိန်းနိရှ်အထက်လွှတ်တော်က ၁၉၅၃ တွင် သူလေး (Thule)ရှိ အမေရိကန်လေတပ်အခြေစိုက်စခန်းကို တိုးချဲ့ရန်အီနျူ(တ်)တို့သည် တရားမဝင် မောင်းထုတ်ခြင်း ခံရသည်ဟု အသိအမှတ်ပြုသည်။ သို့သော်လည်း ပြန်လာရန်ကိုကား ငြင်းပယ်ခဲ့သည်။

၂၀၀၈။ ဂရင်းလန်းသားတို့က အုပ်ချုပ်မှုအာဏာပိုမိုရရှိရန် သဘာဝသယံဇာတ အရင်းအမြစ်များအပေါ် ပို၍ ထိန်းချုပ်မှု ရရှိရန်နှင့် ဒိန်းနိရှ်ဘာသာစကားအစား ကာလီဆတ် သို့မဟုတ် အနောက်ဂရင်းလန်း ဘာသာကို တရားဝင်သုံးခွင့်ရရန် ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ဆန္ဒပြတောင်းခံခဲ့သည်။

၂၀၁၀။ ဂရင်းလန်း၏ ရေခဲအလွှာသည် လျှင်မြန်စွာ ကျုံ့ဝင်လာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကို ပို၍ကြီးစွာ ပါဝင်ဖြစ်ပေါ်စေကြောင်း သိပ္ပံဂျာနယ်တစ်ခု၏ လေ့လာမှုကအတည်ပြုခဲ့သည်။

၂၀၁၃။ ဂရင်းလန်းပါလီမန်က နယ်မြေ၏ ယူရေနီယမ်ကဲ့သို့ ရေဒီယိုသတ္တိကြွပစ္စည်း ထုတ်ယူခွင့် ၂၅ တာ ပိတ်ပင်ထားခြင်းကို အဆုံးသတ်ရန် ဆန္ဒမဲပေးခဲ့ကြသည်။ ရလဒ်အနေနှင့် ဓာတ်သတ္တုထုတ်ကုန် ကြီးမားစွာ မြင့်တက်ခဲ့သည်။

ယခုအခါ ဂရင်းလန်းသည် ဒိန်းမတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေဖြစ်ပြီး ကိုယ်ပိုင်အစိုးရ၊ ကိုယ်ပိုင်ပါလီမန် ရရှိသည့် နယ်မြေဖြစ်နေပေသည်။ ဘတ်ဂျက်အနေနှင့် ဒိန်းမတ်နိုင်ငံမှ သုံးပုံနှစ်ပုံ ရရှိပြီး ကျန်ရသုံးငွေကို အဓိကအားဖြင့် ငါးဖမ်းလုပ်ငန်းမှ ရရှိသည်။ ဝန်ကြီးချုပ်မှာ Kim Kielsen ဖြစ်ပြီး နိုင်ငံအကြီးအကဲမှာ ဒိန်းမတ်နိုင်ငံ၏ ဘုရင်မ Queen Marg-grethe 2 ဖြစ်သည်။ တစ်နှစ်လျှင် နေရောင်ခြည် ရရှိသော နေ့ရက် ၂ လတာ ခံစားရသည်။

ဤဂရင်းလန်းကျွန်းကို သမ္မတထရမ့်က ဝယ်ယူရန် စိတ်ဝင်စားကြောင်း စည်းဝေးပွဲများ၊ ညစာစားပွဲများနှင့် စကားပြောရင်းဆိုရင်း အကြံပေးများအား ဂရင်းလန်းကို ဝယ်ယူ၍ မရနိုင်ဘူးလားဟု မေးမြန်းချက်များမှ သိရှိရသည်။ ၎င်း၏ ပေါများကြွယ်ဝသော အရင်းအမြစ်များနှင့် ပထဝီနိုင်ငံရေးအရ အရေးပါမှုအကြောင်း ဆွေးနွေးပြောဆိုမှုများကို ကြားရသောအခါတွင်လည်း အိမ်ဖြူတော်အကြံပေးအား ထိုကိစ္စကို စုံစမ်းကြည့်ရန် ပြောခဲ့ဖူးသည်။

နယ်မြေများ ဝယ်ယူသည့်ကိစ္စသည် ထူးဆန်းသည့်ကိစ္စကား မဟုတ်ပေ။ ဤဂရင်းကျွန်းကိုပင် သမ္မတ ထရူးမင်းလက်ထက်က ဒိန်းမတ်နိုင်ငံထံမှ တောင်းဝယ်ခဲ့ဖူးသော်လည်း ထိုစဉ်က ဒိန်းမတ်နိုင်ငံမှ ငြင်းပယ်ခဲ့သည်။ အကယ်၍ ထိုစဉ်က ဈေးပိုပေးပါက အရောင်းအဝယ်ဖြစ်ချင်ဖြစ်ခဲ့ပေမည်။

၁၈၆၇ ခုနှစ်ကလည်း ဒိန်းမတ်ထံမှပင် ယနေ့ ဗာဂျင်ကျွန်းများကို ဒေါ်လာ ၇ ဒသမ ၅ သန်းနှင့် ဝယ်ယူရန် စာချုပ်ချုပ်ခဲ့သည်။ သို့သော်လည်း လွှတ်တော်မှ အတည်မပြုနိုင်သေးမီ ကျွန်းအများမှာ အပျက်အစီးများသော ဟာရီကိန်းမုန်တိုင်း၏ တိုက်ခတ်ဖျက်ဆီးမှုကို ခံလိုက်ရသည်။ သို့ဖြစ်၍ အထက်လွှတ်တော်အ

စာမျက်နှာ (၂၉) သို့ ➤ ➤ ➤

VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019
ကမ္ဘောဇတိုင်း

■ ဒေါက်တာအောင်ကျော်
(သွား/ဆရာဝန်)

# မိုးလလယ်၌ သစ်ပင်စိုက်



မိုးဦး

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် နွေမိုးဆောင်းဟူ၍ ဥတုသုံးလီ ပီပီသသ ရှိ၏။ ပူပြင်းခြောက်သွေ့ဥတုမှာ နွေကာလဖြစ်သည်။ တပေါင်း၊တန်ခူး၊ ကဆုန်နှင့် နယုန်လများမှာ နွေအပိုင်းအခြား၌ ကျရောက်၏။ စိုစွတ်ထိုင်းမှိုင်းဥတုမှာ မိုးကာလဖြစ်သည်။ ဝါဆိုဝါခေါင်တော်သလင်းနှင့် သီတင်းကျွတ်လများမှာ မိုးအပိုင်းအခြား၌ ကျရောက်သည်။ အေးစိမ့်တုန်ချမ်းဥတုမှာ ဆောင်းကာလဖြစ်၏။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုနှင့်တပို့တွဲလများမှာ ဆောင်းအပိုင်းအခြား၌ ကျရောက်သည်။ ဤကား ယေဘုယျ သတ်မှတ်ချက်ဖြစ်၏။ စပ်ကူးမပ်ကူးကာလများတွင် ရှေ့နှင့်နောက် ဥတုနှစ်မျိုးတို့ ရောထွေးနေတတ်မြဲပါ။ ပီပီပြင်ပြင်ထင်ရှားသည့် ရာသီဥတုဆိုရာ၌ ဥတုတစ်မျိုးစီတွင် လေးလစီရှိသည့်အနက် အလယ်ကောင် နှစ်လတို့သာ သေချာတတ်၏။ နွေလယ်၊ မိုးလယ်၊ ဆောင်းလယ်ဟု သတ်မှတ်နိုင်မည်၊ ဖော်ပြပါ လအမည်တို့ကား မြန်မာပြက္ခဒိန်၏ မြန်လအခေါ်အဝေါ်လများ ဖြစ်ကြ၏။ အများသုံး ကမ္ဘာ့ပြက္ခဒိန်လများနှင့် ဖလှယ်ရသော်၊ မတ်လမှ ဇွန်လအထိ နွေ၊ ဇူလိုင်မှ အောက်တိုဘာအထိ မိုး၊ နိုဝင်ဘာမှ ဖေဖော်ဝါရီလအထိသည် ဆောင်းဟုအကြမ်းဖျင်း ယူနိုင်မည်။ ထို့ကြောင့် ကျွန်တော့်ဆောင်းပါး ခေါင်းစီး ''မိုးလလယ်၌ သစ်ပင်စိုက်'' ညွှန်းရာတွင် ဩဂုတ်လနှင့် စက်တင်ဘာနှစ်လတို့ အကျုံးဝင်ပါ၏။ ခေါင်းစီးတော့မှားလေပြီဟု အဝေဖန်မစောပါလေနှင့်၊ ဝေဖန်သည့်သူများလည်း သူ့အခွင့်အရေးရှိနေသည့်ပြင်၊ ဇူလိုင်လကို စိုက်ပျိုးရန် လှုံ့ဆော်သော သစ်ပင်စိုက်လ ဖြစ်နေပါသည်။ နိုင်ငံ့ခေါင်းဆောင်ပိုင်းပုဂ္ဂိုလ်များကလည်း တခမ်းတနား စိုက်ကြ၊ ဓာတ်ပုံနှင့် သတင်းများ မီဒီယာများတွင် ပလူပျံအောင် ဖော်ပြကြသည် မဟုတ်ပါလား။

''လေတွေ မိုးတွေ လာပါတော့ ကဆုန်လပြည့်ကျော်''ဟူ၍ ကျွန်တော်တို့ ငယ်ငယ်တုန်းက လူကြီးတွေ သင်ပေး၍ ပျော်မြူးစွာ ဟစ်အော်ခဲ့ကြ၏။ တန်ခူးလထက် ကဆုန်လကပိုပြီး ပူပြင်းလှ၏။ သူ့အဆိုကိုက တန်ခူးရေကုန် ကဆုန်ရေခန်းလေ။ ဗောဓိညောင်ပင် မသေအောင် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ညောင်ရေသွန်းပွဲတော်ကို တခုတ်တရ ကျင်းပကြ၏။ အနောက်တောင်လေကို မျှော်ရ၏။ မိုးကို ရွာစေချင်ကြပြီ၊ မိုးရွာပါက အပူသက်သာမည်။ မိုးရေကြောင့် ရေအခက်အခဲ ပြေလည်မည်။ မြန်မာ့စလေ့ ကဗျာကာရန်နဘေထပ်လေးများကို နှစ်သက်ကြ၏။ '''ဘိုကေလေးတွေ လာပြန်တော့ ခုံဖိနပ်နှင့်ဆော်''ဟု အပြောင်အနောက်စာချိုးတွေ ချပေး၍ ဘုမသိဘမသိ ကျွန်တော်တို့ကလေးတစ်တွေ ပျော်ပျော်ကြီး အော်ဟစ်ခဲ့ကြဖူး၏။ အမှန်မှာ အိမ်အနားမှာ လာရစ်သီကြသော ကိုလူပျိုလေးများကို စောင်းချိတ် သတိပေးခြင်းတစ်ရပ် ဖြစ်လိမ့်မည်ဟု ကြီးပြင်းလာသောအခါကျမှ ကိုယ်ချင်းစာစိတ်ဖြင့် တွေးတောမိကာ ပြုံးမိကြပါတော့၏။ မည်သို့ဆိုစေ၊ ကဗျာတစ်ညို လင်္ကာတိုလေးများမှတစ်ဆင့် ကာရန်နဘေတို့နှင့် ရင်းနှီးခဲ့ကြ။ မြန်မာစလေ့၊ မြန်မာစာပေများကို ချစ်မြတ်နိုးတတ်၊ စာပေတွေ ဆက်ရေးသားဖြစ်ကြသည်က အမြတ်။

သစ်တော

အစိမ်းရောင်သည် မျက်စိအေး၏။ စိတ်ကိုချမ်းမြေ့စေ၏။ လောကတွင် ရောင်ကွဲများစွာရှိသည့်အနက် အစိမ်းနှင့် နွယ်သော စိမ်းရောင်ခြယ်တို့ ပျောက်ကွယ်သွားလျှင် အတော့်ကိုအကျည်းတန်သွားပါလိမ့်မည်။ ကျွန်တော်သည် သန့်ရှင်းဖြူဖွေးသည့် အဖြူရောင်ကို ကြိုက်၏။ သူနှင့် တွဲဖက်အစိမ်းရောင်ကို ချစ်၏။ ရွက်စိမ်းနှင့် ပန်းပွင့်ဖြူတို့ မည်မျှလိုက်ဖက်ပြီး မည်မျှကျက်သရေရှိ၊ မည်မျှ တင့်တယ်၊ မည်မျှပန့်သင့် ပန့်စားသည်ကို အသင်စာဖတ်သူတို့တွေး တောမိဖူးပါသလား။ အတန်းကျောင်းတွေ ကျောင်းသွားကျောင်းပြန်ချိန်၊ လမ်းတစ်လျှောက်ဖြူစိမ်း ဝတ်စုံဝတ် ဆရာ/ဆရာမများနှင့်ကျောင်းသားကျောင်းသူများကို မြင်တွေ့ရသောအခါ၊ တိုင်းပြည်အတွက် မည်မျှ အားရစရာ ဖြစ်ပါသနည်း။ အနာဂတ် တိုးတက်ဖို့အရေး သူတို့လေးတွေ အားကြိုးမာန်တက်၊ ပညာသင်ပေး သင်ယူနေကြသည့် မြင်ကွင်းသည် အလွန်တရာပင် ရွှင်လန်းဂုဏ်ယူစေနေပါသည်။ ပြောင်းပြန်အားဖြင့် တစ်ခါတစ်ရံ ကျွန်တော်ကြံကြံဖန်ဖန်၊ အရူးတစ်ယောက်လို တွေးမိပြန်သေး၏။ စိတ်မပူပါနှင့်။ ပညာရေးနှင့် လုံးဝ မပတ်သက်ပါ။ အစိမ်းရောင်များလောကကြီးထဲက ပျောက်ကွယ်သွားခဲ့လျှင် ကျွန်တော့်တို့ မည်သို့နေထိုင်ရင်ဆိုင်ကြရမှာပါလိမ့်ဟု။ ဆေးပညာရပ်၌ နီစိမ်းကန်းခြင်း မွေးရာပါ ရောဂါတစ်မျိုးသည်ရှိ၏။ Red Green Blindness တဲ့။ နီစိမ်းကို ကွဲပြားစွာ မသိရှိနိုင်သော ချွတ်ယွင်းချက် ပါလာသူတို့တကယ်ရှိ၏။ ရာခိုင်နှုန်း နည်းပါး၍ တော်ပါသေး၏။ ငါများ အဲ့ဒီရောဂါပါလာလျှင် ဆိုပြီးဆက်မတွေးဝံ့တော့ပါပေ။ အသင်စာဖတ် ပရိသတ်တို့၏ အမြင်အာရုံ၌ နီစိမ်းရောင် လုံးဝမပါသော မြင်ကွင်းကို တွေးကြည့်ရုံမျှဖြင့် ကျွန်တော့်လို စိတ်မသက်မသာ ဖြစ်သွားမည်မှာသေချာ၏။ ဆရာ့လို ကျွန်တော်ကျွန်မတို့က ခပ်ကြောင်ကြောင် မတွေးပေါင် ။

ကျွန်တော်တို့ လူ့ဝန်းကျင်မှာ အစိမ်းရောင်တွေ အတော်ကြီး လွှမ်းမိုး၏။ မြက်ခင်းသစ်ပင်သစ်တောတို့ ဖုံးလွှမ်းနေကြ၏။ မိုးတစ်ပြိုက်နှစ်ပြိုက် ရွာချလိုက်သည်နှင့် ပုန်းသောသူကပေါ်(ဖား) သေသော သူကရှင် (မြက်)၊ဤဖြစ်စဉ်ကား နတ်သမီးတွေ ယိမ်းက (လျှပ်စီးပြက်) ကမ္ဘာ့စည်ကြီးတီး (မိုးခြိမ်း)ခြင်းကြောင့် မိုးကြိုပန်း(crocus)တွေက ကတန်းကမန်း ခေါင်းပြူထွက်လာကြကုန်ပြီ။ မျက်နှာမည်းကြီး (တိမ်တိုက်ညို)ကငို (မိုးရွာ)ပြီကိုး။ မိုးကို မျှော်သည် မျှော်သည် မျှော်သည် မိုးရွာလို့ ပျော်သည် ဆိုသော စာသားပါရှိသည့် ဟိုခေတ်ဟောင်း တစ်ချိန်တုန်းက ရေဒီယိုတေးတစ်ပုဒ် သံစဉ်က ယခုစာရေးနေစဉ်၊ ခေါင်းထဲသို့ တိုးဝင်လာပါ၏။ မိုးရွာသည်နှင့် လယ်တောတွေ သစ်တောတွေ စိမ်းထလာကြ၏။ လယ်လုပ်သူရှိမှ လယ်လာစိမ်းမည်။ သစ်တောကို ထိန်းသိမ်းစောင့်ရှောက်သူရှိမှ တောတောင် စိမ်းလန်းနိုင်ပါမည်။ တစ်တောလုံးပြောင် တစ်တောင်လုံးရှင်း ဝိသမလောဘသားတွေကြောင့် မြန်မာနိုင်ငံ၏ သစ်တောဧရိယာ ထက်ဝက်မက အများကြီးလျော့နည်းသွားအောင် ဖြစ်ခဲ့ကြရပြီ။ ဝဲယာဘေးနှစ်နိုင်ငံတို့၏ သစ်တောတွေက စိမ်းလန်းကျန်ရစ်ကာ မြန်မာ့သစ်တောတွေ အစိမ်းရောင် ပျောက်လွင့်သွားကြပါပြီတဲ့လေ။

စိုက်ကြစို့

သစ်တစ်ပင်ခုတ်က ဆယ်ပင်ပြန်စိုက်ပေးရမည်ဟု သစ်တောဌာနက သတ်မှတ်ထားချက်ရှိသည်ဟု ကျွန်တော်ကြားနာ မှတ်သားမိဖူး၏။ ထိုစဉ်က များလိုက်တာ၊ ငါးပင်လောက်ဆိုရင် တော်ရောပေါ့ဟူသော စောဒကအတွေး ကျွန်တော်၌ ဝင်ခိုခဲ့ဖူးသည်ကို မရှက်တမ်း ဝန်ခံရပါမည်။ ကိုယ်တိုင်စိုက်ကြည့်သောအခါတွင်ကား ငါးပင်စိုက် တစ်ပင်အောင်မြင် ရှင်သန်ဖို့ ခက်ခဲလှကြောင်းကို လက်တွေ့ ကြုံရသိလိုက်ရ၏။ ပင်ကြီးပင်စောက် ဖြစ်လာဖို့ကလည်း ဒုလ္လဘတစ်ပါးဖြစ်၏။ စောင့်ရမည့် နှစ်တွေကလည်း

စာမျက်နှာ (၂၇) သို့ ➤ ➤ ➤

''လေတွေ မိုးတွေ လာပါတော့ ကဆုန်လ ပြည့်ကျော်''ဟူ၍ ကျွန်တော်တို့ ငယ်ငယ်တုန်း က လူကြီးတွေ သင်ပေး၍ ပျော်မြူးစွာ ဟစ် အော်ခဲ့ကြ၏။ တန်ခူးလထက် ကဆုန်လကပိုပြီး ပူပြင်းလှ၏။ သူ့အဆိုကိုက တန်ခူးရေကုန် ကဆုန်ရေခန်းလေ။ ဗောဓိညောင်ပင် မသေအောင် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ညောင်ရေသွန်းပွဲတော်ကို တခုတ်တရ ကျင်းပကြ၏။ အနောက်တောင် လေကို မျှော်ရ၏။

# ကုန်စည်ဈေးနှုန်း

| | | |
|---|---|---|
| **ဆန်ဈေး** | | |
| ၁။ ရွှေဘိုပေါ်ဆန်းမွှေး(သစ်) | တစ်ပြည် | ၂၈၀၀ |
| ၂။ ဖျာပုံပေါ်ဆန်း(သစ်) | တစ်ပြည် | ၂၅၀၀ |
| ၃။ ဒေသဆန်(ရှမ်း)(သစ်) | တစ်ပြည် | ၂၃၀၀ |
| ၄။ ငချိပ် | တစ်ပြည် | ၃၀၀၀ |
| ၅။ ကောက်ညှင်း | တစ်ပြည် | ၃၀၀၀ |
| **ဆီဈေး** | | |
| ၁။ ပဲဆီ(ရှယ်) | တစ်ပိဿာ | ၇၅၀၀ |
| ၂။ ပဲဆီ(ရိုးရိုး) | တစ်ပိဿာ | ၃၅၀၀ |
| ၃။ အမေထွား | တစ်ပိဿာ | ၈၅၀၀ |
| ၄။ နေကြာဆီ | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ |
| **ဆား** | တစ်ပိဿာ | ၁၀၀၀ |
| **ငရုတ်သီး (အစိမ်း)** | | |
| ၁။ ငရုတ် (အရှည်) | တစ်ပိဿာ | ၁၅၀၀-၂၀၀၀ |
| ၂။ ငရုတ်(အပု) | တစ်ပိဿာ | ၁၅၀၀-၂၀၀၀ |
| **ကြက်သွန်** | | |
| ၁။ ကြက်သွန်ဖြူ (မျိုးခြား) | တစ်ပိဿာ | ၁၀၀၀-၁၀၅၀ |
| ၂။ ကြက်သွန်ဖြူ မှာထူး(၄) | တစ်ပိဿာ | ၁၈၀၀ |
| ၃။ ကြက်သွန်ဖြူ မှာထူး(၃) | တစ်ပိဿာ | ၁၅၀၀ |
| ၄။ ကြက်သွန်ဖြူ မှာထူး(၂) | တစ်ပိဿာ | ၁၃၀၀ |
| ၅။ ကြက်သွန်ဖြူ မှာထူး(၁) | တစ်ပိဿာ | ၁၁၀၀ |
| ၆။ ကြက်သွန်ဖြူ တရုတ် | တစ်ပိဿာ | ၄၀၀၀ |
| ၇။ ကြက်သွန်နီ(ဥကြီး) | တစ်ပိဿာ | ၁၃၀၀ |
| ၈။ ကြက်သွန်နီ(ဥသေး) | တစ်ပိဿာ | ၁၀၀၀ |
| **ပဲအမျိုးမျိုး** | | |
| ၁။ ပဲနီလေး | တစ်ပိဿာ | ၂၄၀၀-၃၀၀၀ |
| ၂။ ကုလားပဲ | တစ်ပိဿာ | ၁၈၀၀-၂၂၀၀ |
| ၃။ ပဲစင်းငုံ(နီသေး) | တစ်ပိဿာ | ၁၄၅၀ |
| ၄။ ပဲစင်းငုံ (ဖြူကြီး) | တစ်ပိဿာ | ၁၄၀၀ |
| ၅။ ပဲစင်းငုံ (နီကြီး) | တစ်ပိဿာ | ၁၄၀၀ |
| ၆။ ပဲပုတ်စေ့ | တစ်ပိဿာ | ၁၁၀၀-၁၂၀၀ |
| ၇။ ပန်းနှမ်း | တစ်ပိဿာ | ၁၅၅၀ |
| ၈။ နှမ်းဖြူ (လှော်ပြီး) | တစ်ပိဿာ | ၇၀၀၀ |
| ၉။ ပြောင်း | တစ်ပိဿာ | ၄၀၀-၄၂၀ |
| **အာလူး (ဒေသ)** | တစ်ပိဿာ | ၁၃၀၀ |
| ချင်း (ကြီး) | တစ်ပိဿာ | ၃၀၀၀ |
| ချင်း (သေး) | တစ်ပိဿာ | ၃၀၀၀ |
| **လက်ဖက်ခြောက်** | တစ်ပိဿာ | ၈၀၀၀-၁၁၀၀၀ |
| **သားငါးဈေး** | | |
| ၁။ ကြက်သား(ဒေသ) | တစ်ပိဿာ | ၁၃၀၀၀ |
| ၂။ ကြက်သား(စီပီ) | တစ်ပိဿာ | ၆၀၀၀ |
| ၃။ ဝက်သား | တစ်ပိဿာ | ၈၀၀၀ |
| ၄။ ဆိတ်သား | တစ်ပိဿာ | ၁၈၀၀၀-၂၀၀၀၀ |
| ၅။ အမဲသား | တစ်ပိဿာ | ၁၆၀၀၀ |
| ၆။ ငါး (ငါးကြင်း) | တစ်ပိဿာ | ၁၀၀၀၀-၁၂၀၀၀ |
| **ရွှေဈေး** | | |
| ၁။ အခေါက်ရွှေ | တစ်ကျပ်သား | ၁၂၃၂၅၀၀ |
| ၂။ ဒင်္ဂါးရွှေ(၁၅ ပဲရည်) | တစ်ကျပ်သား | ၁၁၆၀၀၀၀ |
| ၃။ ဒင်္ဂါးရွှေ(၁၄ ပဲရည်) | တစ်ကျပ်သား | ၁၀၃၉၅၀၀ |
| **စက်သုံးဆီ** | | |
| ၁။ ဓာတ်ဆီ (၉၂/၉၅) | တစ်လီတာ | ၈၇၀ / ၉၉၀ |
| ၂။ ဒီဇယ် (ရိုးရိုး/ပရီမီယံ) | တစ်လီတာ | ၉၅၅ / ၉၈၀ |

အထက်ပါ ဈေးနှုန်းများကို ကမ္ဘာ့ဇတိုင်းသတင်းဌာနယ်မှ တောင်ကြီးမြို့ပေါ်၌ ဩဂုတ်လ ၂၅ ရက်တွင် ရယူ စုဆောင်းထားခြင်း ဖြစ်ပါသည်။

အချိန်နှင့်အမျှ ဈေးနှုန်း အပြောင်းအလဲများ ရှိနိုင်ပါသည်။

# တစ်ပတ်တာကံကြမ္မာ

■ ဆရာယဉ်မင်းအောင်



**တနင်္ဂနွေ**

ဘာသာရေးကိစ္စများ အလှူဒါနများ ဆောင်ရွက်နိုင်ပါမည်။ မိသားစုအတွင်းပျော်ရွှင်ကျေနပ်ရလိမ့် မည်။ ငွေကြေးအခက်အခဲရှိရာမှ ပြန်လည်ပြေလည်လာမည်။ ကြီးသူမှငွေကြေးများ၊ လိုချင်သောပစ္စည်း များပေးပါမည်။ သူတစ်ပါးကိစ္စကြားမဝင်ရ အခက်တွေ့တတ်သည်။ နေအိမ်အတွင်းသို့မရဖူးသောပစ္စည်းဝင်လာမည်။ ကုန်သည်များအရောင်းအဝယ်အနည်းငယ် ကမောက်ကမ ဖြစ်လိမ့်မည်။ ဝန်ထမ်းများ အစားအသောက်ကောင်းစားရမည်။ လက်ဆောင်ရမည်။ ပွဲစားများမှာ အိမ်အပေါင် တည့်လိမ့်မည်။ ငယ်သူများအချစ်ရေးကိစ္စတွင် ချစ်သူနှင့် လမ်းခွဲလိမ့်မည်။ သဘောကွဲမည်။ ကျန်းမာရေး ကိစ္စများတွင် ဖျားလိမ့်မည်။ လည်ပင်းနာမည်။ ကံကောင်းစေသောဂဏာန်းမှာ (၃/ ၆/ ၇)ဖြစ်သည်။
ယတြာ။ သံဃာတော်ကို တဘက်လှူပါ။



**တနင်္လာ**

ကားရောင်းခြင်း၊ ကားဝယ်ခြင်း ကြုံမည်။ ကားပြင်ရမည်။ အချို့မှာ ဖုန်းဝင်မည်။ အလုပ်များပြန်လာမည်။ စီးပွားရေး အလုပ်အကိုင်များ ခက်ခဲနေရာမှ ပြန်လည်ပြေလည်လာမည်။ အခြားအလုပ်အကောင်းလည်း တွေ့ကာ မြတ်စွန်းပါမည်။ ရွှေလက်ဝတ်ရတနာဝင်မည်။ အဝတ်အစားသစ်ဝင်မည်။ စိတ်ပျော်ရွှင်ရတော့မည်။ ကုန်သည်များမှာ အရောင်းနှေးနေမည်။ ပစ္စည်းတွင်ငွေမြုပ်နေမည်။ ဝန်ထမ်းများမှာ ငွေကြေးအထူးဝင်လာမည်။ ပွဲစားများမှာ ချေးငွေကိစ္စအောင်မြင်မည်။ ငယ်သူများမှာ အချစ်ရေးတွင် ချစ်သူက မိမိကိုဂရုမစိုက်ဟု ထင်မြင်နေလိမ့်မည်။ ကျန်းမာရေးကိစ္စများတွင် လက် ဓါးထိမိတတ်ပါသည်။ သတိထားပါ။ ကံကောင်းစေသောဂဏာန်းမှာ (၀/ ၅/ ၉)ဖြစ်သည်။
ယတြာ။ စေတီတွင် နှင်းဆီအနီလှူပါ။



**အင်္ဂါ**

ခင်မင်ဖူးသောမိတ်ဆွေဟောင်းနဲ့ ပြန်တွေ့လိမ့်မည်။ စိတ်ကျေနပ်စရာကောင်းသောအဖြစ်များနဲ့ ကြုံတွေ့မည်။ စက်ပစ္စည်းအသစ်ဝင်မည်။ အတွင်းရန်ပေါ်ပေါက်တတ်ပြီး စိတ်ဆင်းရဲရလိမ့်မည်။ စီးပွားရေးအလုပ်များ တိုးချဲ့ရန်ပေါ်ပေါက်မည်။ ကြံစည်မည်။ မိတ်ဆွေကောင်းအကူအညီရမည်။ ထင်ရှားသောနေရာသွားရမည်။ ကုန်သည်များဖောက်သည်ကောင်းရလိမ့်မည်။ ဝန်ထမ်းများမှာ ခွင့်ယူခြင်း၊ အလုပ်နည်းခြင်းကြုံမည်။ ပွဲစားများမှာ အလုပ်ရပ်တန့်နေလိမ့်မည်။ ငယ်သူများ အချစ်ရေးတွင် ချစ်သူကြောင့် စိတ်ပျော်ရွှင်ရမည်။ ချစ်သူနဲ့အတူ စားသောက်ဆိုင်သွားရလိမ့်မည်။ ကျန်းမာရေးကိစ္စတွင် ကိုက်ခဲနာကျင်ခြင်းဖြစ်လိမ့်မည်။ ကံကောင်းစေသောဂဏာန်းမှာ (၂/ ၄/ ၅)ဖြစ်သည်။
ယတြာ။ ဘုရားမှာဆွမ်းလှူပါ။



**ဗုဒ္ဓဟူး**

သူခိုးဘေး၊ လူလိမ်ဘေးကြုံမည်။ အခြားမြို့သို့ အလည်သွားရမည်။ အဝေးမှဧည့်သည်လာမည်။ လက်ဆောင်ကောင်းရမည်။ အိမ်တွင်းရေးကိစ္စအပူတွေ့တတ်သည်။ ဈေးဝယ်ထွက်ရလိမ့်မည်။ အချို့မင်္ဂလာပွဲသွားရမည်။ စီးပွားရေးနည်းနည်းပြေလည်လာမည်။ ငွေနည်းနည်းမြတ်လာလိမ့်မည်။ အလုပ်ပိနေမည်။ ကုန်သည်များမှာ တပည့်အောက်လူဒုက္ခပေးလိမ့်မည်။ ဝန်ထမ်းများ ကြီးသူမစခံရလိမ့်မည်။ ပွဲစားများမှာ မြေအရောင်းတည့်မည်။ ငယ်ရွယ်သူများမှာ ချစ်သူနဲ့ ယာယီဝေးကွာခြင်း၊ ပူဆွေးခြင်း၊ စိတ်မချခြင်းစသည်ကြုံမည်။ ကျန်းမာရေးတွင် အကြောတင်၊ အကြောညှပ် ဖြစ်လိမ့်မည်။ သတိထားပါ။ ကံကောင်းစေသောဂဏာန်းမှာ (၃/ ၇/ ၉)ဖြစ်သည်။
ယတြာ။ စေတီမှာ သပြေပန်းလှူပါ။



**ကြာသပတေး**

အဝေးမှဧည့်သည် အိမ်လာမည်။ အစားကောင်းစားရမည်။ မရောက်ဖူးသောနေရာ အလည်သွားရလိမ့်မည်။ ခရီးတိုသွားလာရခြင်းကြုံမည်။ အလုပ်အကိုင်အသစ်များတွေ့မည်။ ငွေအချို့ဝင်လာမည်။ နှစ်သက်သောနေရာသို့ လည်ပတ်ရလိမ့်မည်။ အသုံးအဆောင်ပစ္စည်း အသစ်ဝင်လာမည်။ သတိပြုရန်မှာ မိမိအိမ်သူခိုးဝင်တတ်ပါသည်။ ကုန်သည်များမှာ အရောင်းအဝယ်ကိစ္စများတွင် စာရင်းကွာဟလိမ့်မည်။ ဝန်ထမ်းများစာရွက်စာတမ်းပျောက်လိမ့်မည်။ ပွဲစားများမှာ အလုပ်ကိစ္စအဆင်ပြေကာနီး ပျက်လိမ့်မည်။ ငယ်သူများအချစ်ရေးကိစ္စတွင် ချစ်သူသစ်တွေ့လိမ့်မည်။ ကျန်းမာရေးသွားနာမည်။ ပါးစပ်နာခြင်းဖြစ်မည်။ ကံကောင်းစေသောဂဏာန်းမှာ (၂/ ၃/ ၇)ဖြစ်သည်။
ယတြာ။ စေတီတွင် သစ်သီးလှူပါ။



**သောကြာ**

ကားမောင်းသင်ရမည်။ ကားစီးသောခရီးသွားရမည်။ ရန်အတိုက်အခံနည်းနည်းတွေ့မည်။ ယုံကြည်သူကသစ္စာဖောက်လိမ့်မည်။ ကြွေးဟောင်းရစရာ ပြန်ရမည်။ စီးပွားရေးငွေကြေးများတွင် ရုတ်တရက်စုပုံဝင်လာတတ်ပါသည်။ သော့ပျောက်ဆုံးခြင်း၊ သော့ပျက်ခြင်းကြုံမည်။ သူတစ်ပါးအထင်လွဲခံရတတ်ပါသည်။ ကုန်သည်များ အရောင်းအဝယ်ကိစ္စတွင် ပြဿနာပေါ်မည်။ ပစ္စည်းမှားနေတတ်ပါသည်။ ဝန်ထမ်းများမှာ အလုပ်ပိနေပြီး စိတ်ညစ်ရတတ်ပါသည်။ ပွဲစားများ အပေါင်ကိစ္စ အငှားကိစ္စတည့်လိမ့်မည်။ ငယ်သူများအချစ်ရေးတွင် သံသယဝင်ခံရပြီး စိတ်ကောက်နေလိမ့်မည်။ ကျန်းမာရေးတွင်ခေါင်းကိုက်မည်။ မူးဝေခြင်းဖြစ်လိမ့်မည်။ ကံကောင်းစေသောဂဏာန်းမှာ (၂/ ၆/ ၈) ဖြစ်သည်။ ယတြာ။ သံဃာတော်ကို မုန့်လှူပါ။



**စနေ**

ပစ္စည်းပျောက်ဆုံးတတ်သည်။ အရေးကြီးသောအလုပ်များ မေ့လျော့နေလိမ့်မည်။ သူငယ်ချင်းပြန်ဆုံမည်။ စီးပွားရေးအခွင့်အလမ်းကောင်းပေါ်လာမည်။ ငယ်သူကြောင့်အပူတွေ့ပါမည်။ အိမ်တွင်းသောကများအနည်းငယ်ဖြစ်မည်။ အိမ်တွင်းစက်ပစ္စည်းသစ်များ တပ်ဆင်ရတတ်သည်။ လျှပ်စစ်မီးများလည်း ပြင်ရတတ်ပါသည်။ ကုန်သည်များအရောင်းအဝယ်ပျက်မည်။ ဖောက်သည်အချို့ကြောင့် ဖြေရှင်းရမည်။ ဝန်ထမ်းများမှာ အောက်လူအတွန်းအတိုက်ခံရတတ်ပါသည်။ ပွဲစားများမှာ အိမ်၊ မြေ အရောင်းတည့်လိမ့်မည်။ ငယ်သူများမှာ အချစ်ရေးတွင် ကံကောင်းစပြုလာမည်။ စန်းပွင့်သဖြင့် ကမ်းလှမ်းသူများမည်။ ကျန်းမာရေးတွင် မျက်စိနာခြင်းကြုံမည်။ အကောင်အမြိုက်စသည် ဝင်မည်။ ကံကောင်းစေသောဂဏာန်းမှာ (၀/ ၄/ ၆)ဖြစ်သည်။ ယတြာ။ သံဃာတော်ကို ဆေးဝါးလှူပါ။

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019

■ တြိဂံ

"It is so easy to break down & destroy. The heroes are those who make peace & build"

(Nelson Roliblabla Mandela)



# ငြိမ်းချမ်းရေး တေးသံ ပျံ့လွင့်စေချင်

လူသားများဖြစ်တည်မှုတွင် စစ်သည် လိုအပ်ချက်တစ်ရပ် ဖြစ်သည်ဟု အချို့သောသမိုင်း ပညာရှင်များက ဆိုခဲ့ကြသည်။

သို့သော် ကမ္ဘာပေါ်ရှိ လူသားများအားလုံးကို မေးမြန်းပါက စစ်လိုလားသူ အချိုးအစားမှာ လူသားထု၏ အနည်းစုမျှသာဖြစ်ကြောင်း တွေ့ရှိမည်ဟု ယုံကြည်သည်။

သို့ဆိုလျှင် မည်သို့သော သူများက စစ်ကို လိုလားကြသနည်း။ ဆန်းစစ်ပါက ဘယ်သို့သောအကြောင်းပြုပြု ကိုယ်ကျိုးစီးပွားနှင့် ယှဉ်သောသူများကသာ စစ်ကို လိုလားကြကြောင်း တွေ့ရပေမည်။

ဆိုလိုချင်သည်မှာ စစ်ကို မိမိတို့အကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းသာ ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

စစ်များတွင် ကမ္ဘာလုံးဆိုင်ရာစစ်၊ နိုင်ငံချင်းစစ်၊ ဒေသစစ်၊ ပြည်တွင်းစစ် ဟူ၍ အမျိုးများ ခွဲခြားနိုင်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ပကတိအခြေအနေကို လေ့လာပါက ပြည်တွင်းစစ်နှင့် ဆက်နွယ်နေသည့် ပြည်ပလွှမ်းမိုးမှုကို တွေ့မြင်ရပေမည်။ အနောက်ဘက်မှ လူဦးရေ ပေါက်ကွဲမှု ဖြစ်ပွားနေသည့် နိုင်ငံနှင့် အရှေ့မြောက်ဘက်မှ လူဦးရေ လွှမ်းမိုးမှုအပြင် ဗျူဟာပေါင်းစုံဖြင့် လွှမ်းမိုးနိုင်ရန် ကြိုးပမ်းနေသည့် အခြေအနေများကို ပြည်သူပြည်သားများ သိရှိနေကြသော်လည်း ကြောက်၍ ငြိမ်နေကြခြင်း မဟုတ်ဘဲ မနိုင်၍ သည်းခံနေကြခြင်း ဖြစ်သည်ဟု ကိုယ်တိုင်ခံယူပါသည်။

လက်ရှိတွင် တိုင်းပြည်သည် အရာရာလိုအပ်ချက် များပြားနေသည်၊ နိုင်ငံရေးလိုအပ်ချက်၊ စစ်ရေးလိုအပ်ချက်၊ တိုင်းရင်းသားအရေးလိုအပ်ချက်၊ ပညာရေး လိုအပ်ချက် စသည်ဖြင့် လိုအပ်ချက် အများအပြားရှိနေကြသည်မှာ ခေတ်အဆက်ဆက် လိုအပ်လာသည်များကို ဖြည့်ဆည်းရာတွင် တိုင်းပြည်အကျိုးထက် မိမိအကျိုးကိုသာ ဖြည့်ဆည်းမှု များပြားလာခဲ့ခြင်း၏ အကျိုးဆက်များဖြစ်သည်ဟု သမိုင်းက ဆိုနေသည်။ သို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းကြရင်း အိမ်နီးချင်းမပီသသည့် နိုင်ငံများ၏ တိုင်းရင်းသားများကို မြောက်ထိုးပင့်ကော် အမျိုးမျိုးသော နည်းလမ်းများဖြင့် လုပ်ဆောင်နေကြခြင်းက ပြည်တွင်းစစ်ကို မီးမွှေးပေးနေခြင်းပင် ဖြစ်သည်ဟု ကောက်ချက်ဆွဲယူနိုင်ပါသည်။

ဤနေရာတွင် Chauvinism (မျက်ကန်းမျိုးချစ်ဝါဒ)ကို ပြည်တွင်းစစ်အား လောင်ကျွမ်းစေမည့် လောင်စာအဖြစ် ချသုံးနေကြသည်ဟု ဆိုလျှင် မှားမည်မထင်ပေ၊ ဤနေရာတွင် Chauvinistically (လူမျိုးကြီးဝါဒဆန်စွာ) ကျင့်သုံးနေသည်ဟု စွပ်စွဲချက်က အပြန်အလှန် စွပ်စွဲမှုအတွက် အထောက်အကူ ဖြစ်နေပေသည်။

အမှန်တကယ်မှာတော့ ထိုအချက်ကို ကိုယ်ကျိုးစီးပွားအတွက် အသုံးချနေခြင်း ဖြစ်ပြီး တကယ့်လူထုကတော့ မိမိတို့၏ အေးချမ်းသော အကျိုးစီးပွားများအရ ပဋိပက္ခ ဖြစ်ပွားစေသည့် လောင်စာများကို မီးမရှို့လိုကြပေ။ သို့သော် အားလုံးသည် လက်နက်ကိုင် လမ်းစဉ်ကို ကြောက်၍ ငြိမ်နေရခြင်းထက် မနိုင်လို့ သည်းခံနေကြရာမှ မခံနိုင်တော့၍ ပဋိပက္ခဖြစ်ပွားမှုလွန်ဆွဲမှု၏ အကျိုးဆက်အဖြစ် ပြည်တွင်းပဋိပက္ခ ဖြစ်ပွားနေရသည်ဟု စစ်ရေးလေ့လာသူများက ကောက်ချက်ချကြပေသည်။

အဓိကမှာ အတ္တဖြင့် တည်ဆောက်ထားသည့် ကိုယ်ကျိုးစီးပွား ကျင့်သုံးမှုက ပဋိပက္ခများကို ဖြစ်ပွားစေခြင်း ဖြစ်သည်ဟု ဖွင့်ဆိုကြပါသည်။

လူမျိုးစုပဋိပက္ခ–Ethnic Conflict သည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ခြိမ်းခြောက်သည့် အရာများတွင် အဓိကကျသည့် အရာတစ်ခုဟု နိုင်ငံရေးဒဿနပညာ အခြေခံကျမ်းက ဆိုသည်။ ထို့အတူ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တန်းတူညီမျှ ဖြစ်မှုကိုလည်း ဖျက်ဆီးနေပေသည်။ လက်နက်ကိုင် တိုက်ပွဲများကြောင့် တိုင်းရင်းသားများ အိုးအိမ်ရပ်ရွာ စွန့်ခွာမှုများဖြစ်ကာ စီးပွားပျက်စီး၊ လူများ သေကြေ ပျက်စီးကြရသလို လူအချင်းချင်း လက်နက်ကိုင်နှင့် လက်နက်မဲ့ဆိုသည့် တန်းတူမညီမျှမှုက ခွဲခြားဆက်ဆံမှု ဖြစ်ပွားလာကာ သေနတ်ပြောင်းဝတွင် အာဏာရှိသည့် (Authority comes out barrel of theGun) အယူအဆမှသည် uniform phobia အကြောက်ရောဂါနှင့် ဆန့်ကျင်ဘက် uniform covetousness ယူနီဖောင်း တပ်မက်မှု ဖြစ်ပွားလျက် ရှိရာမှ လူ့အဖွဲ့အစည်းတွင် လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် gunboart diplomacyကို ကျင့်သုံးနေသည်ဟု စစ်ရေးလေ့လာသူများက ဆိုကြသည်။

လူမျိုးစုပဋိပက္ခ ပေါ်ပေါက်လာရသည့် အကြောင်းရင်းတွင် လူမျိုးအုပ်စုများက တူညီသည့် ရည်မှန်းချက်ပန်းတိုင်အတွက် အပြိုင်အဆိုင်ဖြစ်ခြင်းက ပေါ်ပေါက်လာရခြင်း ဖြစ်ပြီး အာဏာ အရင်းအမြစ်များကို ချဉ်းကပ်ခွင့်နှင့် ပထဝီနယ်မြေဒေသများအတွက် အပြိုင်အဆိုင် ဖြစ်နေခြင်းက ပဋိပက္ခ ပေါ်ပေါက်ရခြင်းဖြစ်သည်ဟုဆိုသည်။ ၎င်းတို့အား အသုံးချ၍ ကိုယ်ကျိုးစီးပွား ရယူလိုသူများကလည်း လူမျိုးစု ပဋိပက္ခများ ဖြစ်စေရန် ချိတ်ဆက် နှိုးဆွပေးကြပြီး အခြားသော နိုင်ငံရေး အကျိုးအမြတ်ဆိုင်ရာ ပဋိပက္ခများနှင့်လည်း ဆင်တူသဏ္ဌာန် ပေါ်ပေါက်နေတတ်သည်ဟု နိုင်ငံရေးအရ ဖွင့်ဆိုသည်ကို တွေ့ရသည်။

ယင်းအရ လူမှုရေးဆိုင်ရာ တည်ဆောက်မှု Social Construtivism အနေဖြင့် နောက်ဆက် တွဲ ဖြစ်ပေါ်လာသည်ဟုဆိုရာ မြန်မာနိုင်ငံ၏ ပြ ယုဂ်အဖြစ် မြန်မာနိုင်ငံ၏ စစ်အာဏာရှင်ကြီးများနှင့် ဘိန်းဘုရင်များကို ရည်ညွှန်းရမည် ဖြစ်ပေသည်။ မည်မျှပင် နှစ်ဖက်တပ်များ တိုက်ခိုက် သေကြေပျက်စီးခဲ့ရသည်ဖြစ်စေ ထိပ်ဆုံး ခေါင်းဆောင်ပိုင်းများကမူ ဘဝအတွက် အထက်တန်းစားများအဖြစ် ဖြတ်သန်းခဲ့သည်မှာ မဝေးလှသည့် အထောက်အထားများပင် ဖြစ်သည်။ အကျယ်ကိုတော့ အများသိပြီးဖြစ်သည်ဟု ယူဆသည့်အတွက် မဖွင့်ဆိုလိုတော့ပေ။

ကမ္ဘာတွင် လူမျိုးစု သီးခြားလက္ခဏာ အချက်အလက်များ စုစည်းဖော်ပြချက်အရ လူမျိုး အုပ်စုတိုင်းသည် လူမျိုးစုပဋိပက္ခကို နိုင်ငံရေးအရ တက်တက်ကြွကြွ ပုံဖော်မည့်အုပ်စုများ မဖြစ်ကြဘဲ နိုင်ငံရေးအရ လူမျိုးစုပဋိပက္ခဖြစ်ရန် နှိုးဆွခံရဖူးသည့် လူမျိုးစု အုပ်စု၏ ၁၇ ဒသမ ၄ ရာခိုင်နှုန်းသာလျှင် နိုင်ငံရေးအရ လူမျိုးစု ပဋိပက္ခ ပေါ်ပေါက်ရခြင်းဖြစ်ပြီး (ဒီမိုကရေစီ၊ အာဏာရှင်) စသည့် နိုင်ငံရေးအဆောက်အအုံများအရ ပေါ်ပေါက်ရသည်ဟု ဆိုသည်။ အဆိုပါ နိုင်ငံရေးဒဿနစာအုပ်ထဲမှ ကောက်နုတ်ဖော်ပြချင်သည့် လူမျိုးစု ပဋိပက္ခ အားပြိုင်မှုတွင် လူမှု အသိုင်းအဝိုင်းအတွင်း အားပြိုင်လူမျိုးစု (Communal Contender )အကြောင်းတွင် ယဉ်ကျေးမှုအားဖြင့် ကွဲပြားခြားနေသူများ ဖြစ်ကြပြီး နိုင်ငံတော်အာဏာကို မျှဝေရန် ကြိုးစားတတ်ကြသည်ဟု ဖော်ပြထားကာ ၎င်းတို့အထဲမှ လွှမ်းမိုးကြီးစိုးသူ(Dominnant)၊ အကျိုးအမြတ် ရနေသူ(Adventage)၊အကျိုးအမြတ် မရသူ (Disadventaged)ဟု ကွဲပြားစွာ ယှဉ်တွဲနေကြသည် ဖွင့်ဆိုထားသည်။

ပဋိပက္ခကို ဖြစ်ပွားစေလျက်ရှိသည့် အခြေအဆောက်အအုံများတွင် အားနည်းနိုင်ငံတော်သို့မဟုတ် ယိုယွင်းနိုင်ငံတော်များတွင် ယခင်ကိုလိုနီစနစ်၏ ပုံဖော်ပေးမှုအရ ဖြစ်ပွားရသည့် ထုတ်ကုန်များဟု ဆိုသည်။ ယင်းအပြင် တိုင်းပြည်၏ နိုင်ငံရေး အခြေအနေ ကျဆင်းမှုနဲ့တွဲဖက်ဖြစ်ပေါ်လာခြင်းက အကြမ်းဖက် ပဋိပက္ခများ ဖြစ်ပေါ်လာလေ့ရှိပြီး အတွင်းပိုင်းရှုထောင့်အကြည့်မည်ဆိုပါက လူမျိုးစုများက ၎င်းတို့၏ တည်ရှိမှုကို ခြိမ်းခြောက်လာသည်ဟု ခံစားကြရသည့်အတွက် နိုင်ငံရေးဆိုင်ရာ လုံခြုံမှုကင်းမဲ့မှုက ပဋိပက္ခဖြစ်ပေါ်စေသည့် စိတ်တွန်းအားတစ်ခုဖြစ်သည်ဟုဆိုကာ သူတို့ပိုင် နယ်မြေဟုသတ်မှတ်ထားသည့် လူမျိုးစုနှင့် သူတို့နယ်မြေအတွင်း ဝင်ရောက်အခြေချလာသည့် လူမျိုးစုများအကြား ပဋိပက္ခများ ဖြစ်ပွားစေလျက်ရှိသည်ဟု ဆိုသည်။

ဆိုးဝါးသည့် ပြည်တွင်းပြဿနာ၊ ဆိုးဝါးသည့် အိမ်နီးချင်း ပြဿနာ၊ ဆိုးဝါးသည့် ပြည်တွင်း ခေါင်းဆောင်မှု ပြဿနာ၊ ဆိုးဝါးသည့် အိမ်နီးချင်း ခေါင်းဆောင်မှု ပြဿနာများ နီးစပ်မှုများကြောင့်လည်း ပဋိပက္ခများ ဖြစ်ပွားရခြင်းဟု ဆိုသည်။ ယင်းပြဿနာများကို အဓိပ္ပါယ်ရှင်းလင်းရာတွင် ပြည်တွင်း ပြဿနာ၊ ခေါင်းဆောင်မှုများသည် နယ်မြေဆိုင်ရာ ပါဝါတိုက်ပွဲများ၊ အိုဒီအိုလိုဂျီဆိုင်ရာ အငြင်းပွားမှုများဖြင့် လူမျိုးစုများ အချင်းချင်းကြားတွင် ပဋိပက္ခများ တိုးပွားလာစေရန် လူမျိုးစုဖဲချပ်ကို ဆွဲယူထားသည့် စွမ်းရည်ရှိကြောင်း ယူဂိုဆလားဗီးယားက မီလိုဆိုဗစ်၏ ပေါ်လစီကို ပြည္ဆန်းသည်။ မီလိုဆိုဗစ်က နိုင်ငံပိုင်မီဒီယာကို အသုံးချပြီး အမျိုးသားရေးဝါဒဆိုင်ရာ လှုပ်ရှားမှုကို မီးထိုးပေးကြောင်း လူ့အခွင့်အရေးများကို ချိုးဖောက်ကြောင်း ဖော်ပြသည်။

စာမျက်နှာ (၂၂) သို့ ➤ ➤ ➤

## ➢ စာမျက်နှာ(၂၄) ဖိုးလလယ်၌ သစ်ပင်စိုက် မှ အဆက်

ဆယ်နှစ်အထက်ကို အများကြီး ကျော်လွန်ရပါဦးမည်။ သည်တော့ အခုသစ်ပင် ခုတ်၍ ဆယ်ပင်ပြန်စိုက်ပေးသည်ပဲ ထားပါဦး။ နောင်ဆယ်နှစ်ကျော်မှာ ပင်ကြီးသက်ရင့်တစ်ပင် ဖြစ်လာက ဒုံရင်းရှိပါသေး၏။ လျော့ပါးမှာက အနန္တ၊ ဒုံရင်းက နှမ်းစေ့မျှ။ ရင်းစားပြန်ရဖို့မှာ တစ်ပင်ခုတ် ပင်အစိတ်လောက် ပြန်စိုက်နိုင်ဖို့ လိုပါမည်။ တောင်လုံးပြောင် တောင်လုံးရှင်းခဲ့ကြ၍ ပွသူတို့ သန်းကြွယ်ကုဋေကြွယ် သူဌေးကြီးတွေ ခိုနီခိုပြာကြီးတွေ ဖြစ်ကုန်ကြပြီ။ ပြည်သူ ငမွဲဆင်းရဲသားတွေကတော့ နှစ်စဉ်ရေကြီး ရေမြှုပ်ရေကာတာ ကျိုးသလို အရှိန်အဟုန်ကြီးဖြင့် တိုက်စား မျောပါသွားကြတာ အိုးအိမ်ပေါင်း ထောင်သောင်း၊ အသက်ပေါင်း သောင်းကြီးရှိနေကြပါပြီ။ ပင်စိမ်းသစ်ဖြစ်က မြေလွှာကိုကုပ်တွယ်ထား၍ မြေကမ္ဘာတွင်းသို့ ရေစုပ်ယူထားအားများ၍ ရေဒလဟော မတိုက်စားသွား၍ နုန်းမြေရွှံ့နစ်တို့ မြစ်ချောင်း၌ မစုပုံနိုင်။ ရေစီးရေလာကောင်း၍ ရေပင်လယ်ရေသမုဒ္ဒရာမတင်ကျန်။ ရေဘေးအန္တရာယ် ရေဘေးဒုက္ခမများစေပါတဲ့။

ရပ်စောက်ဘက် ပါမစ်ရသော ကုမ္ပဏီ၊အတော်ပြောင်သလင်းခါအောင် ခုတ်ယူမှုကြောင့် လမ်းတွေပျက်၊ မိုးတွေခေါင်၊ ပူလွန်းအိုက်လွန်း၊ ရွာပြန်တော့ မထိန်းနိုင်အောင် ရာသီဥတုဖောက်ပြန်။ ဂေဟစနစ် ပျက်၊ တောထွက်ပစ္စည်း နတ္ထိ။ သူဌေးသဘော်စင်းလုံး နစ်တာပြန်မဆယ် အရှုံးခံနိုင်အောင် ခေတ်သစ်သူဌေးဖြစ်။ ပါမစ်ရအောင် အထက်လူကြီးကို သိန်းရာကျော်ထောင်ကျော်ကားလက်ဆောင် ပေးနိုင်မှတော့ ယင်းကားမျိုးရာထောင်ကျော်ဖိုးလောက် ပြန်ဝင်ဖို့ အသာလေးပေါ့။ တစ်တောကုန်တော့နောက်တစ်တောပြောင်း၊ ဆယ်နှစ်ကျော်လည်း ကြာရော။ နွေရက်ရှည် ပိုပူအိုက်၊ မိုးရက်တို မိုးအလွန်နည်း။ ဆောင်းကား မချမ်း၊ နှင်းမဝေ ဆီးမကျ။ တောင်ယာသမားများ ဒုက္ခ။ ဟော မြေပေါ်သယံဇာတသစ်တော ကျိန်စာသင့်ကြပြီဆိုတော့ နောင်တနည်းနည်းရလာဟန် တူ၏။ သန်းချီသစ်ပင်ပေါက်၊ ငွေကုဋေချီပြန်စိုက်ပေးတယ် ဆိုလားသတင်းနားစွန်နားဖျား ကြားရ။ အင်း သည်လိုဘက်ကောင်း စိတ်ကူးဖော်ရတာပဲ တော်ပါသေးပေ့။ မတော်တာက ငွေပေးခိုင်းပြီး စိုက်သောအပင်တွေ တစ်ရာမှာ တစ်ပင်ရှင်ပါစ။ သံသယ။ ရှင်ပင် ၁၀၀ တွင် ၁၀ ပင် ကျန်ပါစ။ ခက်ခဲလှဘိ။ တောကြီး တစ်ဝက်ခန့် ပြန်ဝေဆာဖြည့်ဆည်းနိုင်ဖို့ ဒုလ္လဘ။ သူ ခုတ်ခဲ့သော သက်တမ်းရာကျော် သစ်ပင်မျိုး ပြန်ရဖို့ကလည်း နောက်ထပ်နှစ်ရာကျော် စောင့်ပါဦး။ တမလွန်ရောက်ပြီ။ ကျန်သူ့ကံတရား။

ရှစ်လေးလုံးနေ့

(၈–၈–၂၀၁၉)နေ့တုန်းက ရှစ်လေးလုံး ၃၁ နှစ် ပြည့်ခဲ့ပြီ။ ကျွန်တော့်ကဗျာလေးကိုလည်း ယင်းနေ့ထုတ် အတွဲ ၅ နံပါတ် ၃၁၊ စာမျက်နှာ ၂၃ ၌ နှစ်ကော်လံ မျက်နှာဝက်နီးပါးမျှ လူထုချီတက်မှု ပင်လယ်ဝေ ဓာတ်ပုံကိုပါ ပူးတွဲပြီး အထူးဂုဏ်ပြုဖော်ပြပေးခဲ့၍ ကမ္ဘောဇတိုင်း သတင်းဂျာနယ် အယ်ဒီတာအဖွဲ့ဝင်များ အားလုံးနှင့်တကွ တစ်ဖွဲ့သားလုံးကို ကျေးဇူး တင်ရှိရ၏။ အွန်လိုင်းပေါ် ဖေ့ဘုတ်ပေါ်ကိုလည်း ကြိုက်သူတို့ တင်ပေးကြ၍ ပလူပျံပါရောတဲ့။ ဗိုလ်ချုပ်ပန်းခြံတွင်းရှိ ရှစ်လေးလုံး အထိမ်းအမှတ် မော်ကွန်းကျောက်တိုင်ရှေ့၌ မြိုင်ဆိုင်စွာ ကျင်းပခဲ့ပါသော အခမ်းအနားတွင် မြို့မိ၊မြို့ဖ တစ်ဦးအနေဖြင့် ကျွန်တော့်အားလည်း အမှတ်တရစကား ပြောကြားစေခဲ့ရာ လက်ခံခဲ့ရ၏။ ကျင်းပကြသည့် ဦးဆောင်ကျောင်းသားဟောင်းများ 24 Fighter နိုင်ကျဉ်းအဖွဲ့ စသည်အားကိုး ညီညွတ်မှုကြောင့် စည်ကားသပ်ရပ်လှပ ပြည့်စုံခဲ့၍ ချီးကျူးရ၏။ ၈၈၈၈ ဆရာတော် ဘဒ္ဒန္တခေမာနန္ဒ အဖွင့်ဩဝါဒ အမှာစကား မြွက်ကြားပြီးနောက်၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်၊ အင်းရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ကျူရှင်ဆရာ ဦးမောင်မောင်သန်း၊ စာရေးသူ၊ ကျူရှင်ဆရာ ဦးစိုးဝင်း၊ ကျောင်းသားထုကို စောင့်ရှောက်လမ်းညွှန်ခဲ့သူ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မိုးမိုးတို့အသီးသီး အမှတ်တရစကားများ ပြောကြားခဲ့ကြ၏။ မတိုင်ပင်ထားဘဲနှင့် တစ်ဦး တစ်မျိုးစီ ကောင်းလှ၍ ပိုမြိုင်သွား၏။ ကျွန်တော်ကတော့ အများ လိုလားပြီး၊ အတော်အတန်ပုဂ္ဂိုလ်လက်ရှောင် တတ်ကြသည့် မြန်မာ့ဒီမိုကရေစီနေ့ ပြဋ္ဌာန်းဖြစ် ပေါ်စေဖို့ ၂၀၀၈ ခြေဥကိစ္စတို့ကို ဖတ်မှတ်ဖူးသမျှ ပြန်မျှဝေခဲ့၏။ ကိုယ့်ဂျာနယ်၌ ပါရှိသောကိုယ့် ကဗျာကိုရွတ်ဖတ်ပြတာတော့ ပဓာနပေါ့လေ။

ပြည်သူ့ဘက်တော်သား ကလောင်ရှင် အနေအားဖြင့် ဘယ်ပါတီမှ မဝင်၊ ဘယ်ဘယ်ကိုမှ မပါ၊ ကြားတည့်တည့်မှ သိသင့်သိအပ် ဗဟုသုတများကို ပြန် (share) ရှဲလုပ်ရာတွင် မကြိုက်သူရှိ၊ ကြိုက်သူရှိပါမည်။ မကြိုက်သူတို့က ပျော့ပျော့နှင့် နံသည့် ကြောင်/ခွေးချေးဟု မေတ္တာပို့ကြလိမ့်မည်။ ကြိုက်သူတို့ကတော့မူ တို့တွေ မထိရဲတာ မင်းကိုင်ရဲ ပြောရဲတယ်။ နိုင်ငံရေး ဝါသနာမပါ၊ မလုပ်ပါလို့ ပလ္လင်စကားခံထားပေမယ့် နိုင်ငံရေးစကားတွေချည်းပဲဟု ချီးမွမ်းကြောက်ကန် ကျောက်ကန်ကြ၏။ ကျွန်တော်ကတော့ စိတ်ဖြူအူစင်း လိပ်ပြာသန့်၍ မရှုံ့လှသော်လည်း၊ သိပ်လုပ်မနေနဲ့ ဆွဲသွားဦးမယ်ဟု အားပေးသူ အတန်းဖော်ကြောင့်ကြောက်ရလန့်ရမည့်ကိန်း ဆိုက်တော့၏။ သို့နှင့် နိုင်ငံ့အရေးပါဟာဟူ၍ လေသံပျော့ဖြင့် စေတနာစကား အောက်မြစ်တစ်စက် တိုးထောက်လိုက်ရုံမှ လွဲ၍။

အခမ်းအနားမှ အပြန်၊ အောင်မြေဘုံစံကျောင်း၌ အဖွဲ့သားတို့ ဝါဆိုသင်္ကန်းကပ် အသက်ပေးသွားခဲ့ရှာသူတို့အား အမျှဝေ၊ ဘုန်းကြီး စွန့်ကြဲတာ ပျော်ပျော်ကြီး စုဝေး စားကြ၏။ စုပေါင်းအမှတ်တရ သစ်ပင်စိုက်ကြမည်က နောက်တစ်ရက် မနက်တဲ့။ ဟိုပုံးမြို့သို့တောင်ကြီးမှအထွက် ကိုးနဝင်းတောင် ဝန်းကျင်မှာ ၈၈ ပင်ပါတဲ့။ ကျွန်တော်ကတော့ ကိုယ့်အိမ်ဝင်းတွင် ရှစ်ပင်စိုက်ပါ၏။ အဓိက ဥသျှစ်ပင်။ ပြီးတော့ ရေသဖန်း၊ ထောပတ်၊ စိန်တစ်လုံး၊ ရင်ကွဲ၊ မချစ်စု စသည်ပေါ့။ အစား သိပ်ပြီးမမက်လှ။ သီးပင်၊ စားပင် ချည်းသာ။ တစ်ပင်မှ မခုတ်ခဲ့ဖူး၍ ကျေနပ်မိ။

□

## “ တိုင်းပြည်အကျိုး စဉ်သယ်ပိုး ”

မဏ္ဍိုင်လေးရပ်၊ နောက်ဆုံးကပ်၍
မပြတ်ပေါင်းကူး၊ နှစ်ဦးနှစ်ဖက်၊ အခက်မတွေ့
ဆင်ပြေမွေ့အောင်၊ ဝလေ့ဆောင်ရှာ၊ မီဒီယာဟု
လွန်စွာကြိုးပမ်း၊ ပရလမ်းစဉ်၊ ပန်းလျှင်ပွင့်ရေး
မွေးကြူရေးတွက်၊ မင်းရေးမင်းရာ၊ စိုးရမှာလည်း
ကြည်သာခွင့်ပြု လိုအပ်မှု။

ရတုရာသီ၊ ငါးနှစ်မည်သား
လုပ်ရည်ကိုင်ရေး၊ ဖြောင့်ဖြူးရေးမှာ၊ ကိုယ်ရေးကိုယ်
များတွက်ရှယ်၍၊ သွယ်သွယ်ကောင်းရေး၊ ဆောင်ရွက်ပေးမှ
အလေးတယူ၊ ကြည်ဖြူပြည်သား၊ မေတ္တာထွားမည်
သွားရာလမ်းကြောင်း၊ မတိမ်းစောင်းဘဲ၊ ကောင်းလမ်းစဉ်ထူး
မှန်ဦး ဒီမို ထွန်းလင်းပို။ ။

□ မင်းသန့်ဦး(တောင်ကြီး)

## ➢ စာမျက်နှာ(၂၈) အိန္ဒိယဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၇၀ မှ အဆက်

ယားဒေသ စရင်နဂါးမြို့တွင် ညမထွက်ရ အမိန့်ချမှတ်ထားသည်။

ဟိန္ဒူဘာသာဝင် လူမျိုးစု ကြီးစိုးသော အိန္ဒိယအစိုးရဘက်မှ အာဏာပိုင်များသည် ကတ်ရှ်မီးယား ဒေသအား လုံးဝ ပိတ်ဆို့ထားသည်။ ယင်းတို့အနေဖြင့် မွတ်စလင်ဘာသာဝင်များအား လိုလားမှု မရှိကြောင်းကို ထုတ်ဖော်ပြသသည့် သဘောမျိုးဖြစ်သည်။ ကိုးကွယ်သည့် ဘာသာနှင့် သီးခြားကွဲပြားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတို့အရ ကတ်ရှ်မီးယားဒေသကို နှစ်ပိုင်းခွဲခြားထားခြင်း ဖြစ်သည်။ ဟိန္ဒူဘာသာဝင်အစိုးရအဖွဲ့က ထိုဒေသတွင် လူဦးရေအနည်းအများအလိုက် မြေပုံအသစ် ပြန်လည်ရေးဆွဲနိုင်ရန် ဝိုင်းပြင်လျက်ရှိကြသည်။ လက်ရှိမြို့သည် ဗုဒ္ဓဘာသာဝင် အများဆုံးရှိရာ တိဘက်ဒေသနှင့် မိတ်ဖွဲ့ထားသည်။ ထိုဒေသကို ခွဲထွက်ရန် နှစ်ရှည်လများ တောင်းဆိုလာခဲ့ကြသည်။

တောင်တန်းများ ထူထပ်သည့် ဂျမ္မူးနှင့် ကတ်ရှ်မီးယား ဒေသများတွင် နယ်မြေအစိတ်အပိုင်း ၃ ခု ကွဲပြားသည်။ ယင်းတို့သည် ဟိန္ဒူများ ကြီးစိုးသည့် ဂျမ္မူးဒေသနယ်မြေ၊ မွတ်စလင်ကြီးစိုးရာ ကတ်ရှ်မီးယား ဒေသနယ်မြေနှင့် ဗုဒ္ဓဘာသာ ကြီးစိုးရာ ဂျမ္မူးနှင့် ကတ်ရှ်မီးယားဒေသများကို အဆက်အသွယ် ဖြတ်တောက်လိုက်သည်။

ယခင် နှစ်များက ကာဂီးဥပဒေပြု အမတ်အက်စ်ဂါအလီကာကလည်း အိန္ဒိယအစိုးရအား အပြစ်တင် ဝေဖန်ခဲ့သည်။ ဒေသတစ်ခုလုံးအား နှစ်ပိုင်းခွဲခြားရခြင်းသည် ကောင်းသလောဟု မကျေမနပ် ဖြစ်နေခဲ့သည်။ ထိုရက်နေ့သည် အိန္ဒိယနိုင်ငံအတွက် အမည်းစက်ထင်ရသည့်နေ့ဖြစ်သည်ဟု ပြောကာ ဆုံးဖြတ်ချက်အား လုံးဝလက်မခံခဲ့ပေ။ ကက်ရှ်မီးယားဒေသခံများကလည်း လက်မခံကြချေ။

၁၉၉၉ ခုနှစ်က အိန္ဒိယပါကစ္စတန်စစ်ဖြစ်စဉ် ကတည်းကပင် ကာဂီးသည် တောင်စောင်းနံရံများပေါ်တွင် နေထိုင်လာခဲ့သည်မှာ ယခုတိုင်ဖြစ်သည်။ ထိုမြို့သည် တစ်ချိန်တစ်ခါက ကူးသန်းရောင်းဝယ်ရေး၌ အရေးပါပြီး အာရှတိုက်ကုန်သွယ်ရေး၏ အဓိက စခန်းချရာဒေသကြီး တစ်ခုဖြစ်ခဲ့သည်။ အာရှ၏ နယ်စပ်ကုန်သွယ်ရေးဌာနလည်း ဖြစ်သည်။

ကာဂီးတွင် အတိုက်အခံများ ရှိလင့်ကစား လာဒက်စ်ရွေးကောက်ခံ အမတ်များက အိန္ဒိယပါလီမန်တွင် ၎င်းတို့၏ ဆန္ဒသဘောထားကို ထုတ်ဖော်တင်ပြကြသည်။ အောက်လွှတ်တော်တွင် (၁၃–၈–၂၀၁၉)ရက်နေ့က ပြောကြားရာ၌ လာဒ်ကစ်ဒေသသည် အိန္ဒိယမှ ခွဲခြား၍မရသည့် နယ်မြေတစ်ခုဖြစ်သည်ဟု တင်သွင်းခဲ့သည်။ တွစ်တာတွင် အိန္ဒိယဝန်ကြီးချုပ် မိုးဒီကလာဒက်စ်ရှ်ညီအစ်ကို မောင်နှမများကို ချစ်ခင်လေးစားပါကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ကာဂီးတွင် နေထိုင်ကြသော ပြည်သူလူထုများသည် ကတ်ရှ်မီးယားဒေသကို သံယောဇဉ်ရှိကြောင်း ထုတ်ဖော်ပြောဆိုသည်။

“ကျွန်တော်တို့ရဲ့ စီးပွားလုပ်ငန်းအကွက်တွေ အန္တရာယ်ရှိလာပြီထင်တယ်။ အခုအချိန်ဆိုရင် အိန္ဒိယကလူတွေ ဒီကိုလာပြီး အခြေချနေထိုင်နေကြပြီ။ ကျွန်တော်တို့ လုပ်ငန်းတွေကို သူတို့က လုပ်နေကြပြီ အိန္ဒိယက ကျွန်တော်တို့ရဲ့ ဒီဒေသကို သိမ်းပိုက်ခြင်း မပြုမီ ဒေသခံတွေဖြစ်တဲ့ ကျွန်တော်တို့ကို အသိပေးဆွေးနွေးမှုတွေ မလုပ်ခဲ့ကြဘူး”ဟု ရှူလစ်မူစတာဖာက ထုတ်ဖော်ပြောဆိုခဲ့သည်။

အိန္ဒိယအစိုးရသည် ကတ်ရှ်မီးယားဒေသတွင် အဆက်အသွယ် ပြတ်တောက်စေမည့် ဖုန်းလိုင်းများ Internet များကို ဖြေလျော့ပေးသည့်အနေဖြင့် (၁၆–၈–၂၀၁၉)ရက်နေ့တွင် ပြန်၍ ဖွင့်လှစ်ပေးခဲ့သည်။ □

VOLUME.5, ISSUE 34 THURSDAY, AUGUST 29, 2019
ကမ္ဘာဇာတိုင်း

# အိန္ဒိယ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၇၀

■ စိုင်းကွမ်းမိုင်း




အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ကတ်ရှ်မီးယား ဒေသဆိုင်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၇၀ ကား ဖျက်သိမ်းရန် သမ္မတရုံးတော် အမိန့်ကို စောလျင်စွာ ထုတ်ပြန်ခဲ့သည်။ အိန္ဒိယမှ ပါကစ္စတန် ခွဲထွက်သည့် ၁၉၄၇ ခုနှစ်မှ စတင်၍ ဖြစ်တည်ခဲ့သည့် အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံကြား တင်းမာမှုများ၏ အဓိက အချက်သည် ပုဒ်မ ၃၇၀ ဖြစ်သည်။ ကတ်ရှ်မီးယား ပြည်နယ်ပြင်ပရှိ အိန္ဒိယနိုင်ငံသားများကို ထိုဒေသအတွင်းတွင် စီးပွားရေးကဏ္ဍ၌ အမြဲတစေရရှိနိုင်မည့် လုပ်ငန်းများ ပြုခြင်းမရစေရေးအတွက် ဥပဒေပုဒ်မ ၃၇၀ က တားမြစ်ထားသည်။ ဟိမဝန္တာရပ်ဝန်းဒေသဟု သိရှိထားသည့် ကတ်ရှ်မီးယားပြည်နယ်အတွင်း အိန္ဒိယအုပ်ချုပ်သည့် ဒေသတွင် သံတမန်ရေးရာအရ ဖိအားပေးမှုများ ဖြစ်စေရန် ထို ၃၇၀ က တစ်စိတ်တစ်ဒေသ ဖန်တီးပေးခဲ့သည်။ သို့သော်လည်း ပုဒ်မ ၃၇၀ အား ဖျက်သိမ်းရန် ဝန်ကြီးချုပ် မိုဒီက စောလျင်စွာ ဆုံးဖြတ်လိုက်ခြင်းကြောင့် အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံကြား၌ စစ်ပွဲဖြစ်ပေါ်လာမည့် အလားအလာ တိုးမြှင့်လာသည်ဟု ကုမေးလ် ဂျက်ဖာ၏ (၅–၈–၂၀၁၉)ရက်နေ့ အင်တာနက် ဆောင်းပါးတွင် သုံးသပ်ထားသည်။

ဂျာမူးနှင့် ကတ်ရှ်မီးယား ဒေသကို အထူး ကိုယ်ပိုင်အုပ်ချုပ်ရေး အပ်နှင်ခြင်းကို ယာယီ ဆုံးဖြတ်ချက်တစ်ရပ် အနေဖြင့် အိန္ဒိယဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပုဒ်မ ၃၇၀ အဖြစ်ထည့်သွင်းထားခြင်း ဖြစ်သည်။ ၁၉၄၉ ခုနှစ်အတွင်း နှစ်ဖက်ညှိနှိုင်းမှုများအရ မွတ်စလင်ဘာသာဝင် အများစု နေထိုင်ရာ ထိုဒေသတွင် ဒေသပြင်ပ၌ နေထိုင်သည့် အိန္ဒိယနိုင်ငံသားများ အမြဲတမ်း အခြေချနေထိုင်ခွင့်၊ မြေယာဝယ်ယူပိုင်ဆိုင်ခွင့် မရှိသည့် ပြင်ပဒေသ အစိုးရအဖွဲ့၏ ဝန်ထမ်းအဖြစ်လည်း လုပ်ဆောင်ခွင့် မရခဲ့ပေ။

၂၀၁၉ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်အတွင်းတွင် ကတ်ရှ်မီးယား ဒေသရှိ အိန္ဒိယတပ်ဖွဲ့ဝင် ၃၅၀၀၀ ကို အင်အားဖြည့်တင်းရန် အတွက် ထပ်မံ၍ အင်အား ၈၀၀၀ တိုးချဲ့ကာဖြည့်စွက်ထားသည်ဟု အိန္ဒိယပြည်ထဲရေးဝန်ကြီး အမ်ပစ်ရှားက ကြေညာထားသည်။ အိန္ဒိယနိုင်ငံကြီးနှင့် ပေါင်းစည်းထားသည့် ဒေသအဆင့်သို့ မြှင့်တင်ပေးနိုင်ရန် လာဒက်စ်ဒေသခံပြည်သူများက တောင်းဆိုလာခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဟူ၍လည်း ထည့်သွင်းပြောဆိုခဲ့သည်။ ပြည်တွင်းလုံခြုံရေး အခြေအနေများနှင့် နယ်စပ်ဖြတ်ကျော်လှုပ်ရှားနေသည့် အကြမ်းဖက်ဝါဒတို့ကို သုံးသပ်ပြီး ဂျာမူးနှင့် ကတ်ရှ်မီးယားဒေသတို့ကို ပြည်မကြီးနှင့် ပေါင်းစည်းထားသည့် သီးခြားနယ်မြေတစ်ခုအဖြစ် ဖန်တီးသည်ဟု ဆိုသည်။ ထို ဆုံးဖြတ်ချက်ကြောင့် ဂျာမူးနှင့် ကတ်ရှ်မီးယားဒေသများအတွင်း ဟိန္ဒူ–မွတ်စလင်ဘာသာကွဲ အုပ်စု ၂ ခုကြား၌ ဆက်ဆံရေးများ တင်းမာလာကာ ဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မှုများလည်း ဆုံးရှုံးရမှုအပေါ် ဝမ်းနည်းပူဆွေးကာ သောကများ စိုးရိမ်မှုများ တိုးပွားလာနိုင်သည်ဟု ဝေဖန်သုံးသပ်ထားသည်။

ဂျာမူးနှင့် ကတ်ရှ်မီးယားလူထု ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဖြစ်သူ မာဘူးဘာမပ်ဖီကလည်း အထက်ပါ ဆုံးဖြတ်ချက်ချသည့် နေ့ရက်သည် အိန္ဒိယဒီမိုကရေစီ အသိုက်အဝန်းအတွက် အမိုက်မှောင်ဆုံး နေ့ရက်တစ်ရက် ဖြစ်ကြောင်း အိန္ဒိယ အစိုးရအဖွဲ့၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်ဖြင့် ပုဒ်မ ၂၇၀ အား ဖျက်သိမ်းခြင်းသည် တရားမဲ့ လုပ်ရပ်ဖြစ်သည့်ပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်လည်း ကိုက်ညီမှု မရှိချေ။ ထိုလုပ်ရပ်ကြောင့် အိန္ဒိယသည် အတင်းအကြပ် သိမ်းပိုက်သည့် အာဏာရှင်တပ် ဖြစ်သွားလိမ့်မည်ဟုလည်း မစ္စတာမာဘူးဘာမပ်ဖီက ဆက်လက်ပြောကြားခဲ့သည်။

ဂျာမူးနှင့် ကတ်ရှ်မီးယား ဒေသကို အထူး ကိုယ်ပိုင်အုပ်ချုပ်ရေး အပ်နှင်ခြင်းကို ယာယီ ဆုံးဖြတ်ချက်တစ်ရပ် အနေဖြင့် အိန္ဒိယ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပုဒ်မ ၃၇၀ အဖြစ် ထည့်သွင်းထားခြင်း ဖြစ်သည်။ ၁၉၄၉ ခုနှစ်အတွင်း နှစ်ဖက်ညှိနှိုင်းမှုများအရ မွတ်စလင်ဘာသာဝင် အများစု နေထိုင်ရာ ထိုဒေသတွင် ဒေသ ပြင်ပ၌ နေထိုင်သည့် အိန္ဒိယနိုင်ငံသားများ အမြဲတမ်း အခြေချ နေထိုင်ခွင့်၊ မြေယာဝယ်ယူပိုင်ဆိုင်ခွင့် မရှိသည့် ပြင်ပဒေသ အစိုးရအဖွဲ့၏ ဝန်ထမ်းအဖြစ်လည်း လုပ်ဆောင်ခွင့် မရခဲ့ပေ။

အိန္ဒိယတိုက်ငယ်တွင် ဘေးကပ်ဆိုးဆိုက်ရောက်သကဲ့သို့ ဆိုးဝါးသည့် အကျိုးဆက်များ ဖြစ်နိုင်ကြောင်း၊ ဂျာမူးနှင့် ကတ်ရှ်မီးယားဒေသခံများကို ကြောက်လန့်ခြောက်ခြားရန် ပြုလုပ်သည့် နည်းလမ်းဖြင့် နယ်မြေသိမ်းပိုက်လိုသည်။ အိန္ဒိယအစိုးရအဖွဲ့၏ ရည်ရွယ်ချက်သည် လွန်စွာထင်ရှားသိသာလှကြောင်း ကတ်ရှ်မီးယားဒေသအတွက် အိန္ဒိယအစိုးရမှ ပေးထားသည့် ကတိကဝတ်များ ပျက်ကွယ်သွားပြီဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ် မိုဒီအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကြောင့် ဒေသတွင်းတွင် တည်ငြိမ်မှုများ ပျက်ပြားကာ ဆူပူမှု အဓိကရိုဏ်းများ ချက်ချင်းပေါ်ပေါက်လာနိုင်သည်ဟူ၍လည်း အချို့သော နိုင်ငံရေး ခေါင်းဆောင်များက အရိပ်အမြွက် ပြောဆိုလာကြသည်။ ကတ်ရှ်မီးယား အမျိုးသားရေး ဆွေးနွေးပွဲဆိုင်ရာ ခေါင်းဆောင်အိုမာအက်ဗဒူလာကလည်း မိမိတို့ပြည်နယ်တွင် မည်သို့ပြောင်းလဲလာမည်ကို မသိနိုင်သော်လည်း အခြေအနေသည်ကောင်းမွန်နေရာမှ ဆိုးရွားသွားနိုင်ကြောင်း သုံးသပ်ထားသည်။

ပြည်နယ်သားများသည် အပြောင်းအလဲများကြောင့် စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်ဖြစ်ကြသော်လည်း ဥပဒေမဲ့ လုပ်ရပ်များ ပြုလုပ်ခြင်း မပြုရန်နှင့် တည်ငြိမ်အေးချမ်းစွာဖြင့်သာ ရင်ဆိုင်ကြရန် မေတ္တာရပ်ခံခဲ့သည်။ နိုင်ငံရေးသမားနှစ်ဦးကို အိမ်တွင်းအကျယ်ချုပ် ချထားသောကြောင့် အိန္ဒိယအစိုးရ၏ ဆုံးဖြတ်ချက်အပေါ် ဆန့်ကျင်သည်များကို နှိမ်နင်းမည့် အလားအလာ ပိုမိုမြင့်တက်လာသောကြောင့် စိုးရိမ်ပူပန်မှုများ ပိုမိုကြီးထွားလာခဲ့သည်။

ကတ်ရှ်မီးယားပြဿနာအတွက် ကူညီထောက်ပံ့မှု ရရှိရန် အမေရိကန်သမ္မတထရမ့်နှင့် မကြာသေးမီက တွေ့ဆုံခဲ့သည်။ ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းထံမှ ဒေသတကြီးတုံ့ပြန်မှုများ ပေါ်ထွက်လာရန် အလားအလာများ ရှိသည်။ သို့သော်လည်း ပုဒ်မ ၃၇၀ ဖျက်သိမ်းခြင်းကို ထောက်ခံသူများက ယခု ဆုံးဖြတ်ချက်သည် ကတ်ရှ်မီးယားနှင့် အိန္ဒိယပေါင်းစည်းရေးအတွက် လွန်စွာအရေးပါသည်ဟု ရှုမြင်ကြသည်။ အာဏာရပါတီ BJP ခေါင်းဆောင်ကလည်း အစိုးရ၏ ဆုံးဖြတ်ချက်သည် အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် မှတ်တိုင်တစ်ခု ဖြစ်လာမည်ဟု ဆိုသည်။ ထိုဆုံးဖြတ်ချက် ချနိုင်သည့်နေ့သည် အောင်ပွဲရသည့် နေ့ရက် တစ်ရက်ဖြစ်ကြောင်း နှစ်ပေါင်း ၇၀ ဆယ်ကျော်ကြာ ရှိခဲ့သည်။ အိန္ဒိယနိုင်ငံသားများ၏ ဆန္ဒအတိုင်း ကတ်ရှ်မီးယားဒေသနှင့် ပေါင်းစည်း နိုင်ခဲ့ပြီ ဖြစ်ကြောင်း ချီးကျူးပြောဆိုနေကြသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့က ကတ်ရှ်မီးယား ပြည်နယ်အား နှစ်ပိုင်းခွဲ အုပ်ချုပ်နေကြရာတွင် ၁၉၄၇ ခုနှစ်၊ ၁၉၆၅ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့တွင်ဖြစ်ပွားခဲ့သည်။ အိန္ဒိယပါကစ္စတန် စစ်ပွဲများ၌ ကတ်ရှ်မီးယားဒေသသည် စစ်မီးမွှေးရာဒေသဖြစ်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှစ၍ ကတ်ရှ်မီးယားဒေသတွင်း အိန္ဒိယအစိုးရအား ဆန့်ကျင်ဆန္ဒပြမှုများကြောင့် သေဆုံးခဲ့ရသူ ၇၀၀၀၀ ကျော် ရှိခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် အကြမ်းဖက်သမားများက အိန္ဒိယတပ်ဖွဲ့ဝင် ၄၀ အား သတ်ဖြတ်သည့် ပါလာဝါနာဒေသတိုက်ခိုက်မှုသည် နှစ်နိုင်ငံကြား တင်းမာမှုတစ်ခုဖြစ်လာသည်။ ထိုတိုက်ခိုက်မှုကြောင့် ပါကစ္စတန်ကို အိန္ဒိယဘက်မှ ပြစ်တင်ဝေဖန်ခဲ့ပြီး နိုင်ငံတကာ အသိုက်အဝန်းမှ ပါကစ္စတန် ဖယ်ကြဉ်ထားမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အိန္ဒိယနယ်စပ် အိန္ဒိယအုပ်ချုပ်သည့် ကတ်ရှ်မီး

စာမျက်နှာ (၂၅) သို့ >>>

## ➢ စာမျက်နှာ(၃၁) ခင်ဥမ္မာမြင့်နှင့် ဆက်သွယ် မေးမြန်းခြင်း မှ အဆက်

တော့ ရင်းနှီးတဲ့ သူငယ်ချင်းတွေ အရမ်းကို အားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ကမ္ဘောဇတိုင်း။** လေးစားအားကျရတဲ့ အနုပညာရှင်တွေရှိရင် ဘယ်သူတွေလဲဆိုတာ ပြောပြပေးပါဦး။

**ခင်ဥမ္မာမြင့်၊** တစ်ယောက်ထဲတော့ မထင်ပါဘူး။ အကုန်လုံးပါပဲ။ တချို့ အနုပညာရှင်တွေဆိုရင် မျိုးရိုးထဲမှာ အနုပညာသည်မရှိဘဲ ကိုယ့်ဒူး ကိုယ်ချွန်ပြီး အောင်မြင်နေတဲ့ သူတွေလည်း အများကြီး တွေ့ရတယ်။ အကုန်လုံးကို သဘောကျပါတယ်။

**ကမ္ဘောဇတိုင်း။** ပြိုင်ပွဲကို ဘယ်မြို့နယ် ကိုယ်စားပြုအနေနဲ့ ဝင်ပြိုင်ဖြစ်ခဲ့တာပါလဲ။

**ခင်ဥမ္မာမြင့်၊** လူရွေးပွဲက တောင်ကြီးမှာ လုပ်တာပါ။ အောင်ပန်းတွေ၊ ကလောတွေ ခွဲပြီးမပြိုင်ဘူး။

**ကမ္ဘောဇတိုင်း။** တိုင်းရင်းသူတစ်ယောက်ဖြစ်တဲ့အတွက် ပြိုင်ပွဲမှာ ဘယ်လိုအခက်အခဲတွေ ရှိခဲ့ပါသလဲ။

**ခင်ဥမ္မာမြင့်။** ရှိခဲ့ပါတယ်။ ညီမက ဓနုလို့ ပြောလိုက်တော့ သိတဲ့သူ နည်းတယ်။ ရှမ်းလို့ပဲ ပြောရတယ်။ ညီမ မိဘတွေကလည်း အရမ်းချမ်းသာတဲ့သူ မဟုတ်တဲ့အတွက် အရမ်းကြီး မထောက်ပံ့နိုင်ခဲ့ဘူး။ ကိုယ့်ဒူး ကိုယ်ချွန်ပြီးတော့ ကိုယ့်စီးပွားရေး ကိုယ်ရှာပြီး ကိုယ့်ဟာကိုယ် လာပြိုင်ရတဲ့အတွက် နည်းနည်းတော့ ခက်ခဲတယ်။ ညီမက တိုင်းရင်းသားဆိုတော့ စကားက ဝဲပြီး အရမ်းမြန်တယ်။ အခုတော့ နည်းနည်း အဆင်ပြေပါတယ်။ အပြောနည်းနည်း မပီတာ နည်းနည်းလျှော့လိုက်တာပေါ့။

**ကမ္ဘောဇတိုင်း။** ရှမ်းပြည်နယ်ရဲ့ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။

**ခင်ဥမ္မာမြင့်။** ရှမ်းပြည်နယ်က မြန်မာနိုင်ငံမှာ အကြီးဆုံးလည်း ဖြစ်သလို အဖွဲ့အစည်းလည်း များတယ်။ ပဋိပက္ခတွေ ရှိတယ်။ ဒါပေမဲ့ ထိန်းချုပ်နိုင်တယ်လို့ ညီမ မြင်တယ်။ နိုင်ငံရေးကတော့ သိပ်မပြောတတ်ပါဘူး။

**ကမ္ဘောဇတိုင်း။** Miss လောကထဲကို ခြေစလှမ်းတဲ့ အကြောင်းလေးကို ပြောပေးပါဦး။

**ခင်ဥမ္မာမြင့်။** ညီမက အောင်ပန်းကဆိုတော့ နယ်ပွဲတွေပဲ ပြိုင်ဖြစ်တာပါ။ ၁၀ တန်းအောင်ပြီး တက္ကသိုလ် တက်တဲ့အချိန်မှာ ပြိုင်ပွဲတွေ ဝင်ပြိုင်ဖြစ်ပါတယ်။ Model သင်တန်းတွေလည်း တက်ဖြစ်တယ်။ ဒီနှစ် ဇန်နဝါရီလထဲမှာ Miss Ethnic Myanmar ပြိုင်ပွဲမှာ ဓနုကိုယ်စားပြု အနေနဲ့ ပြိုင်ဖြစ်ခဲ့ပါတယ်။ ပြိုင်ဖြစ်တဲ့အချိန်မှာ Top 10 ရတယ်။ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ပေါ့။ ကိုယ် ရည်ရွယ်ထားတာကလည်း ဒီလမ်းပဲဆိုပြီး လျှောက်ဖြစ်ခဲ့တာပါ။

**ကမ္ဘောဇတိုင်း။** ဘာများ ဖြည့်စွက်ပြောကြားလိုပါသေးလဲ။

**ခင်ဥမ္မာမြင့်၊** ကမ္ဘောဇတိုင်း စာဖတ်ပရိသတ်တွေ၊ ရှမ်းပြည်နယ်အတွင်းက ပြည်သူတွေ၊ မြန်မာပြည် တစ်ဝန်းက ပြည်သူတွေအားလုံး အေးချမ်းသာယာကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

Miss Myanmar International 2019 Winner ဆုရှင် ခင်ဥမ္မာမြင့်သည် ဩဂုတ်လ ၁၉ ရက်က ရှမ်းပြည်နယ် တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့ရှိ မြဟ္မဂူပရဟိတစာသင်တိုက်မှ ကျောင်းသား/ ကျောင်းသူများအတွက် အလှူငွေနှင့် အခြား လိုအပ်သည်များကို သွားရောက် ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

❐

## ➢ စာမျက်နှာ(၂၃) ဂရင်းလန်း ဈေးမလား မှ အဆက်

မတ်များမှာ ဈေးနှုန်းကို သဘောတူရန် နောက်တွန့်သွားခဲ့သည်။ တစ်ဖန် ၁၉၀၀ တွင် US က ဒေါ်လာ ၅ သန်းနှင့် ဝယ်ယူရန် သဘောတူခဲ့ပြန်သည်။ သို့သော်လည်း သည်တစ်ခါတွင်ကား ဒိန်းမတ် ပါလီမန်က ငြင်းဆန်ခဲ့သည်။ နောက်ဆုံးပထမ ကမ္ဘာစစ်၏ ဖိအားအောက် ၁၉၁၇ တွင် အရောင်းအဝယ်ကိစ္စ ပြီးပြတ်သွားပြီ US က ကျွန်းများကို ဒေါ်လာ ၂၅ သန်းနှင့် ဝယ်ဖြစ်လိုက်သည်။




**အမေရိကန်တို့ ဝယ်ယူခဲ့သော နယ်မြေအချို့တွင် အမြတ် ရရှိမှုကို အလတ်စကားတွင် တွေ့မြင်နိုင်ပေသည်။ ၁၈၆၇ ခုနှစ်က ရုရှားထံမှ ဝယ်ယူ ရရှိခဲ့သော အလတ်စကားတွင် အမေရိကန်နိုင်ငံ၌ အများဆုံး ထွက်ရှိသည်ဟု ဆိုနိုင်သော ရေနံမြေကို ရရှိခဲ့ရာ နှစ်ပေါင်း ၄၀ ကြာအောင် ထုတ်ယူ သုံးစွဲနိုင်ခဲ့ပေသည်။**

အမေရိကန်က အလတ်စကားအား ၁၈၆၇ ခုတွင် ဒေါ်လာ ၇ ဒသမ ၂ သန်းနှင့် ရုရှားထံမှ ဝယ်ယူခဲ့သည်။ ၁၈၀၃ တွင် ပြင်သစ်ထံမှ အမေရိက အလယ်ပိုင်းနယ်မြေများကို ဒေါ်လာ ၁၅ သန်းနှင့်လည်းကောင်း ၁၈၅၄ တွင် တပ်စန်၊ အရီဇိုးနားနှင့် ပတ်ဝန်းကျင်နယ်မြေအချို့ကို ဒေါ်လာ ၁၀ သန်းနှင့်လည်းကောင်း ဝယ်ယူခဲ့ဖူးသည်။

အမေရိကန်တို့ ဝယ်ယူခဲ့သော နယ်မြေအချို့တွင် အမြတ် ရရှိမှုကို အလတ်စကားတွင် တွေ့မြင်နိုင်ပေသည်။ ၁၈၆၇ ခုနှစ်က ရုရှားထံမှ ဝယ်ယူရရှိခဲ့သော အလတ်စကားတွင် အမေရိကန်နိုင်ငံ၌ အများဆုံး ထွက်ရှိသည်ဟု ဆိုနိုင်သော ရေနံမြေကို ရရှိခဲ့ရာ နှစ်ပေါင်း ၄၀ ကြာအောင် ထုတ်ယူသုံးစွဲနိုင်ခဲ့ပေသည်။

ဂရင်းလန်းကျွန်းသည်လည်း ကြေး၊ သံ၊ သွပ်၊ စိန်၊ ရွှေ၊ ရှားပါးသတ္တု၊ မြေ၊ ယူရေးနီးယမ်းနှင့် ရေနံတို့ ပေါများကြွယ်ဝသည် ဟူသော ယူဆချက်များ ရှိပေသည်။ ယခင်က ရေခဲထုကြောင့် ထုတ်ယူခြင်း မပြုနိုင်သော်လည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲများအရည်ပျော်လာလျက်ရှိရာ အဖိုးတန်သတ္တုများအား ထုတ်ယူနိုင်မည့် အချိန်ကာလရောက်လာတော့မည့် အလားအလာ ရှိနေပေသည်။ သို့ကြောင့် အမေရိကန် သမ္မတအနေနှင့် ဤကဲ့သို့သော အလားအလာကိုမြင်၍ ဝယ်ယူရန် စိတ်ဝင်စားခြင်းဖြစ်ချင်ဖြစ်ပေမည်။

ဂရင်းလန်းကျွန်းကို စိတ်ဝင်စားသူမှာ အမေရိကန်တစ်ဦးတည်း မဟုတ်ပေ။ တရုတ်နိုင်ငံကပါ ၎င်း၏ အရေးပါသော နေရာနှင့် စီးပွားရေးအလားအလာကြောင့် စိတ်ဝင်စားမှုရှိပြီး ကမ်းလှမ်းချက်များ ပြုလုပ်ခဲ့ပေသည်။ တရုတ်အစိုးရ ထောက်ခံအားပေးမှု ရရှိသော တရုတ်ကုမ္ပဏီတစ်ခုက ယခင်နှစ်တွင် ဂရင်းလန်းကျွန်း၌ နိုင်ငံတကာလေဆိပ် ၃ ခု တည်ဆောက်ခွင့်ရရေးအတွက်လည်းကောင်း၊ အသုံးမပြုတော့သော ရေတပ်အခြေစိုက် စခန်းကို ရောင်းချပေးရေးအတွက်လည်းကောင်း ကမ်းလှမ်းမှုများ ရှိခဲ့ပေသည်။ သို့သော်လည်း အမေရိကန်နှင့် ရှိခဲ့ပြီးသော ဆက်ဆံရေးကို ထောက်ထားပြီး တရုတ်တို့ထံ တည်ဆောက်ခွင့်နှင့် ဝယ်ယူခွင့် မပေးခဲ့ပေ။

ဤကဲ့သို့ တရုတ်တို့၏ စိတ်ဝင်စားလာမှု၊ ရယူလိုမှုတို့ကလည်း ထရမ့်၏ ဂရင်းလန်းအပေါ် စိတ်ဝင်စားမှုကို တွန်းအားပေးခဲ့ခြင်း ဖြစ်ချင်ဖြစ်ပေမည်။ သို့သော်လည်း ဒိန်းမတ်နှင့် ဂရင်းလန်းသားတို့၏ လတ်တလော တုံ့ပြန်ချက်ကြောင့် မည်သည့်ပြောင်းလဲမှုမျိုးမှ ဖြစ်ပေါ်စေမည်မဟုတ်ပေ။

ဒိန်းမတ်ပါလီမန် အမတ်တစ်ဦးက သူ၏ တွစ်တာစာမျက်နှာတွင် ဖြစ်လာမှာ မဟုတ်တဲ့ အရာတွေထဲမှာ ဒါဟာ မဖြစ်နိုင်ဆုံး အရာပဲဟု ရေးသားခဲ့သည်။

ခရီးသွားကုမ္ပဏီတစ်ခုကလည်း ဂရင်းလန်းဟာ တွင်းထွက်သတ္တုလိုမျိုး အဖိုးတန်အရင်းအမြစ်တွေ၊ အသန့်စင်ဆုံး ရေနဲ့ ရေခဲတွေ၊ ငါးတွေ ပင်လယ်စာတွေ၊ ပြန်လည်ဖြည့်ဆည်းပေးနိုင်တဲ့ စွမ်းအင်တွေနဲ့ ကြွယ်ဝပြီး စွန့်စားရတဲ့ သဘာဝခရီးသွား လုပ်ငန်းတွေအတွက် တံခါးဖွင့် ကြိုဆိုနေပါတယ်။ ရောင်းဖို့တော့မဟုတ်ဘူးဟု တုံ့ပြန်ခဲ့သည်။

ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်စန်က ထရမ့်၏ စိတ်ဝင်စားမှုကို 'မဖြစ်နိုင်တဲ့အရာ' ဟု မှတ်ချက်ချပြီး ဂရင်းလန်းကျွန်းဟာ ဒိန်းမတ်မဟုတ်ဘူး။ ဂရင်းလန်းဟာ ဂရင်းလန်းသားတွေနဲ့ပဲ ဆိုင်တယ်။ ဒါဟာလေးလေးနက်နက် ပြောနေတာ မဟုတ်ဘူးလို့ဘဲ ကျွန်မတကယ် မျှော်လင့်ပါတယ်ဟု အသီးသီး တုံ့ပြန်ခဲ့ကြသည်။

❐

ကမ္ဘောဇတိုင်း
VOLUME.5, ISSUE. 34 THURSDAY, AUGUST 29, 2019

# ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်ဘေးရှောင်ဦးရေ ၂၅၀၀ နီးပါး ရှိနေ

စိုင်းရာဇာ

ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မြို့နယ်များအတွင်း၌ ဩဂုတ်လ ၁၅ ရက်မှ စတင်၍ ပြန်လည်ဖြစ်ပွားလာသည့် မြောက်ပိုင်းမဟာမိတ် တပ်ဖွဲ့များနှင့် အစိုးရတပ်တို့အကြား တစ်ကျော့ပြန် စစ်ပွဲများကြောင့် စစ်ဘေးရှောင်ဦးရေ ၂၅၀၀ နီးပါး ရှိလာနေပြီး ၎င်းတို့အနေဖြင့် စစ်ရေးပဋိပက္ခများ ငြိမ်သက်မည့်အချိန်ကို စောင့်ဆိုင်းနေလျက်ရှိကြောင်း သိရသည်။

''ဩဂုတ်လ ၂၄ ရက်ထိ စာရင်း ပြုစုထားတာကတော့ ၂၀၀၀ ကျော်ပဲ ရှိတော့တယ်။ အိမ်ထောင်စု တစ်စုကို ၁၀ မျိုးပါတဲ့ ပုံးတစ်ပုံး ထောက်ပံ့ပေးတယ်။ စားသောက်ကုန်အနေနဲ့ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ တခြားပစ္စည်းတွေပေါ့။ ဒါကတော့ ပုံမှန်ပေးတဲ့ဟာပါ။ ကွတ်ခိုင်ကတော့ ဆန်ပဲ ပို့ရသေးတယ်။ တခြားကျန်တာကတော့ သွားလာရေးကြောင့် မပို့ရသေးဘူး''ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ကမ္ဘောဇတိုင်းသို့ ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေးရှောင် စခန်းများ၏ စာရင်းမှာ လားရှိုးမြို့နယ် မန်ဆူရှမ်းကျောင်းတွင် စစ်ဘေးရှောင် ၂၇၁ ဦး၊ သိန္နီမြို့နယ်၊ နမ့်စလတ် ကက်သလစ်ခရစ်ယာန်ကျောင်းတွင် ၄၀၈ ဦး၊ ကွတ်ခိုင်မြို့နယ်၊ ခါနန် မူကြိုကျောင်း၊ တောင်တန်း သာသနာပြုကျောင်း၊ အမှတ် (၂) ရပ်ကွက်၊ မဟာစည်၊ ကာလိုင် ဘုရားရှိခိုးကျောင်း၊ မိဘမဲ့ဂေဟာ၊ မစိုးရိမ်၊ မန်ပြိန်းရွာဘုန်းကြီးကျောင်းတို့တွင် ၁၇၉၉ ဦး စုစုပေါင်း၂၄၇၈ ဦးရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အရပ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများက ဩဂုတ်လ



၂၁ ရက်တွင် တိုက်ပွဲများအတွင်း စစ်ရှောင်စခန်းများ၌ ရှိသည့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးငယ်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများအတွက် လိုအပ်သော လူမှုကူညီရေးပစ္စည်းများ လှူဒါန်းစေလိုကြောင်း ကြေညာချက် ထုတ်ပြန်ထားပြီး တိုက်ပွဲရက် ကြာလာပါက ဆန်နှင့် သောက်သုံးရေ လိုအပ်လာမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၅ ရက်မှ စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် လမ်းတံတားများ ပျက်စီးခြင်း၊ လူထု ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်း၊ ခရီးသည်နှင့် ကုန်တင်ယာဉ်များ ပိတ်မိနေခြင်း၊ ဒေသခံ ပြည်သူများ၏ အိုးအိမ်များ ပျက်စီးခြင်းများ ရှိနေသည့်အပြင် ကွတ်ခိုင်မြို့နယ်အတွင်း ပိတ်မိနေသည့် နိုင်ငံခြားသား ပညာရေးမြှင့်တင်ရေးအဖွဲ့ဝင် ၂၈ ဦးကို ဩဂုတ်လ ၂၂ ရက်က ရဟတ်ယာဉ်များဖြင့် ကယ်ထုတ်နိုင်ခဲ့သော်လည်း မူဆယ်၊ ကွတ်ခိုင်၊ နမ့်ဖတ်ကာတို့တွင် လမ်းများ ပိတ်ဆို့ခံထားရဆဲဖြစ်ကာ ပိတ်မိနေသော ဒေသခံများ ရှိနေကြောင်း သိရသည်။

# ရှမ်းပြည်နယ်အစိုးရပိုင် မော်တော်ယာဉ်တွင်းမှ စိတ်ကြွရူးသွပ်ဆေးများ တွေ့ရှိ

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး အသုံးပြုရန်အတွက် ထုတ်ပေးထားသည့် မော်တော်ယာဉ်အတွင်းမှ ဩဂုတ်လ ၂၅ ရက်၊ နေ့လယ် ၁၁ နာရီအချိန်ခန့်က စိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံး၏ နေအိမ်မှ ယာဉ်မောင်း ဦးရဲဝင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပေးထားသော FORTUNER မော်တော်ယာဉ်၏ အပိုဘီး တာယာအား လေဖြည့်ရန် ဖြုတ်ယူစဉ် တာယာအတွင်း၌ မူးယစ်ဆေးဝါးများ တွေ့ရှိသဖြင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ရာ မူးယစ်တပ်ဖွဲ့စု (၂၅)မှ ရဲမှူးသန်းစိုး၊ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်နိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများအားတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း ရဲအရာရှိ တစ်ဦးထံမှ သိရသည်။

ယင်း တွေ့ရှိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများမှာ စုစုပေါင်း အလေးချိန် ၆ ဒသမ ၃ ကီလို အလေးချိန်ရှိ သော ရေစိုပျက်ဆီး နေသည့် ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား အကျိုး၊ အကြေ၊ အမှုန့်များဖြစ်ကြောင်း သိရသည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိခဲ့သော မော်တော်ယာဉ်မှာ အမှုဖြင့် တရားရုံးက ဘဏ္ဍာသိမ်းပြီးနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်စွဲပါစာဖြင့် အမိန့်အရ လားရှိုးမြို့၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ရှမ်းပြည်နယ်အစိုးရသို့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် ထုတ်ပေးထားသည့် မော်တော်ယာဉ် ဖြစ်ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ တောင်ကြီးမြို့မ ရဲစခန်းတွင် အမှုဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ရှာင်တွင် ဝန်းပြည့်ကုမ္ပဏီ၏ သတ္တုတူးဖော်ခြင်း လုပ်ငန်းအား ဒေသခံများမှ ကန့်ကွက်

စိုင်းရာဇာ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ရွာင်မြို့နယ်၊ သိမ်ကုန်းကျေးရွာအတွင်း ရှိဝန်းပြည့် သတ္တုကုမ္ပဏီ၏ သတ္တုတူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံများမှ ရွာင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ ကန့်ကွက်စာ တင်ပြထားကြောင်း သိရသည်။

ရွာင်မြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု၊ သိမ်ကုန်းကျေးရွာအတွင်းရှိ ဝန်းပြည့်ကွင်းနှင့် ပိုင်ချင်းဂနိုင်ကွင်းတို့သည် သိမ်ကုန်းကျေးရွာ ဒေသခံပြည်သူများ ဘိုးဘွားစဉ်ဆက် စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေ လုပ်ငန်းများ လုပ်ကိုင် စားသောက်နေသော အဓိက လုပ်စားကွင်းများ ဖြစ်ပါကြောင်း ကန့်ကွက်စာတွင် ဖော်ပြထားသည်။

''ဝန်းပြည့် သတ္တုတူးဖော်ရေး ကုမ္ပဏီက ညအချိန်တွေမှာ သတ္တုတူးဖော်ဖို့ မိုင်းခွဲတာတွေ လုပ်ဆောင်ခဲ့တဲ့အတွက် ကျေးရွာမှာ အဓိကထားသုံးစွဲတဲ့ ရေလှောင်ကန်တွေ ကွဲအက်ပျက်စီးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်က ဒေသခံတွေ ကန့်ကွက်ခဲ့တဲ့အတွက် တူးဖော်မှု ရပ်နားခဲ့တယ်။ ၂၀၁၉ ခုနှစ်၊ ဧပြီလထဲမှာ သတ္တုတူးဖော်ဖို့ ပြန်လည် ပြင်ဆင်လာတဲ့အခါ ကျေးရွာသူ/သားတွေကို အသိ မပေးဘဲ သတ္တုတူးဖော်ဖို့အတွက် လုပ်ခဲ့ပါတယ်။''ဟု သိမ်ကုန်းကျေးရွာနေ ဦးသာအေးက ပြောဆိုခဲ့သည်။

သိမ်ကုန်းကျေးရွာ (အနောက်ကုန်း)၊ မဟာဗောဓိအောင်မြေ ဘုန်းကြီးကျောင်း၌ ဝန်းပြည့်သတ္တုတူးဖော်ရေးကုမ္ပဏီမှ သတ္တုတူးဖော်ခြင်းနှင့် ပတ်သက်၍ ဩဂုတ်လ ၁၅ ရက်က မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံများ တွေ့ဆုံပွဲ ပြုလုပ်ရာ အဆိုပါ တွေ့ဆုံပွဲတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းစိုးက နိုင်ငံတော်မှ ဒေသခံ ပြည်သူများအတွက် တစ်နိုင်တစ်ပိုင် သတ္တု တူးဖော်ခြင်းအတွက် လုပ်ကွက်များ ချထားပေးလျက်ရှိကြောင်း၊ ကျေးရွာသူ/ ကျေးရွာသားများအနေဖြင့် ကုမ္ပဏီများ လာရောက်တူးဖော်ခြင်း မပြုစေလိုလျှင် ကျေးရွာသားများ စုပေါင်း၍ တစ်နိုင်တစ်ပိုင် လုပ်ကွက်များ လျှောက်ထားလုပ်ကိုင်စေလိုကြောင်း၊ သို့မှသာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု နိုင်မည်ဖြစ်ပြီး သတ္တု မတူးဖော်လိုလျှင်လည်း ဒေသအစုအဖွဲ့ပိုင် သစ်တောအဖြစ် လျှောက်ထားနိုင်ကြောင်း ပြောဆိုခဲ့သည်ဟု သိရသည်။

ဝန်းပြည့်ကုမ္ပဏီသည် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း၊ ယာယီအဆောက်အဦများ ဆောက်လုပ်ခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သော လျှပ်စစ်ကြိုးများ သွယ်တန်းခြင်း စသည့်လုပ်ငန်းများကို ကျူးကျော်လုပ်ကိုင်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အရေးယူဆောင်ရွက်ပေးနိုင်ရန် ကျေးရွာသား၊ သူများမှ ရွာင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ တိုင်ကြားထားကြောင်း သိရသည်။

ထို့အပြင် ဩဂုတ်လ ၈ ရက်၊ မွန်းလွဲပိုင်းတွင် ဝန်းပြည့်သတ္တုတူးဖော်ရေးကုမ္ပဏီကို ကန့်ကွက်သည့် အနေဖြင့် ဒေသခံလူထု အင်အား ၃၀၀ ခန့်မှ ကျေးရွာလူထု အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ရပ်ရွာပိုင် သစ်တောဇရိယာ သတ်မှတ်ခြင်း၊ ကျေးရွာပိုင် စိုက်ခင်းသတ်မှတ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ဩဂုတ်လ ၂၂ ရက်က ဝန်းပြည့် သတ္တု တူးဖော်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးဦးက ကုမ္ပဏီလုပ်ကွက်အတွင်း ဝင်ရောက်၍ ယာယီတဲများအား မီးရှို့ဖျက်ဆီးသူ သိမ်ကုန်းကျေးရွာနေ ဖိုးသားငယ်၊ မလွင်မာအေး၊ ပီကင်း၊ သာအေး၊ မမီးလေး၊ မအိပြုံး၊ မခင်လှိုင်၊ မလဲ့လဲ့ဝင်း တို့အား အရေးယူပေးရန် ရွာင်မြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းရာ ရွာင်မြို့မရဲစခန်းမှ (ပ)၈၈/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၄၃၉/၄၂၇/၅၀၆/၄၄၇ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

❐

# Miss Myanmar International 2019 Winner ဆုရှင် အလှမယ် ခင်ဥမ္မာမြင့်နှင့် ဆက်သွယ် မေးမြန်းခြင်း

❒ စုလှိုင် ဆက်သွယ် မေးမြန်းသည်။

Miss Myanmar International 2019 ပြိုင်ပွဲကို ပြီးခဲ့သည့် ဩဂုတ်လ ၁၄ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ရာ အဆိုပါ ပြိုင်ပွဲတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့မှ အလှမယ် ခင်ဥမ္မာမြင့်က Winner ဆုနှင့် Miss Congeniality ဆုတို့ကို ရရှိခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲတွင် Winner ဆု ရခဲ့သော အလှမယ် ခင်ဥမ္မာမြင့်သည် လာမည့်နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်မည့် Miss International 2019 တွင် သွားရောက် ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

သူမ၏ အနုပညာလှုပ်ရှားမှုများ၊ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ဆက်သွယ် မေးမြန်းခဲ့ပါသည်။

**ကမ္ဘောဇတိုင်း။** အရင်ဆုံး နာမည်အရင်းနဲ့ ညီမရဲ့ အကြောင်းကို နည်းနည်းမိတ်ဆက်ပေးပါဦး။

**ခင်ဥမ္မာမြင့်။** ညီမနာမည်အရင်းက ခင်ဥမ္မာမြင့် ပါပဲ။ အသက်ကတော့ ၂၃ နှစ်ပါ။ အောင်ပန်းမြို့မှာ နေပါတယ်။ လူမျိုးကတော့ တောင်ရိုး၊ ဓနု ကပြားပါ။ Law နဲ့ ကျောင်းပြီးထားပါတယ်။

**ကမ္ဘောဇတိုင်း။** ပြိုင်ပွဲ ဝင်ပြိုင်ဖြစ်တဲ့ ရည်ရွယ်ချက်နဲ့ ဝင်ပြိုင်ဖြစ်ခဲ့ပုံလေးကို ပြောပြပေးပါဦး။

**ခင်ဥမ္မာမြင့်။** ညီမ အိပ်မက်တွေကို အကောင်အထည်ဖော်ချင်လို့ ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်ခဲ့တာပါ။ ပြီးတော့ Entertainment ကလည်း Supporting ပေးတယ်ကြားတော့ ကိုယ့်ရဲ့ အိပ်မက်တွေကို လမ်းစပေးလိမ့်မယ် ဆိုပြီးတော့ ဝင်ပြိုင်ခဲ့တာပါ။ ညီမရဲ့ အစ်ကိုကလည်း ညီမရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဆိုပြီး supporting ပေးတဲ့အတွက် ဝင်ပြိုင်ဖြစ်ခဲ့တာပါ။

**ကမ္ဘောဇတိုင်း။** ပြိုင်ပွဲတွေ ဘယ်နှပွဲလောက် ဝင်ပြိုင်ဖူးပါသလဲ။

**ခင်ဥမ္မာမြင့်။** ရန်ကုန်မှာတော့ ၂ ပွဲပဲ ပြိုင်ဖူးပါတယ်။ Miss Ethnic ရယ် Miss International Myanmar ရယ် ၂ ပွဲပါပဲ။ နယ်မှတော့ မယ်ပြိုင်ပွဲတွေ၊ သင်္ကြန်မယ်၊ ပြည်ထောင်စုမယ်တွေ ပြိုင်ဖူးပါတယ်။ နယ်မှာတော့ 1st Runner Up, 2nd Runner Up wdkY, Smile ဆုတို့လောက်ပဲ ရခဲ့ဖူးပါတယ်။ အရင်ပြိုင်ပွဲတွေက Top 10 လောက်အထိပဲ ပါဖူးတယ်။ ဆုတော့မရဖူးဘူး။ ဒီပွဲက Crown နဲ့ Congeniality ဆုကို ပထမဆုံး ရဖူးတာပါ။

**ကမ္ဘောဇတိုင်း။** Winner ဆုကို ရရှိခဲ့တဲ့အတွက် ခံစားချက်လေးကို ဝေမျှပေးပါဦး။

**ခင်ဥမ္မာမြင့်။** Crown ရမယ်လို့ ကိုယ့်ဟာကို မထင်ထားဘူး။ ရတဲ့အချိန်မှာ အရမ်းကို အံ့ဩဝမ်းသာခဲ့ရတယ်။ အိပ်မက်လား၊ တကယ်လား ကိုယ့်ကိုယ် ဝေခွဲမရဘူး။ အဲဒီအချိန်မှာ ပျော်ဖို့တောင် သတိမေ့သွားတယ်။ အရမ်းပျော်ခဲ့ရပါတယ်။ ကိုယ့်ကိုယ်ကို ပိုပြီးကြိုးစားရမယ် ဆိုတဲ့စိတ်လည်း ရှိခဲ့ပါတယ်။ ပျော်တယ်ဆိုတာထက် မြန်မာနိုင်ငံ ကိုယ်စားပြုဖြစ်တဲ့အတွက် ကြိုးစားရမယ်ဆိုတဲ့စိတ် ရှိခဲ့ပါတယ်။

**ကမ္ဘောဇတိုင်း။** အနုပညာလောကထဲကို ဝင်ရောက်သွားရင် တွေ့ကြုံရမယ့် အခက်အခဲတွေကို ဘယ်လိုရင်ဆိုင် ကျော်ဖြတ်မယ်လို့ စိတ်ကူးထားပါသလဲ။

**ခင်ဥမ္မာမြင့်။** အဓိကကတော့ စိတ်ပဲထင်ပါတယ်။ ညီမက အရမ်းယုံလွယ်တယ်။ အရမ်းနားယောင် လွယ်တယ်။ ဒါပေမဲ့ အခုချိန်မှာတော့ နားယောင်ဖို့ဆိုတာထက် ကိုယ့်ကိုယ်ကို ကြိုးစားဖို့က ပိုအရေးကြီးတယ်။ အတိုက်အခိုက်တွေလည်း များလာမှာပေါ့။ အဲဒီအတွက် အကောင်းဆုံး ကြိုးစားသွားမှာပါ။ ကိုယ်လုပ်စရာရှိတာကို အကောင်းဆုံး ကြိုးစားသွားမှာပါ။

**ကမ္ဘောဇတိုင်း။** စိုက်ပျိုးရေး ကြော်ငြာတစ်ခုမှာ တွေ့ဖူးတယ်။ ဘယ်လို ရိုက်ဖြစ်တယ်ဆိုတာ ပြောပြပေးပါဦး။

**ခင်ဥမ္မာမြင့်။** မြန်မာ့ဩဘာ ကြော်ငြာပါ။ အစ်ကိုရဲ့ သူငယ်ချင်းက မြန်မာ့ဩဘာမှာ အလုပ် လုပ်တော့ ရိုက်မလားလို့ ကမ်းလှမ်းလာတဲ့အတွက် ရိုက်ဖြစ်သွားတာပါ။ ကိုယ်လည်း ဝါသနာပါနေတော့ ရိုက်ဖြစ်တာပါ။

**ကမ္ဘောဇတိုင်း။** အခုလက်ရှိ အနုပညာ လှုပ်ရှားမှုအနေနဲ့ ဘာတွေ လုပ်ဖြစ်နေတယ်ဆိုတာ ပြောပြပေးပါဦး။

**ခင်ဥမ္မာမြင့်။** အခုလက်ရှိ ညီမက Crown ရထားတဲ့အတွက် Organization တွေ၊ အဖွဲ့အစည်းတွေနဲ့ လိုက်ပြီးတော့ သွားရမှာပေါ့။ ညီမက အတွေ့အကြုံလည်း မရှိသေးတော့ သူတို့ ဘယ်လိုလုပ်မလဲ မသိသေးပါဘူး။

**ကမ္ဘောဇတိုင်း။** နောက်ထပ် ဂျပန်မှာပြိုင်ရမယ့်ပွဲက ဘယ်တော့ဖြစ်မလဲ။

**ခင်ဥမ္မာမြင့်။** ဂျပန်မှာ ပြိုင်မယ့်ပွဲက နိုဝင်ဘာလထဲမှာပါ။




**ကမ္ဘောဇတိုင်း။** အဲဒီပြိုင်ပွဲမှာလည်း ဘယ်လောက်အထိရဖို့ ရည်မှန်းထားပါသလဲ။

**ခင်ဥမ္မာမြင့်။** ညီမ အကောင်းဆုံးကြိုးစားမယ်။ ရည်မှန်းထားတာကတော့ ကိုယ့်ကြိုးစားမှုနဲ့ ကိုယ့်ကံပေါ့။ ဆုတစ်ခုတော့ ရချင်ပါတယ်။

**ကမ္ဘောဇတိုင်း။** ပြိုင်ပွဲ ဝင်ပြိုင်နေချိန်မှာ ခံစားရတဲ့ စိတ်ခံစားချက်ကို ပြောပေးပါဦး။

**ခင်ဥမ္မာမြင့်။** ပထမတော့ ဘယ်လိုပဲဖြစ်ဖြစ် အပေါင်းအသင်း၊ သူငယ်ချင်းတွေနဲ့ကိုယ်မသိတဲ့ သူတွေနဲ့ ဆက်ဆံရမှာဆိုတော့ ကိုယ်ဘယ်လိုနေထိုင်ရမလဲ၊ ဘယ်လို ပြောဆိုရမလဲဆိုတာ အရင်ဆုံး တွေးကြောက်နေတာပေါ့။ တွေ့ပြီးတဲ့ အချိန် အရမ်းလည်း ခင်ဖို့ကောင်းတယ်။ သူငယ်ချင်းလည်း အများကြီးရတယ်။ အယောက် ၂၀ ပေါ့။ အရမ်းပျော်ခဲ့ရတယ်။ ပွဲနီးတဲ့အချိန် ၅ ရက်လောက် အလိုလောက်မှာ ဒူးက accident ဖြစ်ပြီး ဆေးခန်းပြရတဲ့အထိ ဖြစ်သွားတယ်။ ဖိနပ်ချွန်နဲ့ သွားရတဲ့အချိန် အရမ်းအားငယ်သွားတယ်။ ငိုရတဲ့အထိ အရမ်းကို အားငယ်ခဲ့တယ်။ ပြိုင်ပွဲနေ့ကျရင် လုပ်နိုင်ပါ့မလား၊ ပြိုင်ပွဲနေ့ကျရင် ကိုယ်က ဖိနပ်ပေါ်မှာ ထိုင်ပြီး တခြား Miss တွေပြိုင်တာကို ထိုင်ကြည့်နေရမှာလား ဆိုပြီး ဝမ်းနည်းခဲ့တယ်။ အဲဒီအချိန်မှာ အားတင်းပြီးအကောင်းဆုံး လုပ်နိုင်ရမယ်ဆိုပြီး လုပ်ခဲ့ရတယ်။

**ကမ္ဘောဇတိုင်း။** ညီမအနေနဲ့ ဘာတွေကို ဝါသနာပါတယ်ဆိုတာ ပြောပြပေးပါဦး။

**ခင်ဥမ္မာမြင့်။** ညီမက Boxing ဝါသနာပါတယ်။ တချို့က ညီမကို ဘာလို့ အဲဒီလိုဝါသနာပါတာလဲလို့ မေးကြတယ်။ မသိဘူးလို့။ လက်ဝှေ့ပွဲတွေ TV မှာလာရင် ကြည့်ဖြစ်တယ်။ ကြမ်းကြမ်းတမ်းတမ်းကို ပိုကြိုက်တယ်။ ဓါးသိုင်းတွေလည်း ဝါသနာပါတယ်။ Challenge ပြခဲ့တာလည်း ဓါးသိုင်းနဲ့ပဲ ပြခဲ့တာပါ။ အတိုက်အခိုက်တွေ ဝါသနာပါတယ်။

**ကမ္ဘောဇတိုင်း။** ပြည်သူ့အကျိုးပြု ပရဟိတအလုပ်တွေ ဘာလုပ်သွားဖို့ ရှိပါသလဲ။

**ခင်ဥမ္မာမြင့်။** ပရဟိတအနေနဲ့ ဘယ်လိုလုပ်နေလဲဆိုတော့ အခု ညီမက နယ်မပြန်ရသေးဘူး။ အောင်ပန်းက အဖွဲ့အစည်းတွေမှာ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ဝင်ထားတယ်။ ညီမ ပြန်ပြီးရင် ပရဟိတတွေ လုပ်သွားမယ်။ လောလောဆယ်တော့ အဲဒါတစ်ခုပဲ ရှိပါသေးတယ်။ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ဆက်လုပ်သွားမှာပါ။

**ကမ္ဘောဇတိုင်း။** အနုပညာမျိုးရိုး ရှိပါလား။

**ခင်ဥမ္မာမြင့်။** မရှိပါဘူး။ ညီမတို့က အမွှာ ၂ ယောက်ပါ။ သူ့ အိမ်ထောင်မကျခင်အထိ ညီမတို့ အိပ်မက်ချင်း အတူတူပဲ။ အရမ်းကို ဝါသနာပါခဲ့တာပါ။ အမေကတော့ အနုပညာထက် စီးပွားရေးကို ပိုပြီး လုပ်စေချင်တာပေါ့။

**ကမ္ဘောဇတိုင်း။** ပြိုင်ပွဲရဲ့ အတွေ့အကြုံလေးကို ပြောပြပေးပါဦး။

**ခင်ဥမ္မာမြင့်။** ပြိုင်ပွဲရဲ့ အတွေ့အကြုံကတော့ ညီမ ကြိုးစားခဲ့ရတယ်။ ကိုယ်က ခြေထောက် မလှုပ်နိုင်ဘူးဆိုတော့ ပိုကြိုးစားခဲ့ရတယ်။ စာသင်ချိန်ဆိုလည်း ခြေထောက်နာနေပေမယ့် အောင့်အီးသည်းခံပြီး သင်ခဲ့ရတယ်။ ညီမက စကားသာ မပီတာ အရမ်း စွာတယ်။ ပြိုင်ပွဲဝင် Miss တွေကလည်း ညီမကို အရမ်းချစ်ကြတယ်။ ပျော်ခဲ့တယ်။ ကိုယ်နဲ့ နီးကပ်ပြီး

စာမျက်နှာ (၂၉) သို့ ➤ ➤ ➤




ယုံကြည်စိတ်ချတည်ဆောက်ကြ ဘိလပ်မြေမှာ ကမ္ဘောဇ

ကမ္ဘောဇ




ဘိလပ်မြေ

KBZ CEMENT

Manufactured by KBZ Industries Ltd, Email: info@kbzindustries, Ph: +959 5215060, 5215069, 5215070